
# ဝဏ္ဏဆောင်

မာယာရှင်

ချင်းဟုန်ဆီကောက်လှဲ



# ○ ကြူအောင်

မာယာရှင်

(ဒုတိယပိုင်း ဇာတ်သိမ်း)

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး
တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

---

# ပြည်သူ့သဘောထား

— ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

— နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

— နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

— ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



---

အရှေ့ဘက်တောင်စွယ်မှ နီရဲသောနေလုံးကြီး ထွက်ပြူရန် တာစူလျက်ရှိနေလေပြီ။

အမှောင်ထုသည် ပျင်းရိပျင်းတွဲဖြင့် တဖြည်းဖြည်း ဆုတ်ခွာသွားလေ၏။

မကြာမီ မိုးစင်ဇင်လင်းပေတော့မည်။

မြစိမ်းရောင်နန်းတော်ရှေ့ စိမ်းလန်းသော မြက်ခင်းပြင်တွင် မြေးအဘိုးနှစ်ယောက် မတ်မတ်ရပ်လျက်ရှိသည်။

မြစိမ်းရောင်နန်းတော်၏ အရှင်သခင် ကျင်းတိနှင့် မြေးမလေး အယောင်ဆောင် မေလင်းတို့ဖြစ်ကြသည်။

ကျင်းတိ၏လက်ထဲတွင် ဓားထစ်လက်ကိုင်ထား၏။

ဓားအရှည်မှာ တစ်ထွာနှင့် လက်လေးသစ်ခန့်သာရှိပြီး ဓားသွားမှာ ပြာလဲ့လဲ့အရောင် ယှက်သမ်းနေလေသည်။

မေလင်းသည် ကျင်းတိ၏လက်ထဲမှ ထူးခြားသောခွေးလေးကို ငေးကြည့်နေမိသည်။

ကျင်းတိက လက်ထဲမှခွေးကို ဝင့်ပြလိုက်၏။

'ဝုတ်….ဝုတ်….ဝုတ်'

လေတိုးသံနှင့်အတူ မိုးပြာရောင်အလင်းတန်းများ အဆင့်ဆင့် ပြာထွက်သွားသည်ကို တွေ့ရသည်။

'အဲဒါ နီလာခွေးလို့ခေါ်တယ် ငါ့မြေး'

တစ်သက်တစ်ခါကိုယ် မမြင်ဘူးသောခွေးဖြစ်၍ မေလင်းမှာ မျက်လုံးအဝိုင်းသားဖြင့် ငေးကြည့်နေမိ၏။

ကျင်းတိက လက်ဖြန့်လိုက်ပြီး….

'ကဲ….ငါ့မြေးဆီက မြစိမ်းရောင်ခွေး ပေးစမ်း'

သည်တော့မှ မေလင်းသတိပြန်ဝင်လာပြီး လက်ကောက်ဝတ်၌ သံမဏိနန်းကြိုးနှင့်ဆိုင်းထားသော မြစိမ်းရောင်ခွေးကို ဖြုတ်ပေးလိုက်သည်။

ကျင်းတိက မြစိမ်းရောင်ခွေးကိုလှမ်းယူကာ သူ့လက်ထဲမှ နီလာခွေးနှင့် ယှဉ်ကြည့်လိုက်သည်။



နီလာခွေးသည် မြစိမ်းရောင်ခွေးထက် လက်နှစ်လုံးခန့်ပိုရှည်သည်။

ခွေးသွားလည်း အနည်းငယ်ကောက်၏။ ခွေးသွားအရောင်မှာ ပြာလဲ့လဲ့ဖြစ်နေ၏။

မြစိမ်းရောင်ခွေးမှာမူကား စိမ်းဖန့်ဖန့်အရောင် ထွက်ပေါ်နေ၏။

ကျင်းတိသည် ခွေးနှစ်လက်ကို လက်နှစ်ဖက်စီတွင်ကိုင်ရင်း တစ်ချက်ဝှေ့ယမ်းလိုက်ရာ….

'ဂွီး….ဝုတ်….ဂုတ်….ဝုတ်'

အလင်းတန်းများ ဖြိုးခနဲပြက်ခနဲ ဝင်းထိန်သွား၏။

စိမ်းပြာရောင် အမျှင်တန်းကြီးတစ်ခုက အလင်းတန်းကြားမှ ထိုးထွက်လာသယောင် ထင်မှတ်ရသည်။

မေလင်းမှာ ခွေးကွက်ကိုကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်သွားရတော့သည်။

အကြောင်းမှာ….

ခွေးနှစ်လက်ကို ဝှေ့ယမ်းလိုက်သည်နှင့် ခွေးသွားကို မတွေ့မြင်ရတော့ဘဲ စိမ်းပြာရောင်အမျှင်တန်းကြီးကိုသာ နဂါးတစ်ကောင် ရစ်ပတ်မြူးတူးသလို မြင်တွေ့ရခြင်းကြောင့် ဖြစ်သည်။

ဤသို့ဆိုလျှင် ထိုခါးကွက်ကို မည်သို့ရင်ဆိုင်ရမည်နည်း။

ခါးသွားနှင့် ခါးရိပ်ကိုမှ မခွဲခြားနိုင်လျှင် ထိုခါးကွက်ကို ရင်မဆိုင်ခြင်းက အကောင်းဆုံး ဖြစ်ပေလိမ့်မည်။

မေလင်းသည် ခါးကွက်ကိုကြည့်ပြီး အမှန်ပင် ချော့ချမ်း သွားမိလေသည်။

ကျင်းတိက လေးနက်တည်ကြည်သော မျက်နှာထားဖြင့်....

'မေးယန်၊ ဒီခါးနှစ်လက်ရဲ့ ခါးကွက်ဟာ သိုင်းလောကမှာ ပြိုင်စံရှားပဲ၊ ဒီခါးသိုင်းကွက်ကို သင်မပေးခင် ငါ့မြေးဆီက ကတိတစ်ခုတော့ လိုချင်တယ်'

မေလင်းသည် ကျင်းတိ၏အမူအရာ လေးနက်တည်ကြည်နေ သဖြင့် သူမ သင်ယူရမည့် ခါးသိုင်းကွက်သည် ပေါ့ပေါ့တန်တန် မဟုတ်ကြောင်း နားလည်လိုက်သည်။

ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွားသည်။

ကျင်းတိ ပြောသလို ပြိုင်စံရှား၊ သိုင်းပညာဖြစ်လျှင် သူမအနေ ဖြင့် သိုင်းလောက၌ လူတစ်လုံးသူတစ်လုံး ဖြစ်လာတော့မည်မှာ မလွဲဧကန်ဖြစ်သည်။

ဝမ်းသာလွန်းသဖြင့် ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ဖြစ်လာခဲ့ သည်။



'ဟုတ်ကဲ့....ပြောပါဘိုးဘိုး၊ ကျွန်မ ကတိပေးပါတယ်'

မျှာမျှာသလဲပင် ပြန်ပြောလိုက်၏။

ကျင်းတိသည် ဘာမျှပြန်မပြောဘဲ ငြိမ်နေသည်။

အတန်ကြာမှ စကားကို တစ်လုံးချင်း လေးလေးပင်ပင်ပြော လိုက်လေသည်။

'ဒီသိုင်းကွက်ကို မြစိမ်းနီလာလို့ခေါ်တယ်၊ သိုင်းကွက် စုစု ပေါင်း ကိုးကွက်ပဲရှိတယ်၊ ဒါပေမယ့် ဒီသိုင်းကွက်ကို ယှဉ်နိုင်တဲ့ လူ သိုင်းလောကမှာ မရှိသလောက်ဘဲကွ'

ကျင်းတိသည် မေလင်းကို လှမ်းကြည့်ပြီး စကားဆက်လိုက် သည်။

'ဒါကြောင့် တစ်ယောက်ယောက်ကများ ငါ့မြေးရဲ့ သိုင်း ကွက်ကို ခြောက်ကွက်အထိယှဉ်နိုင်ရင် ငါ့မြေးက သူ့ကိုညာတာ တဲ့အနေနဲ့ ခုနစ်ကွက်မြောက်သိုင်းကွက်ကို ထုတ်မသုံးဖို့ ကတိ ပေးရမယ်'

ကျင်းတိသည် လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီး....

'ဘာလို့လဲဆိုတော့ ငါ့မြေးရဲ့သိုင်းကွက် ခြောက်ကွက်အထိ ရင်ဆိုင်နိုင်တယ်ဆိုကတည်းက အဲဒီလူဟာ သိုင်းပညာကို နှစ် ပေါင်းများစွာ ဆင်းရဲဒုက္ခခံပြီး ကြိုးစားအားထုတ်လာခဲ့တယ် ဆိုတာ ထင်ရှားနေပြီ၊ ဒါကြောင့် ငါ့မြေးအနေနဲ့ သူ့ကို အခွင့်

အရေးပေးရမယ်၊ ဘယ်လိုမှတားမရတဲ့အခါကျမှ ကျန်တဲ့သိုင်းကွက် သုံးကွက်ကို ဆက်သုံးရမယ်'

ကျင်းတိသည် မေလင်းကို စေ့စေ့ကြည့်ကာ....

'ကဲ....ဘယ်လိုလဲငါ့မြေး ကတိပေးနိုင်မလား'

မေလင်းက မဆိုင်းမတွပင် ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့....ကျွန်မ ကတိပေးပါတယ်'

ကျင်းတိ ခေါင်းခါယမ်းလိုက်သည်။

'ဒီကိုလွယ်လွယ်နဲ့ ကတိမပေးနဲ့လေ၊ ဘာကြောင့်လဲ ငါ့မြေး ကတိမတည်ခဲ့ရင်ကော'

'ကျွန်မ ကတိမတည်ခဲ့ရင် ဒီဓားနှစ်လက်နဲ့ သေပါစေ'

မေလင်းက တောက်တောက်ခေါက်ကာ ကျိန်တွယ်ပြလိုက်ရာ ကျင်းတိမှာ သိတ်သိတ်ပျာပျာဖြစ်သွားပြီး....

'အို....ငါ့မြေးရယ်၊ ဘယ်လိုများ ပြောလိုက်တာလဲကွယ် ဒီလောက်အထိ ကျိန်တွယ်စရာမလိုပါဘူးကွယ့်'

ပြောရင်း ဓားနှစ်လက်ကို မေလင်းထံ လှမ်းပေးလိုက်သည်။

မေလင်းမှာ ဓားကိုလှမ်းယူလိုက်ရသော်လည်း စိတ်လှုပ်ရှားနေသဖြင့် လက်များတုန်ယင်နေသည်။



သိုင်းလောက၏ ပြိုင်စံရှားသိုင်းကွက်ကို ကျင်းတိထံမှ သင်ကြားခွင့်ရတော့မည်ဟု နားလည်လိုက်ခြင်းကြောင့် မေလင်း စိတ်အားထက်သန်စွာဖြင့် ကျင်းတိဆက်ပြောမည့်စကားကို နားစွင့်နေလိုက်လေသည်။

ကျင်းတိက ဆက်၍ပြောလိုက်၏။

'ငါ့မြေးကို တစ်လအတွင်းမှာ သိုင်းကွက် တစ်ကွက်တတ်အောင် သင်ပေးမယ်၊ ကိုးလကြာတဲ့အခါ သိုင်းကွက် ကိုးကွက်လုံး သင်ပြီးသားဖြစ်သွားမယ်၊ ဒါပေမယ့် သိုင်းကွက်ကိုးကွက်ကို အစအဆုံးပြန်လေ့ကျင့်ဖို့ သုံးလလောက် ထပ်ပြီးအချိန်ပေးရမယ်၊ ဒါကြောင့် ငါ့မြေးဟာ မြစိမ်းနီလာသိုင်းကိုးကွက်ကို တစ်နှစ်အတွင်းမှာ တတ်မြောက်သွားလိမ့်မယ်'

မေလင်းသည် စိတ်လှုပ်ရှားစွာနားထောင်ရင်း ပျာပျာသလဲ ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်....ဟုတ်ကဲ့ဘိုးဘိုး၊ ကျွန်မကြိုးစားပြီး သင်ယူပါ့မယ်'

ကျင်းတိက မြုံးမြုံးကြီးဖြင့်ခေါင်းကိုဆတ်ဆတ်ညိတ်ကာ....

'အိမ်း....အဲဒီအချိန်ကျရင် ဘိုးဘိုးလဲ ဒီမြစိမ်းရှောင်နန်းတော်ကို ငါ့မြေးလက်ထဲအပ်ပြီး အေးအေးလူလူနေတော့မယ်'

မေလင်းမှာ အံ့သြခြင်း၊ ဝမ်းသာခြင်းနှင့်အတူ ပါးစပ်လေးအဟောင်းသား ဖြစ်သွားရလေတော့၏။

မေလင်းသည် ကိုယ့်ကံကြမ္မာကို ကိုယ်မယုံကြည်နိုင်အော အံ့သြမိလေသည်။

ဖေးယန်အဖြစ် ဟန်ဆောင်လာခြင်းကြောင့် အခက်အ အကျပ်အတည်းများဖြင့် ရင်ဆိုင်ကြုံတွေ့ရလိမ့်မည်ဟု သူမ ထ မှတ်ထားမိသည်။

ကျွန်းညိုရှင်ကျင်းတီ၏ အထပ်ထပ်စစ်ဆေးမေးမြန်းမှုကို ရလိမ့်မည်ဟု ထင်မှတ်ကာ အစစအရာရာ ဟာကွက်မရှိအော ကြိုတင်ပြင်ဆင်လာခဲ့၏။

သို့သော်....

ကျွန်းညိုရှင်ကျင်းတီနှင့် ဆုံမိသည့်အခါ သူမ မျှော်လင့်ထ သလို စစ်စစ်ပေါက်ပေါက် မေးမြန်းမှုကိုမခံရဘဲ သူ၏မြေ လေးအဖြစ် အသိအမှတ်ပြုခံလိုက်ရသည်။

ယင်းအတွက်....

ကံကြမ္မာက သူမအား မျက်နှာသာပေးသည်ဟုပင် ဆိုရ လားမသိတော့ပေ။

'ဘိုးဘိုး....ဒီနေ့ပဲစပြီး သိုင်းကွက်ပြတော့မှာလားဟင်'

စိတ်လှုပ်ရှားမှုကြောင့် မေလင်း၏အသံသည်ပင် အနည်း တုန်ယင်နေသလို ရှိသည်။



ကျင်းတီက ပြုံးလိုက်ပြီး....

'ဟင်း...ဟင်း၊ ငါ့မြေးက သိပ်ပြီး ဆန္ဒစောနေတာကိုး ယ်၊ ကဲပါလေ...ဘိုးဘိုးပြပေးပါမယ်'

ကျင်းတီသည် သမီးအပေါ် တာဝန်မကျေခဲ့သမျှ မြေးမ လေးအပေါ်တွင် ပုံအောပေးရန် ဆုံးဖြတ်ထားဟန်တူ၏။

မေလင်းက ပူဆာလိုက်သည်နှင့် ချက်ချင်းပင် သိုင်းကွက် သရန် ခြေထောက်နှစ်ဖက်ကို အနေတော် ခွဲ၍ရပ်လိုက်သည်။

'ကဲ....ပထမအကွက်ကိုပြမယ်၊ လိပ်ပြာခဲပျံ့လို့ ခေါ်တယ်၊ ိမ်းချောင်ဓားကို အလယ်ကထိုးထွက်၊ ဘယ်ဘက်က နီလာ းကို အတွင်းအားနဲ့ တုန်ခါအောင်လုပ်ပြီး ဖောဒီလိုတိုက်'

ကျင်းတီသည် ဓားကိုင်ပုံ၊ တိုက်ခိုက်ပုံ လှုပ်ရှားဟန်ထားများ ကိုယ်တိုင်လုပ်ပြလိုက်၏။

'ဒီအကွက်ဟာ တစ်ကွက်တည်းဆိုပေမယ့် ပြောင်းလဲကွက် းကွက်တိတိ ရှိတယ်၊ ဖောဒီမှာကြည့်'

ပြောပြောဆိုဆိုပင် ကျင်းတီသည် ပြောင်းလဲကွက်များ ဆင့်ဆင့် ပြောင်းလဲသွားပုံကို မြင်သာ ထင်သာအောင် ည်းဖြည်း ကစားပြလိုက်သည်။

မေလင်းသည် သိုင်းကျောက်တစ်ကျောက်ကို တစ်လတိတိ သင်ယူမည်ဟု ကြားရစဉ်က သက်သက်မဲ့ အချိန်ဆွဲခြင်းသာဖြစ်မည် ထင်ခဲ့သည်။

ယခု သိုင်းကျောက်ကို မြင်တွေ့ရသည့်အခါ တစ်လအတွင်း တတ်မြောက်ရန်ပင် မလွယ်ကြောင်း နားလည်သဘောပေါက် လာလေ၏။

မည်သို့ပင်ဖြစ်စေ....

သိုင်းလောက၌ လူတစ်လုံးသူတစ်လုံး ဖြစ်ချင်နေသော မေလင်းအဖို့ မရမကသင်ယူရန် စိတ်ပိုင်းဖြတ်ထားပြီး ဖြစ် သည်။

ရာသီစက်ဝိုင်းသည် ပုံမှန်လည်ပတ်လျက်ရှိရာ နွေမိုးဆော ဥတုသုံးလီဖြတ်သန်းကာ ရာသီစက်ဝိုင်း တစ်ပတ်လည်ခဲ့ပြီ သည်။

အချိန်ကာလအားဖြင့် တစ်နှစ်တာကုန်ဆုံးခဲ့ပြီဟု ဆို မည်။

ထိုတစ်နှစ်တာအချိန်ကာလအတွင်း၌ မေလင်းသည် မြ နီလာဓားသိုင်းကို နေ့မအားညမနား အပတ်တကုတ် ဖြင့် ထန်ထန်ပင် ကြိုးစားသင်ယူ လေ့ကျင့်ခဲ့လေသည်။



သူမသည် ထိုသိုင်းကျောက်မှလွဲ၍ အခြားမည်သည့်ကိစ္စကိုမျှ စိတ်ဝင်စားခြင်း မရှိခဲ့ပေ။

အချိန်တိုင်းကို သိုင်းပညာလေ့ကျင့်ခြင်းဖြင့်သာ ကုန်လွန်စေခဲ့၏။

ထို့ကြောင့် ရာသီစက်ဝိုင်း တစ်ပတ်လည်သွားခဲ့သည်ကိုပင် သတိမမူမိဘဲ ရှိနေတော့သည်။

နွေးထွေးသော နေရောင်ခြည်များ ယှက်ဖြာကျရောက်နေသည့် တစ်ခုသောနံနက်ခင်းတွင် ဖြစ်သည်။

လေပြည် လေညှင်းကလေးများကလည်း တသုန်သုန် ဆော့မြူးတိုက်ခတ်လျက်ရှိ၏။

မေလင်းသည် ထုံးစံအတိုင်း မြစိမ်းနီလာ ဓားသိုင်းကို လေ့ကျင့်နေသည်။

ဓားနှစ်လက်မှထွက်ပေါ်လာသော ရောင်စဉ်တန်းများသည် သူမတစ်ကိုယ်လုံးအား ရစ်ပတ် လွှမ်းခြုံလျက်ရှိသည်။

ဓားရိပ်များကြောင့် လူလုံးပင်မကွဲပြားဘဲ ရှိလေသည်။

ထိုအချိန်တွင်....

ကျင်းတီသည် လက်နှစ်ဖက်နောက်ပစ်ကာ အေးဆေးစွာ လျှောက်လှမ်းလာ၏။

မျက်လုံးများကမူ ခေါ်သိုင်းလေ့ကျင့်နေသော မေလင်းထံ လှမ်းကြည့်သည်။

မေလင်းက ခေါ်ကွက်တစ်ကွက်စီမှ ပြောင်းလဲကွက်များကို အပြန်အလှန် လေ့ကျင့်လျက်ရှိရာ ခေါ်ကွက်ပေါင်း ရှစ်ဆယ့် တစ်ကွက်ဖြင့် သူမ၏ကိုယ်ကို လွှမ်းခြုံထားသ ပို ရှိနေသည်။

ကျင်းတီသည် မေလင်း လေ့ကျင့်မှုကိုကြည့်ကာ လွန်စွာ ကျေနပ်အားရ ဖြစ်သွားလေ၏။

'ဟာ....ငါ့မြေးက တယ်ဟုတ်နေပါလား၊ တစ်နှစ်အတွင်း ဒီလောက်မြန်မြန်ဆန်ဆန် တတ်လာလိမ့်မယ်တောင် မထင်ဘူး၊ ငါ့မြေးကတော့ ဘကယ့်ကို ထက်မြက်ပါပေတယ်'

ကျင်းတီက ကျေနပ်အားရစွာ ချီးကျူးလိုက်ခြင်းဖြစ်သည်၊

ကျင်းတီ၏စကားသံကြောင့်....

'ချပ်....'

မေလင်းသည် ခေါ်နှစ်လက်ကိုပူးကာ ခေါ်အိမ်ထဲသို့ ထိုး သွင်းလိုက်၏။



ထို့နောက် ကျင်းတီဘက်လှည့်ပြီး....

'ဘိုးဘိုး....သမီးလေ့ကျင့်နေတာ ဘယ့်နှယ်နေသလဲ'

ကျင်းတီက ပြုံးပြရင်း....

'ဟာ....ငါ့မြေးပဲ၊ ဘာပြောစရာလိုမှာလဲ၊ ကဲ....ငါ့မြေး၊ ဘိုးဘိုးနဲ့လိုက်ခဲ့၊ ဘိုးဘိုးရဲ့ကိုယ်ရံတော် သိုင်းသမားတွေနဲ့ မိတ်ဆက်ပေးမယ်'

ယင်းသို့ပြောပြီးနောက် ကျင်းတီသည် မေလင်း၏လက်ကို ဆွဲကာ မြစိမ်းရောင်နန်းတော်ဆီသို့ လျှောက်သွားလေတော့၏။

## မာယာချင်၏ ပထမခြေလှမ်း

မေလင်းသည် သိုင်းပညာလေ့ကျင့်နေသည့် တစ်နှစ်တ
ကာလအတွင်း မြစိမ်းရောင်နန်းတော်သို့ တစ်ကြိမ်တစ်ခါမှ
မရောက်ဖူးချေ။

သီးသန့်အဆောင်၌ နေထိုင်ကာ သိုင်းပညာများကို နေ
မအား ညမအား အပတ်တကုတ်ကြိုးစား သင်ယူလေ့ကျင့်ေ
ခဲ့သည်။

ထို့ကြောင့် မြစိမ်းရောင်နန်းတော်၏ ဧည့်ဆောင်ထဲ ဝ
ရောက်မိသည့်အခါ သူမအတွက် နေရာသစ်တစ်နေရာသို့ ရော
ရှိလာရသလို ထင်မှတ်ခံစားမိလေသည်။

ကျင်းတိသည် ဧည့်ဆောင်ထဲသို့ ဝင်ရောက်လာပြီး စား
ပေါ်ရှိ မောင်းကလေးကို တစ်ချက်ထုသိုက်သည်။

'နောင်....'



မောင်းသံထွက်ပေါ်လာပြီး တစ်ခဏအကြာမှာပင်....

သန့်မာထွားကျိုင်းသော လူလေးယောက်သည် ဧည့်ဆောင်
ထဲသို့ ရှေ့အဝင့်နောက်အဝင့် ဝင်ရောက်လာကြပြီး ကျင်းတိအား
လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပြုလိုက်ကြလေသည်။

'ဒေါ်ရှဲလက်ရွေးစင်သိုင်းသမားတွေကို ဧည့်ဆောင်မှာလာပြီး
စုဝေးခိုင်းလိုက်ပါ'

ထိုလူလေးယောက်သည် ဦးညွှတ်အရိုအသေပြုပြီး ပြန်လည်
ထွက်ခွာသွားကြကုန်၏။

သိပ်မကြာလှပါ။

ဝတ်စားဆင်ယင်မှုအမျိုးမျိုးနှင့် သိုင်းသမားဟန်ပန်ရှိသူများ
ဧည့်ခန်းဆောင်ထဲသို့ အလျှိုလျှိုရောက်ရှိလာကြကုန်တော့၏။

ကျင်းတိသည် ဧည့်ဆောင်၏တစ်ဖက်ထိပ်ရှိ နောက်မှီပါသော
ကုလားထိုင်ကြီးတစ်လုံး၌ ထိုင်နေ၏။

မေလင်းသည် ကျင်းတိ၏နံဘေး၌ မတ်တတ်ရပ်ကာ ဧည့်
ဆောင်ထဲသို့ အလျှိုလျှိုဝင်ရောက်လာကြသည့် သိုင်းသမားများ
ကို စေ့စေ့စပ်စပ်အကဲခတ်လျက်ရှိနေသည်။

ဝင်ရောက်လာကြသည့် သိုင်းသမားများသည် ဧည့်ဆောင်၏
တစ်ဖက်တစ်ချက်၌ တန်းစီချထားသော ထိုင်ခုံအသီးသီးတွင်
နေရာယူထိုင်လိုက်ကြ၏။

အားလုံး နေရာယူထိုင်ချပြီးသည့်အခါ ကျင်းတီက တစ်ချက်ဝေ့ကြည့်လိုက်ပြီး....

'ဆရာကျုံးယွင်'

ကျင်းတီ၏ခေါ်သံက ညှို့ဆောင်အားကောင်း ဟိန်းထွက်သွား၏။

လက်ဝဲဘက်ရှိ ဒုတိယထိုင်ခုံ၌ထိုင်နေသူ မတ်တတ်ထရပ်လိုက်သည်။ လက်နှစ်ဖက်ဆုပ်ပြီး....

'ရှိပါတယ်သခင်ကြီး'

ထိုသူကား ကျုံးယွင်ဆိုသူဖြစ်သည်။

ကိုယ်လုံးကိုယ်ထည် တောင့်တင်းကြံ့ခိုင်ကာ မျက်လုံးများက စူးရှတောက်ပ၏။

မျက်နှာထားတည်ကြည်ပြီး မာန်မာနရှိပုံရ၏။

မိမိ၏အရှင်သခင်ကိုပင် လိုအပ်သည်ထက်ပို၍ အောက်ကျို့လွန်းခြင်းမရှိ။

ကျင်းတီကနံဘေးရှိ မေလင်းကို ညွှန်ပြလိုက်ပြီး....

'ဆရာကျုံးယွင် ဒါ ကျုပ်ရဲ့မြေးလေး၊ နာမည်က မေးယန်တဲ့'



ကျုံးယွင်သည် စူးရှသော မျက်လုံးများဖြင့် မေလင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်၏။

ပြီးမှ ဆတ်ခနဲခေါင်းညိတ်ကာ....

'ဟုတ်ကဲ့...ကျွန်တော်မှတ်ထားပါမယ်'

ကျုံးယွင်၏ စူးရှသောအကြည့်ကြောင့် မေလင်းသည် မလုံမလဲဖြစ်ကာ ခေါင်းကလေးငုံ့ထားလိုက်၏။

နှုတ်ကမူ တီးတိုးလေသံဖြင့် ကျင်းတီကို မေးလိုက်သည်။

'ဘိုးဘိုး...သူက ဘယ်သူလဲ'

ကျင်းတီက ဂုဏ်ယူသောလေသံဖြင့်....

'သူ့နာမည် ကျုံးယွင်လေ၊ ဒီနန်းတော်မှာတော့ သူ့ရဲ့သိုင်းပညာဟာ ထိပ်တန်းအဆင့်မှာရှိတယ်၊ ဒါကြောင့် ဘိုးဘိုးရဲ့လက်ဝဲရံရာထူးနေရာကိုရထားတယ်၊ ကဲ....ငါ့မြေး သူ့ကို ဦးလေးကျုံးယွင်လို့ခေါ်ပြီး ပြန်နှုတ်ဆက်လိုက်ပါ'

ကျင်းတီ၏လေသံက ကျုံးယွင်ဆိုသူအပေါ် လွန်စွာအထင်ကြီး အားထားနေကြောင်း မေလင်း အကဲခတ်မိလိုက်သည်။

စိတ်ထဲ၌ အတော်ပင် မကျေမနပ် ဖြစ်သွားမိ၏။

ထို့ကြောင့် လုံးဝပြန်လည်နှုတ်မဆက်ဘဲ ခေါင်းမော့လျက် ခပ်တည်တည်နေလိုက်သည်။

'ဖေးယန်....ငါ့မြေး၊ ဘာဖြစ်လို့ ပြန်နှုတ်မဆက်တာလဲ၊ နှုတ်ဆက်လိုက်လေ'

မေလင်းက မထုံတက်တေးလုပ်နေသဖြင့် ကျင်းတိက အားမလို အားမရ ပြောလိုက်ခြင်းဖြစ်သည်။

အမှန်တော့....

မေလင်းသည် လွန်စွာ အကင်းပါးသူဖြစ်သည်။

မြစိမ်းနီလာခေါ်သိုင်း တတ်မြောက်သည့်အခါ မြစိမ်းရောင်နန်းတော်ကို မိမိအားလွှဲပြောင်းပေးအပ်မည်ဟု ကျင်းတိပြောခဲ့သည်ကို အမှတ်ရလာသည်။

သို့ဖြစ်ရာ ယခုကဲ့သို့ မြစိမ်းရောင်နန်းတော်၏သိုင်းသမားများ အစုံအညီရှိနေချိန်တွင် ၎င်းအပေါ် မိမိ၏သြဇာအာဏာ လွှမ်းမိုးနိုင်ရန် ကြိုးစားရမည်ဟု စိတ်ကူးပေါက်လာမိ၏။

ကျုံးယွင်သည် မြစိမ်းရောင်နန်းတော်၏ အရေးပါသော လက်ဝဲရံရာထူးကို ရရှိထားသူဖြစ်သည်။

ကျင်းတိကပင် သူ့အား တလေးတစား ဆက်ဆံရသည်ကို မေလင်း သတိထားမိသည်။



ကျင်းတိကိုယ်တိုင် အရေးထားနေသည်ဖြစ်ရာ ကျန်လူများအနေဖြင့် ဆိုဖွယ်ရာမရှိပြီ။

ထို့ကြောင့် မေလင်းသည် အခြားသူများ၏ ရိုသေလေးစားမှုကို ရရှိနိုင်ရန် ပထမဦးဆုံးအနေဖြင့် ကျုံးယွင်အပေါ် သြဇာလွှမ်းမိုးနိုင်ဖို့လိုကြောင်း ဆင်ခြင်မိသည်။

ထို့ကြောင့် ယခုကဲ့သို့အခွင့်အရေးရချိန်၌ မိမိ၏အကြံအစည်ကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်သည်။

သူမသည် နှုတ်ခမ်းလေးစူလိုက်ပြီး....

'ဟင်....ဘိုးဘိုးကလဲ၊ ဘိုးဘိုးက ဒီနန်းတော်ရဲ့ သခင်ကြီးမဟုတ်လား'

ကျင်းတိမှာ ကြောင်အမ်းအမ်းဖြစ်သွားကာ....

'အင်းလေ....အဲဒါဘာဖြစ်သလဲ'

'ဘိုးဘိုးက ဒီနန်းတော်ရဲ့သခင်ကြီးဆိုရင် ကျွန်မက သခင်မလေးပေါ့၊ အဲဒီတော့ ကျုံးယွင်ကပဲ ကျွန်မကို သခင်မလေးတစ်ယောက်အနေနဲ့ အရိုအသေပေးရမှာပေါ့'

မေလင်း၏စကားကြောင့် ညီဆောင်ထဲရှိ သိုင်းသမားများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြကုန်သည်။

ငယ်ငယ်ရွယ်ရွယ် မိန်းကလေးတစ်ယောက်၏ မောက်မာသော စကားအပေါ် မကျေမနပ်ဖြင့် တီးတိုးဝေဖန်ပြောဆိုကြကုန်၏။

အမှန်ဆိုလျှင်....

ကျုံးယွင်သည် မြစ်မင်းရောင်နန်းတော်၏ သာမညပုဂ္ဂိုလ်တစ်ဦး မဟုတ်ချေ။

သိုင်းပညာအဆင့်မြင့်ကာ ဉာဏ်အမြော်အမြင် ကြီးသူလည်းဖြစ်၏။

မြစ်မင်းရောင်နန်းတော်ကြီး ယခုကဲ့သို့ ဝင့်ထည်စွာရပ်တည်လာနိုင်ခြင်းသည် ကျုံးယွင်၏ကြိုးပမ်းအားထုတ်မှု တစ်စိတ်တစ်ပိုင်းပါသည်ကို မည်သူမျှငြင်းမရပါ။

ထို့ကြောင့်လည်း ကျင်းတိကိုယ်တိုင်က သူ့အား ဆရာကျုံးယွင်ဟူ၍ တလေးတစား ခေါ်ဝေါ်ဆက်ဆံနေခြင်း ဖြစ်သည်။

ထိုသို့သောလူတစ်ယောက်ကို နို့နံ့မစင်သေးသော မိန်းမပျိုတစ်ယောက်က မထီလေးစား ပြောဆိုဆက်ဆံလိုက်သည့်အခါ ဧည့်ဆောင်ထဲရှိ သိုင်းသမားအားလုံး အမှန်ပင် မကျေမနပ်ဖြစ်သွားကြကုန်သည်။

မကျေနပ်သော မျက်လုံးများဖြင့် မေလင်းကို လှမ်းကြည့်လိုက်ကြကုန်၏။



မေလင်းက ဘာကိုမျှအရေးစိုက်ဟန် မရှိပါ။

ယခုတစ်ကြိမ်၌ လူအများ၏ ရှိသေလေးစားမှုကို ခံနေရသော ကျုံးယွင်ကိုသာ ဦးမချိုးနိုင်ခဲ့လျှင် နောက်နောင် သူမအနေဖြင့် မည်သူ့အပေါ်တွင်မျှ သြဇာလွှမ်းမိုးနိုင်တော့မည်မဟုတ်ချေ။

ထို့ကြောင့် မျက်နှာထားတည်တည်ဖြင့် ခေါင်းကလေးမော့ကာ....

'ဘယ်လိုလဲ၊ ရှင် ကျွန်မကို သခင်မလေးတစ်ယောက်အနေနဲ့ အရိုအသေမပေးသင့်ဘူးလား'

မေလင်း၏မေးခွန်းက ပညာပါလှ၏။

ကျုံးယွင်ကို အေးကျပ်နံကျပ်ဖြစ်စေသော မေးခွန်းပင်ဖြစ်သည်။

အကယ်၍ ကျုံးယွင်ကသာ သူမအား သခင်မလေးအဖြစ် အသိအမှတ် မပြုခဲ့လျှင် ကျင်းတိကို မရိုမသေ မလေးစားရာရောက်သွားပေတော့မည်။

သခင်မလေးအဖြစ် အသိအမှတ်ပြုလိုက်ပါက သြဇာအာဏာကြီးမားသော သူ၏အနေအထားသည် ရုတ်ခြည်းဆိုသလိုလျော့ကျသွားရပေတော့မည်။

ကျုံးယွင်အဖို့ တကယ့်အေးကျပ်နံကျပ်ပင် ဖြစ်သည်။

ဧည့်ခန်းဆောင်ထဲရှိ သိုင်းသမားများသည် ကျုံးယွင် ဘယ်လို ပြန်ပြောမည်ကို စိတ်လှုပ်ရှားစွာဖြင့် နားစွင့်လျက် ရှိနေကြပေသည်။

ထိုစဉ်မှာပင် ကျုံးယွင်သည် ချောင်းတစ်ချက်ဟန့်လိုက်ပြီး....

'သခင်မလေး'

ဟု ခေါ်ကာ လက်နှစ်ဖက်ဆုပ်၍ အရိုအသေပေးလိုက်လေတော့၏။

မယုံကြည်နိုင်မှုကြောင့် အားလုံးပင် အံ့အားတသင့် ဖြစ်ကုန်ကြသည်။

ကျုံးယွင်အနေဖြင့် ဤမျှအထိ အလျှော့ပေးလိမ့်မည်ဟု မည်သူကမျှ ထင်မှတ်မထားကြပေ။

ထို့ကြောင့်လည်း ဧည့်ဆောင်ထဲရှိသိုင်းသမားများ အံ့အားသင့်ကုန်ကြခြင်း ဖြစ်ပေသည်။

သို့တိုင်အောင် မေလင်းသည် ကျေနပ်အားရပုံ မရသေးပေ။

မိမိအနေအထားကို ပို၍ခိုင်မာအောင် တစ်ဆင့်တက်လိုက်ပြန်၏။



သူမသည် လှောင်ပြုံးတစ်ချက်ပြုံးကာ....

'ဟင်း....ဟင်း၊ သခင်မလေးလို့သာ ခေါ်လိုက်ရတယ်၊ ရှင့်စိတ်ထဲမှာ အောင့်သက်သက်နဲ့ မဟုတ်လား'

သူမ၏စကားကြောင့် ကျုံးယွင်၏မျက်နှာ တင်းခနဲဖြစ်သွားသည်။

တတ်နိုင်သမျှ လိုက်လျောထားပါလျက် တမင်သက်သက် ဆန့်တက်လာခြင်းကြောင့် စိတ်တိုသွားမိ၏၊

သို့သော် ဉာဏ်အမြော်အမြင်ကြီးသူပီပီ မကျေနပ်မှုကိုမျိုသိပ်ထားလိုက်ပြီး....

'မိန်းကလေးက သခင်ကြီးရဲ့မြေးဆိုတော့ သခင်မလေးလို့ ခေါ်ရတာ အောင့်သက်သက်ဖြစ်စရာ အကြောင်းမရှိပါဘူးဗျာ'

ကျုံးယွင်က လူကြီးပီပီ သမာသမတ်ကျကျ ပြန်ပြောလိုက်သည်။

မေလင်း နှာခေါင်းရှုံ့လိုက်သည်။

'ကောင်းပြီလေ....ဒါဆို ရှိသေလေးစားတဲ့အနေနဲ့ ကျွန်မကို ဦးညွှတ်သင့်တာပေါ့'

ကျုံးယွင်၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

သည်းခံနိုင်မှု အတိုင်းအတာထက် ကျော်လွန်သွားပြီဖြစ်... သူ၏ခြေလှမ်းများက အလိုအလျောက် ရှေ့သို့လှမ်းထွက်လို... ဖြစ်သွားလေသည်။

သူသည် သိုင်းပညာ ထိပ်တန်းအဆင့်သို့ ရောက်နေရုံမျှ... အတွင်းအားလည်း လွန်စွာကောင်းသူဖြစ်ရာ ရှေ့သို့ ခြေလှ... လှမ်းလိုက်ရုံဖြင့်ပင် လွှင့်ပျံသွားသော အဝတ်အစားမှ ... တိုးသံသည် တစ်ခန်းလုံးကြားရလောက်အောင် တဖျပ်ဖျပ် ... ပေါ်လာလေ၏။

မေလင်းသည် ကျုံးယွင်ဒေါသထွက်သွားကြောင်း သိလိုက်... ရသဖြင့် ထိတ်ခနဲဖြစ်သွားကာ ယောင်ယမ်း၍ နောက်သို့ ... လှမ်းဆုတ်လိုက်မိ၏။

သို့သော် အနားတွင် ကျင်းတိတစ်ယောက်လုံး ရှိနေသည်... သတိရပြီး ဟန်ကိုယ့်ဖို့ဆိုသလိုဣန္ဒြေပြန်ဆည်လိုက်ပြီး....

'ရှင်ဒါဘာလုပ်တာလဲ'

ခပ်တည်တည် ပြန်လည်ဟိန်းဟောက်လိုက်၏။

ကျုံးယွင်က သူမအား အရေးမစိုက်ဘဲ ကျင်းတိထံချဉ်း... ကာ....



'သခင်ကြီးခင်ဗျာ....ကျွန်တော်တို့ မြစိမ်းရောင်နန်းတော်ရဲ့ ...ရေးအတွက် အတော့်ကိုစိုးရိမ်နေမိပါပြီ'

...တည်ငြိမ်အေးစက်စွာ တစ်လုံးချင်း လေးလေးပင်ပင်ပြော ...က်လေသည်။

ကျင်းတိက ဘာမျှပြန်မပြောဘဲ တုံ့ဏှိဘာဝေ လုပ်နေ ...က်သည်။

မေလင်းက ကျင်းတိအနားတိုးကပ်ကာ ကျုံးယွင်ကို စိုက် ...ကြည့်လိုက်၏။

'ရှင် ဘာပြောတာလဲ၊ ရှင့်ကိုယ်ရှင် မြစိမ်းရောင်နန်းတော် ...သိပ်အရေးပါတဲ့ လူတစ်ယောက်လို့ထင်နေသလား၊ ဒီမှာ ...လိုလူမျိုးမရှိလဲ ဘာမှမဖြစ်ဘူးဆိုတာ မှတ်ထားပါ'

မေလင်း၏စကားက ရင့်သီးလွန်းလှ၏။

မည်သို့မျှ သည်းခံနိုင်ဖွယ်မရှိသော အပြောအဆိုပင် ဖြစ် ...သည်။

သို့တိုင်အောင် ကျုံးယွင်သည် ကျင်းတိ၏မျက်နှာကိုထောက် ...ားပြီး သည်းခံလိုက်ဟန်တူသည်။

မေလင်းကို စူးစူးစိုက်စိုက် တစ်ချက်မျှသာကြည့်ပြီး ကျင်းတိ ...က်လှည့်လိုက်သည်။

'သခင်ကြီး....ကျွန်တော် ဒီနန်းတော်မှာ နှစ်ပေါင်းများစွ
ကြာအောင် လုပ်ခဲ့ပြီးပါပြီ၊ ခုတော့ ကျွန်တော့်ထက်ပို
လုပ်ရည်ကိုင်ရည်ရှိတဲ့လူ ရောက်လာပြီမို့ ကျွန်တော့်ကို ခွ
ထွက်ခွာခွင့်ပြုပါ'

ကျင်းတီမှာ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိအောင်ဖြ
သွား၏။

အတန်ကြာမှ ဟက်ခနဲရယ်ကာ....

'ဆရာကျုံးယွင်....ဖေးယန်ကငယ်သေးတာမို့ စကားမပြေ
တာတွေကို သည်းခံပါ၊ ကျုပ်ရဲ့သဘောကတော့ ခင်ဗျား
နှစ်ယောက် ဘယ်သူက သိုင်းပညာပိုသာတယ်ဆိုတာ ရှင်းရှ
လင်းလင်းဖြစ်သွားအောင် ယှဉ်ပြိုင်စေချင်တယ်လေ'

ကျင်းတီထံမှ မျှော်လင့်မထားသော စကားကြောင့် ခန်း
ထဲရှိ သိုင်းသမားများအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွာ
ကုန်လေသည်။

❁

ကျုံးယွင်သည် ထိပ်တန်းသိုင်းသမားတစ်ဦး ဖြစ်၏။

မြစိမ်းရောင်နန်းတော်တွင် ကျင်းတီပြီးလျှင် သူ၏ သိ
ပညာသည် အမြင့်ဆုံးဟုဆိုနိုင်သည်။



မြစိမ်းရောင်သိုင်းသမားများထဲ၌ သူ့အား ယှဉ်နိုင်သူမရှိသေးပေ။

ကျုံးယွင်၏သိုင်းပညာအဆင့် မည်မျှမြင့်မားသည်ကို ကျင်းတီကိုယ်တိုင် နားလည်သိရှိထားသည်။

သို့ပါလျက်....

ကျင်းတီသည် သူ၏မြေးမလေးနှင့် ကျုံးယွင်ကို ယှဉ်ပြိုင်စေခြင်းမှာ လွန်စွာအံ့သြဖွယ်ရာ ကောင်းနေတော့၏။

မေလင်းသည် မြစိမ်းရောင်နန်းတော်၌ သူမ၏ဘြဇာအာဏာ လူထောင်ရန်ဆုံးဖြတ်ထားပြီးဖြစ်ရာ ယခုကဲ့သို့ အခွင့်အရေးရချိန်၌ ကျင်းတီအားကိုးဖြင့် ကျုံးယွင်အား ဦးချိုးနေခြင်းဖြစ်သည်၊

မိမိ၏အသက်အန္တရာယ်ဖြစ်လောက်သည်အထိ ကျင်းတီအနေဖြင့် လက်ပိုက်ကြည့်နေမည်မဟုတ်ကြောင်း ယုံကြည်ထားသည်။

ထို့ကြောင့်....

'ရှင် ကျွန်မနဲ့ယှဉ်ပြိုင်ရဲရဲ့လား'

မေလင်းက မထီလေးစားဖြင့် ကျုံးယွင်ကို လှမ်းမေးလိုက်သည်၊

ညှို့ဆောင်ထဲရှိ သိုင်းသမားများသည် မေလင်း၏မောက်မာမှုကို မြင်တွေ့ရသည့်အခါ မခံမရပ်နိုင်အောင် ဖြစ်ကုန်ကြ၏။

မေလင်းကို ထရံစိန်ခေါ်ပြီး ဆုံးမချင်စိတ်ပင် ပေါက်လာကြသည်။

သို့သော် မိမိတို့ဝင်ရောက်စွက်ဖက်သင့်သည့် ကိစ္စမဟုတ်မှန်း သိသဖြင့် မကျေမနပ်ဖြင့် အသာငြိမ်နေလိုက်ကြရလေသည်။

ကျုံးယွင်ကမူ မည်သည့်ခံစားချက်မျှမရှိဟန်ဖြင့် အေးစက်တည်ငြိမ်လျ၏။

သူသည် မေလင်းကို လုံးဝမကြည့်ဘဲ ကျင်းတိအား....

'ကျွန်တော် မယှဉ်ပြိုင်ဝံ့ပါဘူးခင်ဗျာ'

မေလင်း၏ ရန်စမှုကို သည်းခံရှောင်လွှဲလိုက်ခြင်း ဖြစ်သည်၊

သို့ရာတွင် သူ ထင်မှတ်ထားသလို အလျှော့ပေး၍ဖြင့် ထိုကိစ္စက ပြီးပြတ်မသွားချေ။

ကျင်းတိက သူ့အား ပြုံးပြလိုက်ပြီး....

'သိုင်းပညာချင်း ယှဉ်ပြိုင်တာပဲ၊ ဘာလို့မယှဉ်ပြိုင်ဝံ့ရမှာလဲ၊ ဘာလဲ ကျုပ်မြေးဘက်က ကျုပ်ဝင်ကူမယ်ထင်လို့လား၊ စိတ်ချ... ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ၊ ကျုပ်မြေးဘက်က ကျုပ် ဝင်မကူပါဘူး၊ စိတ်ရှင်းရှင်းနဲ့ ရဲရဲသာပြိုင်ပါ'



ကျင်းတိသည် ဘာကြောင့်များ သူ့ မြေးမလေးနှင့် ယှဉ်ပြိုင်စေချင်သည်ကို ကျုံးယွင် နားမလည်နိုင်အောင် ဖြစ်သွားရလေသည်။

'ယောကျ်ားပီပီ ယှဉ်ရဲလဲယှဉ်ပေါ့၊ မယှဉ်ရဲရင် အရှုံးပေးပါတယ်လို့ ဝန်ခံပေါ့'

မေလင်းက ကျင်းတိအားကိုးနှင့် ခပ်ဝင့်ဝင့်ပြောလိုက်သည်။

ကျုံးယွင် သက်ပြင်းမျှင်းမျှင်းချလိုက်၏။

သူ့ အနေဖြင့် ရင်ဆိုင်ယှဉ်ပြိုင်ရုံမှတစ်ပါး အခြား ရွေးချယ်စရာမရှိပြီ။

နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ဤမြစိမ်းဆောင်နန်းတော်မှ မလွဲမသွေ ထွက်ခွာရတော့မည်ဖြစ်ကြောင်း နားလည်သဘောပေါက်လိုက်ပြီဖြစ်သည်။

သူသည် ကျင်းတိအား လက်နှစ်ဖက်ဆုပ်၍ အရိုအသေပြုလိုက်ပြီး ခန်းမဆောင်အလယ်ဗဟိုသို့ တည်ငြိမ်စွာ လျှောက်သွားသည်။

ပြီးမှ မေလင်းကိုလှမ်းကြည့်ကာ....

'ကိုင်း...သခင်မလေးရဲ့ဆန္ဒအတိုင်း ယှဉ်ပြိုင်ချင်တယ်ဆိုရင် ယှဉ်ပြိုင်နိုင်ပါပြီ'

တကယ် ယှဉ်ပြိုင်ရတော့မည်ဆိုသောအခါ မေလင်းအနည်းငယ် တုံ့ဆိုင်းသွား၏။

သို့သော် မိမိ၏ သိုင်းပညာအဆင့် မည်မျှရှိသည်ကိုလည်း လက်တွေ့စမ်းသပ်လိုသည်။

ထို့ကြောင့် ကိုယ့်ကိုကိုယ် ရဲဆေးတင်ကာ ကျုံးယွင်ရှိရာသို့ တစ်လှမ်းချင်း လျှောက်လှမ်းသွားလေတော့၏။

❀

မေလင်းသည် မြစိမ်းရောင်နန်းတော်သို့ ရောက်ရှိပြီး တစ်နှစ်တာ ကာလအတွင်းမှာပင် ကျင်းတိထံမှ သိုင်းပညာရပ်အတော်များများကို ရရှိခဲ့သည်။

သိုင်းလောကနှင့် ပတ်သက်သည့် ဗဟုသုတအတော်များများကို ရရှိထားခဲ့သည်။

ကိုမျှမက သိုင်းလောကတွင် ပြိုင်စံရှားသည့် မြစိမ်းနီလာဓား သိုင်းကိုပါ လေ့ကျင့်တတ်မြောက်ထားခဲ့ပြီ ဖြစ်သည်။



ထို့ကြောင့် သူမ၏သိုင်းပညာအဆင့်သည် ထိပ်တန်းအဆင့်၌ ရှိနေပြီဟု ဆိုနိုင်ပေသည်။

သို့ရာတွင် ကျုံးယွင်၏အသင့်ပြင်ထားသော သိုင်းကွက်အနေအထားကို တွေ့မြင်လိုက်ရသည့်အခါ မေလင်း အနည်းငယ် ရင်ထိတ်သွား၏။

ကျုံးယွင်၏ သိုင်းပညာသည် လွန်စွာ နက်ရှိုင်းနေပြီဖြစ်ကြောင်း နားလည်လိုက်သောကြောင့် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ....

မိမိအနေဖြင့် ရန်စစိန်ခေါ်ထားပြီဖြစ်ရာ နောက်ဆုတ်၍ မရတော့ချေ။

နိုင်နိုင်ရှုံးရှုံး ရင်ဆိုင်ရုံမှတစ်ပါး အခြားမရှိပြီ။

ဧည့်ခန်းဆောင်တစ်ခုလုံး အပ်ကျသံပင်ကြားရမတတ် တိတ်ဆိတ်နေသည်။

မြောက်မြားစွာသော မျက်လုံးများသည် ဧည့်ခန်းဆောင်၏ အလယ်ဗဟိုရှိ ကျုံးယွင်နှင့် မေလင်းတို့ထံ စူးစိုက်ကျရောက်လျက်ရှိသည်။

သူတို့နှစ်ယောက်သည် ယှဉ်ပြိုင်ရန် အသင့်အနေအထားဖြင့် မျက်နှာချင်းဆိုင်ရပ်နေကြ၏။

ထိုနှစ်ယောက်အနက်....

တစ်ယောက်သည် တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ပြီး တစ်ကြိမ်တစ်ခါမျှ ရှုံးပွဲမရှိသေးသည့် မြစိမ်းရောင်နန်းတော်၏ သမ္မာရင့်လက်ဝဲရံဖြစ်သည်။

ကျန်တစ်ယောက်ကား....

နို့နံ့ပင်မစင်သေးဟုဆိုနိုင်သော တိုက်ပွဲအတွေ့အကြုံ လုံးဝမရှိသေးသည့် လှန်စွာနုံနယ်သော မိန်းမပျိုလေးတစ်ယောက်ဖြစ်သည်။

သို့သော် သူမအား ကျင်းတိကိုယ်တိုင် သိုင်းပညာရပ်များ လက်ထပ်သင်ကြားပေးထားခဲ့၏။

ဆရာစားမချန် အိတ်သွန်ဖာမှောက် သင်ကြားပေးထားခဲ့ခြင်း ဖြစ်သည်။

သို့ဖြစ်ရာ သူမ၏သိုင်းပညာသည်လည်း အဆင့်နိမ့်မည်မဟုတ်ချေ။

မည်သို့ပင်ဖြစ်စေ....

မေလင်းသည် သူမ ရင်ဆိုင်ရမည့်လူမှာ ထိတ်ထိတ်ကြဲသိုင်းသမားဖြစ်ကြောင်း သိလိုက်ရသဖြင့် အနည်းငယ်စိုးရိမ်ထိတ်လန့်စိတ် ဝင်ရောက်လာမိလေသည်။



အားကိုးတကြီးဖြင့် ကျင်းတိကို လှမ်းကြည့်မိ၏။

ကျင်းတိကလည်း သူမ၏စိုးရိမ်စိတ်ကို နားလည် အကဲခတ်မိသည်။

သို့သော် ပြောင်ပြောင်တင်းတင်း ကူညီရန် မည်သို့မျှမဖြစ်နိုင်ချေ။

ထို့ကြောင့် မေလင်း၏ခါး၌ချိတ်ထားသည့် ဓားနှစ်လက်ကို အဓိပ္ပာယ်ပါပါ လှမ်းကြည့်လိုက်၏။

မြစိမ်းနီလာဓားသိုင်းကို အသုံးပြုရန် ညွှန်ကြားလိုက်ခြင်း ဖြစ်သည်။

လှန်စွာအတင်းပါးလှသော မေလင်းသည် ကျင်းတိဆိုလိုသည်ကို ချက်ချင်းပင် နားလည်သဘောပေါက်လိုက်လေ၏။

ရုတ်ခြည်းဆိုသလို မြစိမ်းနီလာဓားနှစ်ခွကို ထုတ်လိုက်ပြီး....

'ကဲ....ဘယ်လိုလဲ၊ ကျွန်မကပဲစရမလား'

သူမကပင်စ၍ စိန်ခေါ်လိုက်၏။

ကျုံးယွင်ကမူ အေးဆေးတည်ငြိမ်စွာဖြင့်....

'သခင်မလေး သဘောအတိုင်းပါပဲ'

မေလင်းက နှုတ်ခမ်းတွန့်၍ တစ်ချက်ပြုံးလိုက်ပြီး....

'ကောင်းပြီလေ၊ ကဲ... သတိသာထားပေတော့'

ပြောရင်း လက်နှစ်ဖက်ကို ဝှေ့ယမ်းလိုက်သည်။

'ဝှီး....'

'ဝှစ်....ဝှစ်....ဝှစ်'

လေတိုးသံနှင့်အတူ စိမ်းပြာရောင်အလင်းတန်းများတစ်ခုနှင့် တစ်ခု ယှက်နွယ်ဖြာထွက်လာလေသည်။

ကျုံးယွင်သည် မေလင်းက ဓားတိုနှစ်လက်ကို အသုံးပြုလိမ့်မည်ဟု ထင်မှတ်မထားခဲ့ပါ။

မေလင်းက ရုတ်တရက် ဓားနှစ်လက်ထုတ်ပြီး တိုက်ခိုက်လာသည့်အခါ သူ့အနေဖြင့် လက်ချည်းသက်သက် ရင်ဆိုင်တိုက်ခိုက်ရန် မဖြစ်နိုင်တော့ချေ။

ထို့ပြင် မေလင်း၏ဓားကွက်များက ဆန်းကြယ်နေသဖြင့် ချက်ချင်း ပြန်လည်တုံ့ပြန်ရန် မလွယ်ချေ။

သို့ဖြစ်ရာ မေလင်း၏ဓားကွက် အနေအထားကို လေ့လာနိုင်ရန် နောက်ဆုတ် ရှောင်တိမ်းပေးလိုက်၏။



ဤသည်ကပင် သူ့အတွက် မဟာအမှားကြီး ဖြစ်သွားရလေတော့သည်။

မြစိမ်းနီလာဓားကွက်ကား ကျင်းတိ၏ ကိုယ်ပိုင်ဓားကွက် ဖြစ်သည်။

သူ၏တစ်သက်တာ အချိန်ယူ၍ တီထွင်ခဲ့သော ဓားကွက်ဟုလည်း ဆိုနိုင်ပေသည်။

ထိုဓားကွက်ကို ပထမဆုံးလက်ဆင့်ကမ်း အမွေဆက်ခံခွင့်ရရှိသွားသူမှာ သူ၏မြေးအဖြစ် ဟန်ဆောင် ရောက်ရှိလာသော မေလင်းပင် ဖြစ်ပေသည်။

မြစိမ်းရောင်နန်းတော်သားများပင် ထိုဓားကွက်ကို မြင်ဖူးကြခြင်း မရှိသေးပါ။

ထို့အတူ မေလင်းအား ထိုဓားသိုင်းကွက် သင်ကြားပေးထားသည်ကိုလည်း မသိရှိကြပေ။

သို့ဖြစ်ရာ မေလင်းက ထိုဓားသိုင်းကွက်ကို ထုတ်သုံးလိုက်သည့်အခါ ကျုံးယွင်မှာ ကြောင်အမ်းအမ်း ဖြစ်သွား၏။

တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်နေပါလျက် မေလင်းထုတ်သုံးလိုက်သည့် ဓားသိုင်းကွက်ကို သူမမြင်ဘူးချေ။

အသစ်အဆန်းသဖွယ် ဖြစ်နေ၏။

ထို့ကြောင့် ဓားကွက်အသွားအလာကို လေ့လာနိုင်ရန် နောက်ဆုတ် ရှောင်တိမ်းလိုက်သည်။

ဤသည်ကပင် သူ့အတွက် အမှားကြီး မှားသွားရပေတော့သည်။

စင်စစ်....

ထိုဓားသိုင်းကွက်သည် စတင် အသုံးပြုလိုက်သည်နှင့် လှိုင်းလုံးကြီးများ ဆင့်ကဲဆင့်ကဲ ရိုက်ခတ်သလို တစ်ကွက်နှင့်တစ်ကွက်အကြား အသက်ရှူချိန်ပင် မရနိုင်အောင် ဆက်တိုက်ထိုးနှက် ဝင်ရောက်သွား၏။

ဓားချက်များသည် ရန်သူ၏ဝဲယာနှင့် နောက်ဘက်ကို လွှမ်းမိုးလျက်ရှိသည်။

ဤဓားချက်ကို ရှောင်တိမ်းရန်မှာ နည်းလမ်းတစ်ခုတည်းသာ ရှိပေသည်။

ယင်းမှာ ရှေ့သို့ရဲရဲကြီး တိုးဝင်လိုက်ရန်သာ ဖြစ်သည်၊



သို့သော်....

ဓားချက်တိုင်းက ရှေ့တည့်တည့်မှ တိုးဝင်လာမည်ဟု ထင်မှတ်ရသဖြင့် မည်သူကမျှ ရှေ့သို့ရဲရဲကြီး တိုးဝင်ရဲကြမည်မဟုတ်။

ရှေ့သို့တိုးဝင်ခြင်းသည် ကိုယ့်သေတွင်းကိုယ်တူးသည်ဟုသာ ထင်မှတ်ကြမည်ဖြစ်၏။

ဤသည်ကား မြစိမ်းနီလာ ဓားသိုင်း၏ ထူးခြားချက်ပင် ဖြစ်ပေတော့၏။

တစ်နည်းအားဖြင့် ဤဓားသိုင်း၏ ဟာကွက်ကို ရန်သူမရိပ်မိအောင် ပညာသားပါပါဖြင့် လှည့်စားထားခြင်းသာ ဖြစ်ပေသည်။

ထိုလှည့်ကွက်ကို အတွေ့အကြုံရင့်ကျက်သော ကျူးယွင်ပင် မရိပ်စားမိချေ။

ထို့ကြောင့် ဓားချက်ကိုရှောင်ရန် နောက်ဆုတ်လိုက်မိခြင်း ဖြစ်သည်။

ဤတွင် မေလင်းက ဒုတိယဓားကွက်ဖြစ်သော သက်တံ့ရောင်စဉ် သိုင်းကွက်ကို ဆက်လက်ဖော်ထုတ်လိုက်ရာ ဓားပေါင်းများစွာသည် အရပ်လေးမျက်နှာမှ စုပြုံတိုးဝှေ့လာသလို ဓားရိပ်များ လွှမ်းခြုံလာလေသည်၊

ကျုံးယွင် ထိတ်ခနဲဖြစ်သွား၏။

လှုပ်ရှားမှုလည်း တခဏ်မျှ တုံ့ခနဲရပ်ဆိုင်းသွားသည်။

ယင်းအခိုက်အတန့်ကလေးမှာပင် သူ၏ဘယ်ညာ ပခုံးနှစ်ဖက်၌ ပူခနဲဖြစ်သွားသလို ခံစားလိုက်ရလေသည်။

ဓားရိပ်များ ရုတ်တရက်ပြန့်လည် ပျောက်ကွယ်သွား၏။

မေလင်းက ဓားနှစ်လက်ကို ဓားအိမ်ထဲချုပ်ခနဲ ပြန်ထည့်လိုက်၏။

ကျုံးယွင် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သို့သော် တစ်ခဏအတွင်းမှာပင် သူ့ကိုယ်သူ နားလည်သဘောပေါက်သွား၏။

သူ၏ပခုံးနှစ်ဖက်၌ ဒဏ်ရာပြင်းထန်စွာ ရရှိသွားပြီ မဟုတ်ပါလား။

'ဝုန်း....'

ယိမ်းယိုင်သွားသော ခန္ဓာကိုယ်ကို မည်သို့မျှမထိန်းနိုင်တော့ဘဲ ကြမ်းပြင်ပေါ် အရှပ်ကြိုးပြတ် လဲကျသွားလေတော့၏။



လုံးဝမမျော်လင့် မထင်မှတ်သော မြင်ကွင်းပင်ဖြစ်သည်။

မြစိမ်းရောင်နန်းတော်မှ လက်ရွေးစင် သိုင်းသမားများ အံ့အားသင့်ကာ မှင်တက်မိကုန်ကြသည်။

အတန်ကြာမှ သိုင်းသမားသုံးလေးယောက်သည် ထိုင်ရာမှ ထပြီး ကျုံးယွင်ကို သွားရောက်ဖေးမ တွဲခေါ်လိုက်ကြသည်။

ကျုံးယွင်၏ပခုံးနှစ်ဖက်မှာ ပြင်းထန်သောဒဏ်ရာကြောင့် လက်ရှည်လများ ဆေးဝါးကုသရပေတော့မည်။

ဒဏ်ရာများ သက်သာပျောက်ကင်းသည့်တိုင် ထိပ်တန်းသိုင်းသမားအဆင့်ကို မည်သို့မျှပြန်လည်ရရှိနိုင်တော့မည် မဟုတ်ပါ။

သိုင်းသမားအများစုသည် ဘာမျှပြောဆိုကြခြင်း မပြုသော်လည်း မေလင်းကို စက်ဆုပ်ရွံရှာသွားကြလေသည်။

အချင်းချင်းသက်ညှာမှုမရှိဘဲ ရက်စက်စွာ တိုက်ခိုက်ခဲ့ခြင်းကြောင့် မေလင်းအပေါ် ရွံမုန်းသွားကြခြင်း ဖြစ်ပေသည်။

ထို့ကြောင့် မခံမရပ်နိုင်သော သိုင်းသမားအချို့က ထိုင်ရာမှ ထပြီး....

'သခင်ကြီး....ကျွန်တော်တို့ကို ဒီကထွက်ခွာခွင့်ပြုပါ'

ကျင်းတိအား လက်နှစ်ဖက်ဆုပ်၍ အရိုအသေပြုရင်း ခွင့်တောင်းလိုက်ကြလေသည်။

ကျင်းတိသည် မိမိ၏တပည့်များက မေလင်းကို မကျေမနပ် ဖြစ်ပြီး ထွက်ခွာခဲ့ကြခြင်းသည်ကို တွေ့ရသည့်အခါ စိတ် မကောင်းဖြစ်သွားမိလေ၏။

တစ်ဖက်တွင်လည်း မြေးဖြစ်သူက သူ၏ ပညာအမွေကို ကောင်းစွာ ခံယူနိုင်စွမ်းရှိသည်ကို တွေ့ရသည့်အတွက် ကျေနပ် အားရ ဖြစ်နေမိ၏။

ထို့ကြောင့် ရုတ်တရက် မည်သို့ဆုံးဖြတ်ရမှန်း မသိနိုင်ဘဲ ဖြစ်သွားလေသည်။

ယင်းအခိုက်မှာပင်....

မေလင်းသည် မြစိမ်းရောင်နန်းတော်၏ အတော်ဆုံးသိုင်း သမားကြီးကို အနိုင်ရလိုက်သဖြင့် စိတ်ခေတ်တက်ကြွလာကာ...

'ဟင်း....ဟင်း၊ ရှင်တို့ ဒီကထွက်ချင်နေကြပြီပေါ့ ဟုတ်လား ဒီလိုလွယ်လွယ်နဲ့ ထွက်လို့ရ....'

မေလင်း၏စကားမဆုံးမီ....

'မင်းတို့ဒီမှာ မနေချင်ကြတော့ဘူး ဟုတ်လား'

ကျင်းတိက ကြားဖြတ်မေးလိုက်ခြင်း ဖြစ်သည်။

မြေးဖြစ်သူမှာ မာန်တက်ပြီး စိတ်ခေတ်တက်ကြွနေသဖြင့် မိမိ၏သိုင်းသမားများနှင့် ပြဿနာ မတက်စေချင်သောကြောင့် ယင်းသို့ကြားဖြတ်လိုက်ခြင်း ဖြစ်သည်။



ပညာမာနကြီးသော သိုင်းသမားအချို့က ခေါင်းညိတ်လိုက် ကြ၏။

'ဟုတ်ပါတယ် သခင်ကြီး'

ကျင်းတိ မျက်မှောင်ကြုတ်လိုက်ပြီး....

'မင်းတို့ ဒီမှာနေတာ နှစ်ပေါင်းနည်းမှမနည်းတော့ဘဲ၊ ခုမှ ဒီကထွက်သွားချင်တယ်ဆိုတော့ ငါ့ကိုမကျေနပ်ကြလို့လား'

ကျင်းတိ၏မေးခွန်းကြောင့် မကျေနပ်ကြသော သိုင်းသမား တစ်စု ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားကြ၏။

ပခုံး၌ ဒဏ်ရာပြင်းစွာရရှိထားသော ကျုံးယွင်က ကြေကွဲ ဖွယ်နည်းစွာဖြင့်....

'သခင်ကြီး....ကျွန်တော်တို့ ဒီမှာ ဘာကြောင့်ဆက်မနေနိုင် ကြတော့တာလဲဆိုတာ သခင်ကြီးနားလည်မှာပါ'

ကျင်းတိ သက်ပြင်းမျှင်းမျှင်းချလိုက်သည်။

'အင်းလေ....မင်းတို့ ဆက်မနေနိုင်ကြတော့ဘူး ဆိုတော့လဲ ဘာတတ်နိုင်တော့မှာလဲ၊ မင်းတို့သဘောပါပဲလေ'

ကျင်းတိမှာ အမှန်ပင်စိတ်မကောင်းဖြစ်မိသော်လည်း မြေး ဖြစ်သူကို ဦးစားပေးရမည်ဖြစ်ရာ သူ၏လက်ရွေးစင်သိုင်းသမား အချို့ကို ၎င်းတို့၏ဆန္ဒအရ သွားခွင့်ပြုလိုက်ရလေတော့၏။

## ကျူးငံ့ခုတ် ကျူးငုတ်မကျန်

မြစိမ်းရောင်နန်းတော်မှ မေလင်း၏သတင်းသည် ကျုံးယွ…
တို့လူစုမှတစ်ဆင့် သိုင်းလောကသို့ တောမီးပမာ ပျံ့နှံ့သွားေ…
သည်။

မြစိမ်းနီလာစားသိုင်း၏ ထူးခြားသော စွမ်းရည်သည်လည်…
သိုင်းလောကတွင် ပြောစမှတ်ပြုသွားလေသည်။

သိုင်းလောက၏အစဉ်အလာအတိုင်း မြစိမ်းနီလာစားသိုင်းကို…
တွေ့မြင်စမ်းသပ်လိုသူများ အလျှိုလျှိုပေါ်ထွက်လာ၏။

သို့သော် မြစိမ်းရောင်နန်းတော်၏ အရှိန်အဝါကြောင့် မည်…
သူမျှ လာရောက်စိန်ခေါ်ခြင်းမရှိခဲ့ကြပေ။

မြစိမ်းရောင်နန်းတော်၏ အရှင်သခင်ကျင်းတိသည် သိုင်း…
လောက၏ လူထူးဆန်းတစ်ဦးဖြစ်၏။



…ထို့ကြောင့် သူနှင့်ထိပ်တိုက်တွေ့ရမည့်အရေးကို မည်သူကမျှ …လိုလားခြင်းမရှိကြပါချေ။

သို့ဖြစ်၍လည်း မြစိမ်းရောင်နန်းတော်သည် သိုင်းလောကနှင့် …ဘာမျှမပတ်သက်သလို တစ်သီးတခြားရှိနေခြင်းပင် ဖြစ်ပေတော့ …၏။

နှေဦးရာသီသို့ တစ်ပတ်လည်ခဲ့ပြန်လေပြီ။

မေလင်း၏သိုင်းပညာသည်လည်း များစွာ အဆင့်မြင့်လာခဲ့ …ချေပြီ။

အထူးသဖြင့် ကျင်းတိထံမှ သိုင်းပညာရပ်များအားလုံးနီးပါး …ကို မေလင်း အမွေဆက်ခံနိုင်ခဲ့ပြီဟု ဆိုနိုင်သည်။

မေလင်းသည် မိမိ၏အကြံအစည်များ ထမြောက်အောင်မြင် …ခဲ့ပြီဖြစ်ရာ လွန်စွာစိတ်ခ‌ောတ်တက်ကြွလျက်ရှိ၏။

တစ်ဖက်တွင် မိမိ၏ဟန်ဆောင်ဘာဝ ဘွားခနဲပေါ်ပေါက်လာ …မည်ကို စိုးရိမ်မိသည်။

နောက်ကြောင်းကင်းအောင် ရှင်းစရာရှိသည်ကိုရှင်းဖို့လိုသည် …ဟု နားလည်လာ၏။

ထို့ကြောင့် သိုင်းလောကဗဟုသုတရရန် မြစိမ်းရောင်နန်း …တော်မှ ထွက်ခွာခွင့်ပြုရန် ကျင်းတိထံ ခွင့်တောင်းခဲ့သည်။

ကျင်းတိကလည်း သူ၏မြေးမလေးကို လူတောတိုးရဲ့အော ဟူသော ရည်ရွယ်ချက်ဖြင့် ကြည်ဖြူစွာပင် ခွင့်ပြုလေသည်။

သို့ဖြင့် မေလင်းသည် မြစိမ်းရောင်နန်းတော်မှ ထွက်ခွာလ ခဲ့သည်။

သူမ၏ အဓိကရည်ရွယ်ချက်ကား သူမ၏ ဟန်ဆောင်ဘ မပေါ်စေရေးအတွက် ကျင်းလိန်မြို့စားကြီး ဇနီးမောင်နှံအ လုပ်ကြံရှင်းလင်းပစ်ရန်ဖြစ်၏။

ပြီးသည်နှင့် ကျင်းတိ၏မြေးအစစ်ဖေးယန်ကို ကျူပင်ဒု ကျူငှတ်မကျန် ရှင်းလင်းသုတ်သင်ပစ်ရန် ဖြစ်သည်။

ဖေးယန်မရှိတော့လျှင် သူမအနေဖြင့် ကိုချင်းကို ပြန်လ စည်းရုံးရန် သိပ်ခက်တော့မည်မဟုတ်ပါ။

ဖေးယန်ကြောင့်သာလျှင် ကိုချင်းသည် မိမိအား လျစ်လျူ နေသည်ဟု မေလင်း ယုံကြည်ထားသည်။

ဖေးယန်ကို ရှင်းလင်းသုတ်သင်လိုက်ပါမှ သူမအတွက် ထ ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို အစစအရာရာ အဆင်ပြေ မောသွားမည်ဖြစ်သည်။

သို့မှသာ သူမအနေအဖြင့် ချစ်သောသူနှင့် ရွှေလည်တွဲ သိုင်းလောက၏ အမြင့်မားဆုံးနေရာ၌ ရပ်တည်နိုင်မည် မဟု ပါလား။



နေရောင်ခြည်သည် လောကဓာတ်တစ်ခွင်လုံးကို ပက်ဖျန်းကျ ရောက်နေပြီဖြစ်သည်။

သို့သော် အအေးဓာတ်က မကုန်သေးပေ။

လေနုအေးက တညင်းညင်းတိုက်ခတ်နေရာ ခရီးသွားများ အဖို့ လွန်စွာသက်သောင့်သက်သာ ရှိလှပေသည်။

ကျင်းလိန်မြို့သို့ဦးတည်ရာ ခရီးဝေးလမ်းမကြီးပေါ်တွင် မြင်း နက်ကြီးတစ်ကောင် အရှိန်မှန်မှန်ဖြင့် ပြေးလွှားနေ၏။

မြင်းပေါ်တွင် အသက်ဆယ့်ရှစ်နှစ် ဝန်းကျင်ခန့်သာရှိဦးမည့် မိန်းမပျိုတစ်ယောက် စီးနင်းလိုက်ပါလာသည်။

မိန်းမပျို၏ဦးခေါင်းတွင် ပဝါနီစည်းထား၏။

အနက်ရောင် ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားပြီး ခါး၌ ဓား တိုနှစ်လက် ချိတ်ဆွဲထား၏။

ကိုယ်ကျပ်အင်္ကျီအပေါ်၌ အနီရောင်ဝတ်ရုံကြီး ခြုံလွှမ်းထား ၏။

လေတိုးမှုကြောင့် အနီရောင်ဝတ်ရုံကြီးသည် တဖျပ်ဖျပ်လွင့် လျက်ရှိသည်။

ထိုမိန်းကလေးကား ဖေးယန်အဖြစ် ဟန်ဆောင်ထားသော မေလင်းပင်, ဖြစ်ပေသည်။

ကျင်းလိန်မြို့သို့ သူမ ရောက်ရှိသွားပြီး နောက်တစ်နေ့မှာပင် ကျင်းလိန်မြို့စားကြီး ဇနီးမောင်နှံ လုပ်ကြံခံရသည့်သတင်း ထိတ်လန့်ဖွယ်ထွက်ပေါ်လာလေတော့၏။

ထိုမျှမက ကျင်းလိန်မြို့စားကြီး၏ စံအိမ်တော်သည်လည်း မီးရှို့ဖျက်ဆီးခံလိုက်ရလေသည်။

မေလင်းသည် ဖေးယန်အဖြစ် ဟန်ဆောင်ရောက်ရှိလာရာ သူမ၏ မိဘနှစ်ပါးကို လုပ်ကြံသွားသည့်ရန်သူအား စုံစမ်းဖော်ထုတ်ပြီး ကလဲ့စားချေမည်ဟု လူအများရှေ့၌ ငိုယိုတိုင်တည်ခဲ့လေသည်။

အမှန်တော့ မြို့စားကြီးဇနီးမောင်နှံအား လုပ်ကြံသတ်ဖြတ်ခဲ့သူမှာ ဖေးယန်အဖြစ် ဟန်ဆောင်ရောက်ရှိလာသော သူမကိုယ်တိုင်ပင် ဖြစ်ပေသည်။

သို့သော် သူမအား မည်သူမျှ မမှတ်မိကြသလို....

လက်သည်တရားခံသည်လည်း သူမပင် ဖြစ်လိမ့်မည်ဟု မည်သူကမျှ သံသယမဝင်ခဲ့ကြပါ။

မြို့သူမြို့သားများသည် သူမအား လွန်စွာဝမ်းနည်းကြေကွဲနေသော မြို့စားကြီး၏သမီး ကျင်းဖေးယန်အဖြစ်နှင့်သာ သိရှိပြီး အထူးပင် ကရုဏာသက်မိကြကုန်၏။



ထိုသတင်းသည် တစ်မုဟုတ်ချင်းပင် တောမီးလောင်သလို ပျံ့နှံ့သွားရာ လက်တစ်ထောင်တောင်ကြားထိတိုင် ပျံ့လွင့်ရောက်ရှိသွားလေသည်။

ထိုသတင်းကိုကြားလိုက်ရသည့်အခါ လက်တစ်ထောင်တောင်ကြား၌ရှိနေသော ဖေးယန်သည် မိဘနှစ်ပါးအတွက် လွန်စွာပူဆွေးသောကရောက်သွားလေ၏။

လက်တစ်ထောင်ဘိုးလူးအား အကျိုးအကြောင်းပြောပြကာ ကျင်းလိန်မြို့သို့ ပြန်ရန် ခွင့်တောင်းလိုက်သည်။

လက်တစ်ထောင်ဘိုးလူးလည်း ကြားရသော သတင်းစကားကြောင့် လွန်စွာ စိတ်ရှုပ်ထွေးသွားလေသည်။

'အင်း....ဒီကိစ္စက အတော့်ကို ထူးဆန်းနေတယ်၊ ကျင်းလိန်မြို့စား ဇနီးမောင်နှံကိုလုပ်ကြံဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူး၊ နောက်ပြီး သူ့သမီးကလဲ မိဘနှစ်ပါးအတွက် သွေးကြွေးဆပ်မယ်လို့ လူသိရှင်ကြား ကြုံးဝါးခဲ့တယ်ဆိုတော့ ပိုပြီး အံ့ဩစရာကောင်းနေတယ်'

မှန်ပါသည်။

ကျင်းလိန်မြို့စားကြီး၏ တစ်ဦးတည်းသမီးသည် လက်တစ်ထောင်တောင်ကြား၌ ရောက်ရှိနေသည်။

'ဒီအချက်ကိုကြည့်ရုံနဲ့တစ်ယောက်ယောက်က ဖေးယန်အဖြစ် ဟန်ဆောင်ရောက်ရှိနေတယ်ဆိုတာ ထင်ရှားတယ်၊ အဲဒီတော့ ဖေးယန်တစ်ယောက်တည်းကို လွှတ်ရမှာ ငါစိတ်မချဘူး'

လက်တစ်ထောင်ဘီလူးသည် သားဖြစ်သူ ကို့ချင်းကို လှမ်းကြည့်ကာ....

'ကဲ....သား မင်းက သူ့ကိုခေါ်လာတာဆိုတော့ မင်းမှာတာဝန်ရှိတယ်၊ မင်းကိုယ်တိုင်လိုက်ပို့ပါ၊ အဲ.... တစ်ခုတော့ရှိတယ်၊ အခြေအနေမှန်ကို ဘာမှမသိရသေးတာမို့ မင်းတို့နှစ်ယောက်စလုံး မထင်မရှားနဲ့ ရုပ်ဖျက်သွားကြပါ၊ အစစအရာရာ သတိဝီရိယ ရှိဖို့မမေ့နဲ့'

လက်တစ်ထောင်ဘီလူးက ချင့်ချင့်ချိန်ချိန်ဖြင့် ရှည်လျားစွာမှာကြားလိုက်ခြင်းဖြစ်သည်။

'ဟုတ်ကဲ့....ကျွန်တော်တို့ အစစအရာရာ သတိဝီရိယထားပါ့မယ်'

သို့ဖြင့် ကို့ချင်းနှင့် ဖေးယန်တို့သည် ကျင်းလိန်မြို့သို့ ထွက်ခွာခဲ့ကြလေတော့၏။

## ရုတ်ရုတ်သဲသဲမွေးနေ့ပွဲ

လေနုအေးကလေးများ တသုန်သုန်တိုက်ခတ်နေသော နံနက်ခင်းအချိန်ဖြစ်သည်။

လေနှင့်အတူ ပန်းရနံ့များ ရောယှက်ပါလာရာ လမ်းတစ်လျှောက် ပန်းရနံ့များ ကြိုင်သင်းနေ၏။

မေလင်းသည် မြင်းနက်ကြီးကိုစီးကာ ကျင်းလိန်မြို့မှထွက်ကာ ဟန်ယန်းမြို့ဆီသို့ ဦးတည်ခဲ့၏။

ပန်းရနံ့သင်းသော တောင်ကုန်းငယ်ကို ဖြတ်ကျော်မိသည်နှင့် ဟန်ယန်းမြို့တံခါးကို ဘွားခနဲ မြင်တွေ့လိုက်ရလေတော့သည်။

မေလင်းသည် မြင်းနက်ကြီးကိုစီးကာ ဟန်ယန်းမြို့ထဲသို့ ဝင်ရောက်လိုက်၏။

မြို့ထဲရောက်သည်နှင့်မင်းလမ်းမကြီးတစ်လျှောက် သိုင်းသမား အသွင်ရှိသူများ ဟိုတစ်စုသည်တစ်စုဖြင့် တစ်နေရာသို့ ဦးတည် သွားနေသည်ကို မြင်တွေ့လိုက်ရသည်။

မေလင်း၏စိတ်ထဲတွင် အနည်းငယ်ထူးခြားသည်ဟု ထင်မိ၏။

ထို့ကြောင့် သွားလာနေသူများထဲမှ တစ်ယောက်အား...

'ဒီမယ်ရှင့်....ဒီမှာ၊ ရှင်တို့တစ်တွေ စုစုစုစုနဲ့ ဘယ်သွားနေ ကြတာလဲ၊ ဘာပွဲတော်များရှိလို့လဲရှင်'

လူစုထဲမှ အသက် ငါးဆယ်ခန့်ရှိလူကြီးက မေလင်းအားမော့ ကြည့်ကာ....

'မိန်းကလေးကြည့်ရတာ ဒီမြို့ကမဟုတ်ဘူးနဲ့တူတယ်'

မေလင်းက ပြုံးပြုံးပြရင်း....

'ဟုတ်ပါတယ်ရှင်၊ ကျွန်မက ခရီးသွားတစ်ယောက်ပါ၊ လူ တွေ စည်စည်ကားကားနဲ့မို့ ဘာပွဲတော်များ ရှိလို့ပါလိမ့်ဆိုပြီး စိတ်ဝင်စားမိတာပါရှင်'

ထိုလူက ခေါင်းညိတ်ပြီး....

'ဪ....မိန်းကလေးက ခရီးသွားကိုး၊ ဒါကြောင့်မသိတာ ပါ၊ ဒီလိုကွယ့် ဒီနေ့ဟာ သိုင်းဆရာကြီးဟော်ရှမ်ခိုက်ရဲ့ မွေးနေ့



လေ၊ ဒါကြောင့် အနယ်နယ်အရပ်ရပ်က သိုင်းသမားတွေ ဆရာ ကြီးရဲ့မွေးနေ့ပွဲကို လာပြီးဂုဏ်ပြုကြတာပါ'

ထိုလူသည် မေလင်းအား တစ်ချက်အကဲခတ်လိုက်ပြီး...

'အင်း.... မိန်းကလေးကြည့်ရတာ သိုင်းလောကထဲက ထင် တယ်၊ နာမည်ဘယ်လိုခေါ်သလဲကွယ့်'

မေလင်းက ပြုံးပြရင်း....

'ကျွန်မ ဖေးယန်ပါ၊ နာမည်အပြည့်အစုံက ကျင်းဖေးယန်'

အသံကိုမြင့်၍ ခပ်ကျယ်ကျယ် ပြောလိုက်ခြင်းဖြစ်ရာ သမ်း ဘေးဈေးဆိုင်များ၌ လက်ဆောင်ပစ္စည်း ဝယ်ယူနေကြသော သိုင်းသမားများ ကမန်းကတန်း လှည့်ကြည့်မိလိုက်ကြကုန်၏။

သူတို့၏မျက်လုံးများတွင် အံ့ဩထိတ်လန့်သွားသည့် အရိပ် အယောင်များ ယှက်သမ်းသွားကြကုန်သည်။

မေလင်းနှင့် စကားပြောနေသောလူကြီးသည်လည်း ကျင်း ဖေးယန်ဟူသော အမည်ကြောင့် ချက်ချင်းပင် အမူအရာပြောင်း လဲသွားကာ....

'လက်စသတ်တော့ ဖေးယန်သခင်မလေးကိုး၊ မသိလို့ အရို အသေမပေးမိတာ ခွင့်လွှတ်ပါ'

ထိုလူကြီးက ပျာပျာသလဲ တောင်းပန်လိုက်လေ၏။

မေလင်းက အသာအယာပြုံးလိုက်သည်။

'ကိစ္စမရှိပါဘူးရှင်၊ ကျွန်မ အခု သိုင်းဆရာကြီးဟော်ရှမ်ခိုက်ဆီ သွားချင်တယ်၊ လိုက်ပို့နိုင်ပါ့မလား'

ထိုစကားကြားသည့်အခါ လမ်းဘေးဆိုင်၌စျေးဝယ်နေကြသော သိုင်းသမားများ အလုအယက် စိုင်းအုံလာကြပြီး....

'ကျွန်တော်တို့ လိုက်ပို့ပါ့မယ် သခင်မလေး။'

အားလုံးလိုလိုကပင် ပြိုင်တူလောကွတ်ပြုလိုက်ကြကုန်၏။

မေလင်းသည် မိမိအား နာမည်ကြားရုံဖြင့် သိုင်းသမားများက အရေးတယူ လောကွတ်ပြုကြသည်ကို တွေ့မြင်ရသည့်အခါ စိတ်ထဲ၌ ကျိတ်၍ဝမ်းသာသွားမိလေ၏။

လူအများက အရေးပေးမှုခံရခြင်းသည်အားရကျေနပ်ဖွယ်ပင် မဟုတ်ပါလား။

မေလင်းသည် ရှေ့မှ လမ်းပြခေါ်ဆောင်သွားကြသည့် လူတစ်စုနောက်မှ မြင်းနက်ကြီးကို ခပ်မှန်မှန် စီးနင်းလျက် လိုက်ပါသွားလေသည်။



သူတို့လူသိုက် ခပ်ဝေးဝေးသို့ ရောက်ရှိသွားသည့်အခါမှ....

လမ်းဘေး လက်ဖက်ရည်ဆိုင်တွင် ခေါင်းငုံ့ရင်း လက်ဖက်ရည်သောက်နေကြသည့် လုလင်ပျိုတစ်ဦးနှင့် လုံမပျိုတစ်ဦးတို့ ခေါင်းထောင်ထလာကြသည်။

အတော်ဝေးဝေးသို့ ရောက်ရှိနေကြပြီဖြစ်သည့် မေလင်းတို့ကို ခပ်ငေးငေး လှမ်းမျှော်ကြည့်ကြလေသည်၊

အတန်ကြာမှ....

'ညီမ သူ့ကိုသိသလား'

လုလင်ပျိုက တိုးတိုးလေးသံဖြင့် နံဘေးမှလုံမပျိုကိုမေးလိုက်သည်။

လုံမပျိုက ခေါင်းခါယမ်းလိုက်ရင်း....

'ဟင့်အင်း....မတွေ့ဖူးဘူး၊ ဒါပေမယ့် နီးနီးကပ်ကပ်တွေ့မြင်ဖူးသလိုပဲ'

လုလင်ပျိုက သက်ပြင်းမျှင်းမျှင်းတစ်ချက်ချကာ....

'ညီမ သူ့ကိုမမှတ်မိလို့ပါ၊ သူက အစ်ကိုတို့လက်တစ်ထောင်တောင်ကြားက ထွက်သွားတဲ့ မေလင်းလေ'

ထိုအခါမှ လုံမပျိုလည်း ပြန်လည်သတိရလာပြီး....

'အို....ဟုတ်သားပဲ၊ သူက တစ်သွေးတမွေးနဲ့ လှလာတော့ ညီမတောင် ရုတ်တရက်မမှတ်မိဘဲ ဖြစ်သွားတယ်'

'ဒါနဲ့ သူက ဘာဖြစ်လို့ ကျွန်မအယောင်ဆောင်ရတာလဲ ဟင်'

လုလင်ပျိုကလည်း မစဉ်းစားတတ်နိုင်အောင် ဖြစ်သွားရ၏၊

'အင်း....သူ့မှာ အကြံအစည်တစ်ခုခုရှိလို့ ဖြစ်မယ်၊ ဘာဖြစ်ကြနေသလဲဆိုတာ သိရအောင် အစ်ကိုတို့လဲ ဆရာကြီး ဟော်ရှမ်ခိုက်ရဲ့မွေးနေ့ပွဲကို သွားကြရအောင်'

'ဟင်....ဖြစ်ပါ့မလား၊ တော်ကြာ ကျွန်မတို့ကိုမှတ်မိသွားရင်....'

'အို....ပူစရာမလိုပါဘူး ညီမရယ်၊ အစ်ကိုတို့လဲ ရုပ်ဖျက်ထားကြတာပဲ၊ သူမှတ်မိမှာ မဟုတ်ပါဘူး'

သို့ဖြင့်....

သူတို့နှစ်ယောက်သည် ကျသင့်ငွေပေးချေကာ လက်ဖက်ရည်ဆိုင်မှ ထွက်ခွာခဲ့ကြလေသည်။

သူတို့နှစ်ယောက်ကား ကို့ချင်းနှင့် မြို့စားကြီး၏သမီး ဖေးယန်တို့ ဖြစ်ကြလေသည်၊

သိုင်းဆရာကြီး ဟော်ရှမ်ခိုက်သည် သိုင်းလောက၌ ထင်ရှားကျော်ကြားသူ ဖြစ်သည်။

၅



ထို့ကြောင့် သူ၏မွေးနေ့ပွဲသည် သိုင်းလောကသားများဖြင့် အထူးပင် စည်ကားနေပေတော့သည်။

အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာကြသော ဧည့်ပရိသတ်များဖြင့် ခန်းလုံးပြည့် စည်ကားသိုက်မြိုက်လှပေသည်။

ဧည့်ခန်း၏ ခေါင်းရင်းပိုင်းနံရံ၌....

'အသက်ရာကျော် ရှည်ပါစေ'၊

ဟူသောစာတန်းကို ချိတ်ဆွဲထားသည်။

ထိုစာတန်းအောက်ဘက်တွင် အထူး ဧည့်သည်တော်များအတွက် အထူးစီစဉ်ထားသော သီးသန့်စားပွဲရှည်ကြီး ရှိနေပေသည်။

ယင်းစားပွဲရှည်ကြီး၏ အလယ်ဗဟို၌ သိုင်းဆရာကြီး ဟော်ရှမ်ခိုက်ထိုင်နေသည်။

သူ၏ညာဘက်ထိုင်ခုံ၌ အစိမ်းရောင်ဝတ်စုံဖြင့် မိန်းကလေးတစ်ယောက် ထိုင်နေ၏။

ထိုမိန်းကလေးသည် ရုပ်ရည် ချောမောသော်လည်း တင်းမာသော မျက်နှာထားကြောင့် မာန်မာနကြီးမည့်သူဟု ခန့်မှန်းနိုင်သည်။

အဆိုပါမိန်းကလေးကား [illegible]မဟုတ်ချေ။

ကျောင်းလိန်မြို့စားကြီး၏သမီး မြစိမ်းရောင်နန်းတော် သူ့ခင်ကျောင်းတိ၏မြေး ဖေးယာန်ဟု သူ့ကိုယ်သူ ကြေညာထားသော မေလင်းပင်ဖြစ်ပေတော့သည်။

သူမသည် အသက်အရွယ်နှင့် ဝါကြီးသော ပုဂ္ဂိုလ်များအကြား၌ မည်သူ့ကိုမျှအရေးမစိုက်ဟန်ဖြင့် ခပ်တင်းတင်းထိုင်နေခြင်းဖြစ်၏။

မည်သို့ပင်ဖြစ်စေ....

သူမ၏အသွင်သည် ကျီးတစ်အုပ်ကြားမှ ဒေါင်းငှက်ပမာ ထူးထူးခြားခြား ဝင့်ထည်နေပေသည်။

ဧည့်ခန်းမကြီး၏ မီချောင်ကျကျစားပွဲဝိုင်းတွင်ကား ကိုချင်းနှင့် ဖေးယာန်တို့ ပထင်မရှားနှင့် ခေါင်းငုံ့လျက် အစားအသောက်ကို အာရုံစိုက်နေဟန် ခပ်ကုပ်ကုပ် ထိုင်နေကြသည်။

အမှန်တော့....

သူတို့နှစ်ယောက်သည် အစားအသောက်ကို အာရုံစိုက်ဟန် ထင်ယောင်ထင်မှား လုပ်နေကြသော်လည်း သူတို့၏မျက်လုံးများကမူ သိုင်းဆရာကြီး ဟော်ရှမ်ခိုက်နံဘေးရှိ မေလင်းထံသာ အကဲခတ်နေကြလေသည်။

မေလင်းသည် ဖေးယာန်အဖြစ် ဟန်ဆောင်ပြီး ဘာလုပ်မည်ကို သူတို့ လွန်စွာစိတ်ဝင်စားနေမိကြခြင်း ဖြစ်သည်။

ထိုစဉ်မှာပင်....

'ကြွရောက်လာကြတဲ့ သိုင်းလောက မိတ်ဆွေများခင်ဗျား



သိုင်းဆရာကြီး ဟော်ရှမ်ခိုက်၏ စကားသံက ခန်းမဆောင်တစ်ခုလုံး ဟိန်းထွက်လာ၏။

အချင်းချင်း တီးတိုးပြောဆိုနေကြသောစကားသံများ ရုတ်တရက် ငြိမ်သက်စိတ်ဆိတ်သွား၏။

သိုင်းဆရာကြီး ဟော်ရှမ်ခိုက်က ပီတိလွှမ်းသောအကြည့်ဖြင့် ဧည့်ပရိသတ်ကို တစ်ချက်ဝေ့ကြည့်ကာ....

'ကျုပ်ရဲ့မွေးနေ့ပွဲကို ကြွရောက်ချီးမြှင့်ကြတဲ့အတွက် မိတ်ဆွေများအားလုံးကို ကျေးဇူးတင်ပါတယ်၊ အထူးသဖြင့် မြစိမ်းရောင်နန်းတော်ပိုင်ရှင် ကျောင်းတိရဲ့မြေးမလေး မြစိမ်းနီလာ ဖေးယာန်ကိုယ်တိုင် လာရောက်ချီးမြှင့်တဲ့အတွက် ဝမ်းသာဂုဏ်ယူလို့ မဆုံးပါဘူး၊ ခုလိုကြုံကြိုက်တုန်းမှာ မြစိမ်းနီလာဒေဝီနဲ့ မိတ်ဆွေများကို မိတ်ဆက်ပေးပါရစေ'

ဧည့်ခန်းတစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်သွားလေသည်။

ကိုချင်းနှင့် ဖေးယာန်တို့လည်း တစ်ယောက်ကိုတစ်ယောက် ကြည့်မိလိုက်ကြသည်။

ထိုစဉ် သိုင်းဆရာကြီး ဟော်ရှမ်ခိုက်က မေလင်းအားဦးညွှတ်ကာ....

'မြစိမ်းနီလာခင်ဗျား....ကျုပ်ရဲ့ မိတ်ဆွေတွေ အားလုံးမြင်တွေ့နိုင်အောင် တဆိတ်လောက် ကျေးဇူးပြုပြီး မတ်တတ်ထရပ်ပြဖို့ မေတ္တာရပ်ခံပါရစေ'

ဟော်ရှမ်ခိုက်၏စကားအဆုံးတွင် မေလင်းက မတ်တတ်ထရပ်လိုက်၏။

ထို့နောက် စူးရှရဲတင်းသောအကြည့်ဖြင့် ညော့ပရိသတ်ကို တစ်ချက်ဝေ့ကြည့်လိုက်လေသည်။

'မြစိမ်းနီလာဆိုတာ ကျွန်မပါပဲ၊ နာမည်ကတော့ ကျင်းမေယန်ပါ'

ကိုယ့်ကိုကိုယ် မိတ်ဆက်လိုက်သော်လည်း သူမ၏ လေသံက မာန်မာနထောင်လွှားဟန် ခပ်တင်းတင်းရှိလေသည်။

ဤတွင် ပရိသတ်ထဲမှ ခပ်ချဉ်ချဉ်ရှိဟန်တူသူက....

'အို....ဆရာကြီးကလဲဗျာ ကျုပ်တို့က ခင်ဗျားရဲ့မွေးနေ့ပွဲကို လာပြီး ဂုဏ်ပြုတာပါ၊ မသိမဆိုင်လူတစ်ယောက်နဲ့ မိတ်ဖွဲ့ဖို့လာတာ မဟုတ်ပါဘူး၊ အားရပါးရ ပျော်ပျော်ပါးပါးစားသောက်ကြရအောင်၊ အကျွေးအမွေးအစီအစဉ် စ,ပါတော့ဗျာ'

ပရိသတ်ထဲမှ ထွက်ပေါ်လာသည့် စကားသံတစ်သံကြောင့် မေလင်း ကွက်ခနဲ မျက်နှာပျက်သွား၏။

ဒေါသကြောင့် သူမ၏မျက်နှာကလေး ရဲခနဲဖြစ်သွားလေသည်။

သူမသည် ခါးထောက်လိုက်ပြီး....

'အခု စကားပြောတာဘယ်သူလဲ၊ လိပ်လိုခေါင်းဝှက်မနေနဲ့ သတ္တိရှိရင် ရှေ့ကိုထွက်လိုက်ပါ'



ဤတွင် ညော့ပရိသတ်ထဲမှအသက်လေးဆယ်ခန့်ရှိသောလူကြီးတစ်ယောက်သည် ထိုင်နေရာမှထကာ ရှေ့သို့ထွက်လာလေသည်။

'ကျုပ်ပြောတာ၊ မင်းလိုနို့နံ့မစင်သေးတဲ့ မိန်းကလေးက မတန်မရာ အထူးဧည့်သည်နေရာမှာ နေရလောက်အောင် ဘယ်လိုပညာတွေ တတ်ထားလို့လဲ'

ထိုလူသည် မေလင်း၏ ဟိတ်ဟန်ကြီးမှုကို လုံးဝကြည့်မရဟန်တူပေသည်။

လက်ညှိုးငေါက်ငေါက်ထိုး၍ ခပ်နှိမ်နှိမ်ပြောလိုက်ခြင်း ဖြစ်သည်။

ထိုသူကား မိုးကြိုးလက်ဝါးဟူသော အမည်ဖြင့် ကျော်ကြားထင်ရှားသော သိုင်းသမားကြီးတစ်ဦး ဖြစ်ပေသည်။

အထူးသဖြင့် မြောက်ပိုင်းတစ်ခွင်၌ အထူးကျော်ကြားသော သိုင်းဆရာကြီးတစ်ဦး ဖြစ်သည်။

သူ၏အမည်မှာ ထင်းစုဖြစ်၏။

မိုးထိတောင် သိုင်းသုံးဖော်ဟု ထင်ရှားသော အစုအဖွဲ့တွင် သူသည် တစ်ဦးအပါအဝင်ဖြစ်သည်။

အခြားနှစ်ယောက်မှာ ဟိုစန်းနှင့် ကျိုတောက်တို့ဖြစ်ကြ၏။

၎င်းတို့သုံးယောက်အနက် ထင်းစုသည် စိတ်မြန်ကိုယ်မြန် ဟောဟောဒိုင်းဒိုင်းသမားဖြစ်၏။

မေလင်းကဲ့သို့ ငယ်ရွယ်နုနယ်သော မိန်းကလေးတစ်ဦးက သက်ကြီးဝါကြီး သိုင်းပညာရှင်များအတွက် စီစဉ်ထားသော သီးသန့်နေရာ၌ အကျအနစင်ရောက်နေရာယူထားသည်ကို လုံးဝကြည့်မရခဲ့ချေ။

ယင်းသို့ စိတ်အစာမကြေဖြစ်နေခိုက် ဆရာကြီးဟော်ရှမ်ခိုက် ကိုယ်ဘိုင်က မေလင်းအား အရေးပေးမြှောက်ပင့်နေသည်ကို တွေ့ရသည့်အခါ ပို၍မခံချိမခံသာ ဖြစ်သွားလေသည်။

ထို့ကြောင့် စိတ်မြန်ကိုယ်မြန်သမားပီပီ ယခုကဲ့သို့ ကမူးရှူးထိုးနှင့်ထ၍ စိန်ခေါ်လိုက်ခြင်း ဖြစ်ပေတော့သည်။

မေလင်းသည် သူမအား စိန်ခေါ်လာသူမှာ မည်သူမည်ဝါဖြစ်ကြောင်း အရေးမစိုက်ချေ။

ကိုယ့်ကိုကိုယ် ယုံကြည်မှုအပြည့်ဖြင့်....

'ဟင်း....ဟင်း....ရှင့်လိုလူက စိန်ခေါ်လာတော့လဲ ကျွန်မအနေနဲ့ လက်ခံရတာပေါ့ရှင်'

ပမာမခန့်ဖြင့် လှောင်ပြုံးပြုံးပြီး ပြန်ပြောလိုက်ခြင်း ဖြစ်သည်။

သူမ၏အပြုအမူကြောင့် ထင်းစုမှာ ပို၍ဒေါသထွက်သွားလေတော့၏။

'ဟေ့....လေကျယ်မနေနဲ့၊ အပြင်ကိုထွက်ခဲ့'

ထင်းစုသည် ပြောပြောဆိုဆိုဖြင့် ညီခန်းဆောင်ကြီးထဲမှ ထွက်ခွာသွား၏။



မေလင်းကလည်း အားကျမခံ နောက်မှ လိုက်ပါသွားလေသည်။

ညီပရိသတ်အများစုသည် မြစိမ်းရောင်နန်းတော်မှ ကျွန်းညိုရှင်ဟူသော အမည်ကိုသာ ကြားဖူးခဲ့ကြသည်။

ကျွန်းညိုရှင်မှာ မည်သူမည်ဝါဖြစ်ကြောင်း မသိကြပေ။

ထို့အတူ ကျွန်းညိုရှင်၏ သိုင်းပညာသည် ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် နက်ရှိုင်းလှသည်ဟုသာ ကြားဖူးခဲ့ကြသည်။

ကျွန်းညိုရှင်၏ သိုင်းပညာကို မြင်ဖူးကြသည်မဟုတ်။

ယခု ဖေးယန်ဟူသော မိန်းကလေးသည် ကျွန်းညိုရှင်၏မြေးမလေးဟု သိရှိထားကြရာ သူမ၏ယှဉ်ပြိုင်တိုက်ခိုက်မှုကို ကြည့်ခြင်းဖြင့် ကျွန်းညိုရှင်၏သိုင်းပညာ အတိမ်အနက်ကို အကြမ်းဖျင်းခန့်မှန်းအကဲခတ်နိုင်လိမ့်မည်ဟု သူတို့ယုံကြည်မိကြ၏။

ထို့ကြောင့် ဖေးယန်ဟူသော မိန်းကလေးနှင့် မိုးထိတောင်သိုင်းသမားကြီးထင်းစုတို့၏ ယှဉ်ပြိုင်မှုကိုကြည့်ရှုရန် ပရိသတ်အဆောင်များများသည် ခန်းမကြီးထဲမှ ထွက်လိုက်သွားကြကုန်တော့၏။

## စိန်ခေါ်ခြင်း

သိုင်းဆရာကြီးဟော်ရှမ်ခိုက်၏ဂေဟာရှေ့ မြေကွက်လပ်တွင် လူနှစ်ယောက် မျက်နှာချင်းဆိုင် ရပ်နေကြ၏။

တစ်ယောက်မှာ ငယ်ရွယ်နုပျိုသော မိန်းကလေးတစ်ဦးဖြစ်ပြီး....

ကျန်တစ်ယောက်မှာ သန်မာထွားကျိုင်းသော ယောကျ်ားကြီးတစ်ဦးဖြစ်သည်။

သူတို့နှစ်ယောက်ကား ကျွန်းညိုရှင်၏မြေးမလေးအဖြစ် ဟန်ဆောင်ထားသည့် မေးလင်းနှင့် မိုးဘိတောင်မှ သိုင်းသမားကြီး ထင်းစုတို့ဖြစ်ကြပေသည်။

မေလင်းက ပမာမခန့် ခါးထောက်၍ရပ်နေ၏။

သူမ၏အသွင်က မည်သူ့အားမျှ ဂရုမစိုက်သည့်ဟန် ပေါ်လွင်နေသည်။



ထို့ကြောင့် အထိတ်တလန့်ဖြင့် လက်ကိုကမန်းကတန်း ပြန်လည်ရုပ်သိမ်းလိုက်၏။

ဤတွင် မေလင်းက လက်ဝါးစောင်းဖြင့် ထင်းစု၏ လက်ကောက်ဝတ်ကို ခုတ်ချလိုက်သည်။

ထင်းစုသည် မေလင်း၏အတွင်းအားပညာ နက်ရှိုင်းသည်ကို သိရှိခဲ့ပြီးဖြစ်သည်။

သို့သော် မည်မျှအထိနက်ရှိုင်းသည် သိချင်သေးသဖြင့် မေလင်း၏ တိုက်ခိုက်မှုအား ရှောင်တိမ်းခြင်းမပြုဘဲ ကိုယ်ကိုအနည်းငယ် ပုချကာ ရိုက်ချလာသည့် လက်ဝါးကို လက်ဝါးဖြင့်ပင့်၍ ခံပေးလိုက်၏။

'ဖုပ်....'

လက်ဝါးချင်းထိသံ ပီပီသသထွက်ပေါ်လာသည်။

ထင်းစု၏မျက်နှာ ရုတ်တရက် ဖြူရော်သွား၏။

သန်မာထွားကျိုင်းသော သူ၏ခန္ဓာကိုယ်သည်လည်း မတ်မတ်မရပ်နိုင်ဘဲ ယိမ်းယိုင်သွား၏။

ခြေလှမ်းသုံးလှမ်းခန့် ဆုတ်လိုက်မှ ဟန်ချက်ထိန်းနိုင်ပြီး ကောင်းစွာရပ်နိုင်တော့၏။

ထင်းစုသည် သိုင်းလောက၌ နှစ်ပေါင်းများစွာ ကျင်လည်ကျက်စားလာခဲ့သူဖြစ်သည်။

ထိတ်ထိတ်ကြဲ သိုင်းသမားများစွာနှင့် ရင်ဆိုင်ယှဉ်ပြိုင်ခဲ့ရဖူး၏။

သို့တိုင်အောင် ယခုကဲ့သို့ သိုင်းကွက် တစ်ကွက်တည်းနှင့် အရေးနိမ့်သွားခဲ့ရဖူးခြင်း မရှိပေ။

ယခုမူကား သိုင်းကွက် တစ်ကွက်တည်းနှင့်ပင် အရေးနိမ့်သွားရလေပြီ။

ဆက်လက် ယှဉ်ပြိုင်မည်ဆိုပါက ပို၍ သိက္ခာကျဖွယ်သာ ရှိပေတော့မည်။

'ကျုပ်ရှုံးသွားပါပြီ'

ခြောက်ကပ်ကပ်လေသံဖြင့် ဝန်ခံစကားပြောလိုက်လေသည်၊

ဝိုင်းအုံ ကြည့်ရှုနေသူများသည် ထင်းစု၏ စကားကြောင့် အံ့အားတသင့် ဖြစ်ကုန်ကြတော့၏။

ထင်းစုလို တိပ်တန်းသိုင်းသမားကြီး တစ်ယောက်က သိုင်းကွက်တစ်ကွက်တည်းယှဉ်ပြိုင်ရုံဖြင့် အဘယ်ကြောင့် အရှုံးပေးလိုက်သည်ကို နားမလည်နိုင်အောင် ဖြစ်ကုန်ကြလေသည်။

မေလင်းကိုယ်တိုင်လည်း ထင်းစုကဲ့သို့ ထိပ်တန်းသိုင်းသမားကြီးအား သိုင်းကွက်တစ်ကွက်တည်းဖြင့် အနိုင်ရလိုက်သည်ကို အံ့အားသင့်သွားမိလေသည်။

မည်သို့ပင်ဖြစ်စေ...

မေလင်းသည် မိမိ၏သိုင်းပညာအပေါ် လုံးဝယုံကြည်စိတ်ချသွားပြီ ဖြစ်သည်။



ယခုကဲ့သို့ သိုင်းလောကသားများရှေ့၌ မိမိ၏ပညာပြသရန်လည်း အခွင့်ကောင်းတစ်ခုဖြစ်ကြောင်း နားလည်လိုက်လေသည်။

ထို့ကြောင့် မေလင်းသည် တခစ်ခစ်ရယ်မောကာ....

'ဘယ်လိုလဲဆရာကြီးရဲ့၊ သိုင်းကွက်တစ်ကွက်တည်း ယှဉ်ပြိုင်ရုံနဲ့ အရှုံးပေးနေပြီလား'

မေလင်း၏ခပ်နှိမ်နှိမ်စကားကြောင့် ထင်းစု၏မျက်နှာ ရဲခနဲနီသွားလေသည်။

စိတ်ထဲ၌လည်း အနည်းငယ်ခံပြင်းသွား၏။

'ကျုပ်ကလူကြီးပဲ၊ ရှုံးလို့ရှုံးတယ် ဝန်ခံတာပဲ၊ ဒါကို မကျေနပ်သေးဘူးလား'

မေလင်းက နှာခေါင်းရှုံ့လိုက်ပြီး....

'ကျွန်မကတော့ ရှင့်စိတ်ထဲမှာ ကျေနပ်မှာမဟုတ်ဘူးလို့ထင်တယ်၊ အင်းလေ....ဘာပဲဖြစ်ဖြစ် ရှင်က အရှုံးပေးပြီဆိုတော့ ကျွန်မဆီမှာ တပည့်ခံဖို့ မကောင်းဘူးလား'

မေလင်း၏စကားကြောင့် ထင်းစုသာမက ဝိုင်းကြည့်နေသူများပါ အတော်ပင်မကျေမနပ် ဖြစ်ကုန်ကြလေသည်။

ပြိုင်ဘက်အပေါ် သက်သက်မဲ့ ဦးချိုးသိက္ခာချလိုက်ခြင်းပင် မဟုတ်ပါလား။

ထိုစဉ် ဝိုင်းကြည့်နေသည့် လူအုပ်ကြီးထဲမှ မျက်နှာကျင် သားရေတစ်စုပ်ထားသောလူတစ်ယောက် ရှေ့သို့လှမ်းထွက်လာ တာ....

'ဒီ....ကျုပ်တစ်ခုပြောပါရစေ'

ထိုစကားသံကြောင့် မေလင်း ထိတ်ခနဲဖြစ်သွား၏။

အကြောင်းမှာ ထိုအသံကို သူမအနေနှင့် ကောင်းစွာရင်းနှီး နေသောကြောင့် ဖြစ်သည်။

အသံရှင်ကို စိတ်လှုပ်ရှားစွာဖြင့် လှမ်းကြည့်မိ၏။

သို့သော် သားရေတစ်မျက်နှာဖုံးစွပ်ထားသောကြောင့် မည်သူမည်ဝါဟု၍ ခွဲခြားမသိနိုင်ပေ။

ထိုလူက သူမအား မကျေမနပ်လှမ်းကြည့်ကာ....

'ခင်ဗျားရဲ့သိုင်းပညာ အဆင့်မြင့်တယ်ဆိုတာ အားလုံး မျက်မြင်ပါပဲ၊ ဘာဖြစ်လို့ ကိုယ့်ကိုအရှုံးပေးတဲ့လူကို စော်ကား ချင်ရတာလဲ'

ထိုလူ၏စကားကြောင့် မေလင်း မခံချိမခံသာဖြစ်သွားသည်။

'ဘာလဲ....ရှင်က မခံနိုင်လို့လား၊ မခံနိုင်ရင်ထွက်ခဲ့လေ'

ထိုလူက ခေါင်းယမ်းလိုက်ပြီး....

'ကျုပ်ရဲ့ပညာက ခင်ဗျားကိုမယှဉ်နိုင်ပါဘူး၊ ဒါပေမယ့် လောကကြီးမှာ အတော်ဆုံး အတတ်ဆုံးဆိုတာ မရှိပါဘူး ကိုယ့်အတက်သာတဲ့လူ၊ ကိုယ့်ထက်တော်တဲ့လူဆိုတာ ပေါ်လာဦး မှာပါ၊ ခင်ဗျားအခုလို သိုင်းပညာအားကိုးနဲ့ မာန်တက်ပြီး နိုင့်ထက်စီးနင်းလုပ်နေရင် တစ်နေ့ ခင်ဗျားဝဋ်လည်လိမ့်မယ်

မေလင်း ပို၍ဒေါသထွက်သွား၏။



'ဟင်း....ရှင့်လိုကိုယ့်မျက်နှာတောင် ကိုယ်မပြဝံ့တဲ့ လူကများ ကျွန်မကို ဆုံးမစကား ပြောနေရသေးသလားရှင့်'

ထိုလူက လက်ကာပြလိုက်ပြီး....

'ကျုပ်မျက်နှာကို မပြတာက ကျုပ်အကြောင်းနဲ့ကျုပ်ပါ၊ ယ်သူ့ကိုမှထိခိုက်တာ စော်ကားတာမဟုတ်ဘူး၊ ကိုယ်ဘယ်သူ ဲဆိုတာ အသိမခံဘဲ သူများနာမည်ကို အလွဲသုံးစားလုပ်တာ ာ ပိုရှက်ဖို့ကောင်းတယ်၊ ဒါဟာသိက္ခာအမဲဆုံး အလုပ်ပဲ'

မေလင်း ထောင်းခနဲ ဒေါပွသွား၏။

ရှတ်ခြည်းဆိုသလိုပင် ထိုလူထံသို့ ခုန်ဝင်လိုက်၏။

သို့သော် ထိုလူက သူမထက်ပို၍မြန်၏။

ကြိုတင်အသင့်ပြင်ထားပြီးဖြစ်ရာ ပြောပြီးသည်နှင့် လူအုပ် ကြားသို့ ချက်ချင်းပြေးဝင်သွားရာ မေလင်း ခုန်ဝင်လာချိန်၌ အများနှင့်ရောယှက် ရှုပ်ထွေးသွားလေသည်။

ထို့ကြောင့် မေလင်းမှာ ရှုတ်ရှုတ်သဲသဲ လူအုပ်ကြားထဲ၌ ထို အားမျက်ခြည်ပြတ်သွားတော့သည်။

မကျေမနပ်ဖြင့် လူအုပ်ကြား အတင်းတိုးဝှေ့ပြီး ထိုလူ ာက်သို့ မရမကလိုက်သည်။

သို့သော် လူအုပ်ကိုတိုးဖောက်ထွက်လာနိုင်သည့်အခါ ထို နှင့်မိန်းကလေးတစ်ယောက် ကျောင်းဝင်းအပြင်သို့ ပြေးထွက် ားသည်ကိုသာ ရိပ်ခနဲမြင်လိုက်ရတော့သည်။

'ဟင်....သူတို့ပါလား'

စိတ်ထဲမှ လွှတ်ခနဲရေရွတ်လိုက်မိ၏။

ထို့နောက် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ....

'သင်းတို့နှစ်ယောက် ငါ့လက်ကလွတ်အောင် ဘယ်လောက်ပြေးနိုင်မှာမို့လဲ၊ ဟင်း....တွေ့ကြသေးတာပေါ့'

စိတ်ထဲမှ ရေရွတ်ကြုံးဝါးလိုက်ခြင်း ဖြစ်ပေသည်။

ယခု ပြေးထွက်သွားသူနှစ်ယောက်မှာ သူမအနေဖြင့် မဖြစ်မနေရှင်းလင်းသုတ်သင်ရမည့်ဖေးယန်နှင့်ကို့ချင်းတို့ဖြစ်ကြောင်း သိလိုက်ရသောကြောင့် ပင်တည်း။

❖

## ဝက်ဝံသုံးကောင်

ဝူပိနယ်သည် တောတန်းတောင်တန်းလွှန်စွာထူထပ်လှသော ဒေသတစ်ခု ဖြစ်သည်။

ထို့ကြောင့် လူသူအရောက်အပေါက် အလွန်နည်းပါးလှပေသည်။

တောင်ရိုးတန်းရှိ အကြောင်းကိစ္စမရှိဘဲ ထိုဒေသသို့ မည်သူမျှ သွားလာကြခြင်း မရှိကြပေ။

သို့သော်....

လုလင်မျိုတစ်ဦးနှင့် မိန်းမပျိုတစ်ဦးတို့သည် မြင်းကိုယ်စီဖြင့် တောအသွယ်သွယ် တောင်အထပ်ထပ်ကို ခက်ခဲစွာဖြတ်ကျော်နိုင်လျက် ရှိနေကြ၏။

သူတို့ကား အခြားသူများ မဟုတ်ကြပေ။

ကို့ချင်းနှင့်ဖေးယန်တို့သာ ဖြစ်ကြပေ၏။

သူတို့သည် မြစိမ်းရောင်နန်းတော်ကို ရှာဖွေရန် ယခုကဲ့သို့ ခက်ခဲကြမ်းတမ်းသောခရီးကို နှင်လာခဲ့ကြခြင်း ဖြစ်သည်။

ဖေးယန်သည် မိခင်ဖြစ်သူ၏ပြောပြချက်အရ ဂူပိနယ်တော တောင်ယူထပ်သောအရပ်၌ မြစိမ်းရောင်နန်းတော်ရှိကြောင်း...

မြစိမ်းရောင်နန်းတော်၏ အရှင်သခင် ကျွန်းညိုရှင် ကျင်းတို သည် သူမ၏အဘိုးဖြစ်ကြောင်း ကြားဖူးထားသည်။

ထို့ကြောင့်အဘိုးဖြစ်သူအား ရှာဖွေရန် ခရီးနှင်ခဲ့ကြခြင်း ဖြစ်သည်။

သူတို့သည် ဂူပိတောင်တန်းများပေါ်၌ သုံးရက်တိုင်တိုင် လှည့်ပတ်ရှာဖွေခဲ့ကြပြီး ဖြစ်သည်။

အဘိုးဖြစ်သူ၏ မြစိမ်းရောင်နန်းတော်ကို အရိပ်အယောင် မျှပင် မတွေ့ကြရသေးပေ။

သို့သော်...

သူတို့နှစ်ယောက်သည် လုံးဝစိတ်မပျက်တဲ့ ဆက်လက်ရှာဖွေ လျက်ရှိသည်။

ခရီးလမ်းပန်း အခြေအနေသည် ပို၍ ခက်ခဲကြမ်းတမ်း လာ၏။

မြင်းဖြင့်ခရီးဆက်ရန်ပင် မဖြစ်နိုင်တော့ချေ။

ထို့ကြောင့် ခြေလျင်ဖြင့်သာ ခရီးဆက်ခဲ့ကြပြန်၏။

နောက်ဆုံးတွင် မြင့်မားဆော်မောက်သော တောင်တစ်လုံး ပေါ် ရောက်ရှိလာခဲ့ကြ၏။



သူတို့နှစ်ယောက် မဟန်နိုင်တော့ပါ။

ခြေပစ်လက်ပစ်ထိုင်ချကာ အနားယူလိုက်ကြရတော့၏။

'ညီမရယ်၊ သုံးရက်လုံးလုံး ရှာတာတောင် မတွေ့ဘူး ဆိုတော့ ရှိမယ်မထင်ပါဘူး'

ကို့ချင်းက အနည်းငယ်စိတ်ပျက်ဟန်ဖြင့် ပြောလိုက်သည်။

ဖေးယန်က သက်ပြင်းချရင်း...

'ကျွန်မကတော့ ဘိုးဘိုးကိုတွေ့အောင်ရှာမှဖြစ်မယ် အစ်ကို၊ အခုအချိန်မှာ ညီမအတွက် အားကိုးစရာဆိုလို့ ဘိုးဘိုးပဲရှိပါ တော့တယ်'

ထိုစကားကြောင့် ကို့ချင်းစိတ်မကောင်းဖြစ်သွားသည်။

မှန်ပါသည်။

သူ့အနေနှင့် မေလင်းအကြောင်းကို ကောင်းစွာသိထားသည်။

မေလင်းသည် မျှော်မှန်းချက် ကြီးမားသူဖြစ်၏။ သူမ၏ ရည်ရွယ်ချက် အောင်မြင်ထမြောက်အောင် မည်သို့သောနည်း လမ်းကိုမဆို အသုံးပြုရန် ဝန်မလေးသူဖြစ်၏။

ထို့ကြောင့် ဖေးယန်အဖြစ် ဟန်ဆောင်ပြီး မြစိမ်းရောင် နန်းတော်သို့ ရောက်ရှိခဲ့မှာ သေချာသည်။

ဤသို့ဆိုလျှင် သူမ၏ဟန်ဆောင် ဖုံးကွယ်မှု မပေါ်ပေါက်စေရန် ဖေးယန်ကို မလွှဲမသွေသုတ်သင် ရှင်းလင်းမှာ မြကြီးလက်ခတ်မလွဲပင် ဖြစ်၏။

'ဘိုးဘိုးကိုတွေ့အောင်ရှာပြီး အကျိုးအကြောင်း ပြောပြချင်လို့ အခုလို အပင်ပန်းခံနေရတာပါရှင်၊ ဒါပေမယ့်....'

ဖေးယန်သည် ပြောရင်း စိတ်ပျက်အားငယ်လာဟန် တူ၏၊ စကားပင် ဆက်မပြောနိုင်တော့ပါ။

ကို့ချင်းမှာ ဇိတ်မကောင်းဖြစ်သွားကာ....

'အားမငယ်ပါနဲ့ညီမရယ်၊ အမှန်တရားဆိုတာ ဖုံးကွယ်လို့ မရပါဘူး၊ မကောင်းမှုလုပ်တဲ့လူဟာလဲ တာရှည်ထောင်လွှားလို့ မရနိုင်ပါဘူး'

'ကျွန်မကတော့ ကျွန်မအတွက်စိုးရိမ်တာ မဟုတ်ပါဘူး၊ သိုင်းလောကအတွက် ရင်းလေးမိလို့ပါ'

ကို့ချင်း သက်ပြင်းချမိသည်။

မေလင်း၏ မာန်မာနထောင်လွှားပုံကို မျက်စိထဲ ပြန်လည် မြင်ယောင်လာသည်။

ဤအတိုင်းဆိုပါက ဖေးယန်ပြောသလိုသိုင်းလောကအတွက် ရင်လေးစရာပင် ဖြစ်ပေသည်။

'အင်း....ဒါဆိုရင်တော့ ညီမရဲ့ဘိုးဘိုးကို မဖြစ်မနေ တွေ့အောင် ရှာရတော့မှာပဲ'

ဖေးယန်၏မျက်နှာက လေးနက်ကြည်လင် ဝင်းပသွား၏



'ဝမ်းသာလိုက်တာအစ်ကိုရယ်၊ ညီမအတွက် အစ်ကို ခုလို ဒုက္ခခံပြီး လိုက်လာတာကို ကျေးဇူးတင်လို့မဆုံးပါဘူးရှင်'

'အို....အစ်ကို့ကြောင့် ညီမဒုက္ခရောက်ခဲ့ရတာပါ၊အစ်ကိုသာ ညီမကိုမခေါ်ခဲ့ရင် ညီမခုလိုအဖြစ်မျိုး ဘယ်ကြုံရပါ့မလဲ၊ ဒါကြောင့် ညီမနဲ့ပတ်သက်လာရင် အစ်ကို့မှာ လုံးလုံးတာဝန်ရှိပါတယ်'

'တာဝန်ဆိုတဲ့စကား မပြောပါနဲ့လားအစ်ကိုရယ်'

တစ်ယောက်နှင့်တစ်ယောက် အချိန်ကာလကြာမြင့်စွာ လက်ပွန်းတတီးနေလာခဲ့ကြသူများဖြစ်ရာ သူတို့နှစ်ဦးစလုံး၏ရင်ထဲ၌ တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်တွယ်နေမိပြီကို ယခုအခါတွင်မှ လှိုက်လှဲစွာခံစားနားလည်မိလိုက်ကြတော့သည်။

တစ်ယောက်ကိုတစ်ယောက် ဆုပ်ကိုင်မိလိုက်ကြခြင်းက တစ်သက်တာ လက်တွဲသွားမည့် အဖော်မွန်များအဖြစ် သစ္စာပြုလိုက်ကြသည့်အလား ရှိနေတော့သည်။

မည်မျှကြာအောင် တစ်ယောက်ကိုတစ်ယောက် ဆုပ်ကိုင်ထားမိကြသည်မသိ။

'ဟင်....အစ်ကို ဟောဟိုမှာ ကြည့်စမ်းပါဦး'

တစ်စုံတစ်ခုကိုတွေ့မြင်ပြီး ဖေးယန်၏နှုတ်မှ အလန့်တကြား လွှတ်ခနဲပြောလိုက်သည်။

သည်တော့မှ ကိုချင်းလည်း သတိပြန်ဝင်လာကာ ဖေးယန့် ညွှန်ပြရာသို့ ကမန်းကတန်း လှမ်းကြည့်မိ၏။

တွေ့မြင်လိုက်ရသောအရာကြောင့် ရင်ထဲထိတ်ခနဲ ဖြစ်သွားသည်။

လူတစ်ရပ်ခန့်မြင့်သော ဝက်ဝံဖြူကြီးသုံးကောင် သူတို့ထံသို့ မာရှေ့ရှေ့ဦးတည်လာနေသည်မဟုတ်ပါလား။

'ဟာ....ဝက်ဝံဖြူကြီးတွေပါလား၊ အစ်ကိုတို့ဘက် လာနေတယ်၊ ဒုက္ခပဲ၊ ရှောင်စရာပုန်းစရာလဲမရှိဘူး'

မှန်ပါသည်။

သူတို့ရောက်နေသောနေရာသည် ကျောက်သားလွင်ပြင်ဖြစ်နေ၏။

ပုန်းအောင်းစရာနေရာလည်း မရှိ။

ဖေးယန်သည် အထိတ်တလန့်ဖြင့် ထရပ်ရင်း....

'ဒုက္ခပဲ၊ ဝက်ဝံကြီးသုံးကောင် တဖြည်းဖြည်းနီးလာနေပြီ အစ်ကို ကြည့်လုပ်ပါဦး'

ကိုချင်းလည်း မကြံတတ်ပါ၊ ဘာလုပ်ရမှန်းမသိ။

ဖေးယန်၏လက်ကိုဆွဲကာ နောက်သို့သာ တဖြည်းဖြည်း ဆုတ်မိလေ၏။

နှုတ်မှလည်း ဖေးယန် အကြောက်ပြေရန် နှစ်သိမ့်စကား ပြောလိုက်သည်။



'ညီမ...မကြောက်နဲ့၊ သူတို့ရဲ့အခြေအနေကိုကြည့်နေ၊ သူတို့က တို့ကိုရန်လုပ်ချင်မှလုပ်မှာ'

ပြောသာ ပြောလိုက်ရသည်။

ဝက်ဝံဖြူကြီးသုံးကောင်ကရန်လုပ်မည်မလုပ်မည်မသေချာပါ။

ထို့ကြောင့် ကိုချင်းသည် အထူးပင်သတိထားနေရ၏။

ယင်းအခိုက်မှာပင် ဝက်ဝံဖြူသုံးကောင်သည် သူတို့နှင့် ဝါးနှစ်ရိုက်ခန့်အကွာသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

၎င်းတို့၏ ရဲရဲနီသော မျက်လုံးများက ကိုချင်းနှင့် ဖေးယန်တို့ကို စူးစမ်းအကဲခတ်ဟန်ဖြင့် တစ်လှည့်စီ ကြည့်နေကြလေသည်။

ကိုချင်းက ဖေးယန်ကို သူ့နောက်ဘက်သို့ပို့လိုက်ပြီး လက်တစ်ဖက်က ခါးတွင်ချိတ်ထားသော ဓားကို ဆုပ်ကိုင်လိုက်သည်။

ဝက်ဝံဖြူကြီးသုံးကောင်က သွားများဖြဲကာ ရှေ့သို့ ဆက်၍ တိုးလာ၏။

ကိုချင်းက ဖေးယန်ကို အကာအကွယ်ပေးရင်း နောက်သို့ တဖြည်းဖြည်းဆုတ်၏။

ဖေးယန်သည် နောက်သို့ ကြောက်ကြောက်လန့်လန့်နှင့်ဆုတ်ရာ ခြေချော်ပြီး လဲကျသွား၏။

'ခွိမ်း....ခွိမ်း....ခွိမ်း'

သူမ၏လက်ကောက်ဝတ်ရှိ ကျောက်စိမ်းလက်ကောက်မှ ခြူးကလေးကို လှုပ်ခါလိုက်သလိုဖြစ်သွားပြီး တချွမ်းချွမ်းအသံထွက်ပေါ်လာ၏။

ထိုအသံကြောင့် ဝက်ဝံဖြူသုံးကောင် တို့ ခနဲရပ်သွားကြ၏။

ကိုချင်းက လဲကျသွားသော ဖေးယန်ကို ဖေးမရင်း ဝက်ဝံဖြူကြီးသုံးကောင်ကို လှမ်းကြည့်သည်။

ရန်မူလာပါက ခုခံရန်အသင့်ပြင်ထားလိုက်၏။

သို့သော် ဝက်ဝံဖြူကြီးသုံးကောင်သည် ရှေ့ဆက်တိုးမလာတော့ဘဲ ကိုချင်းတို့ကို စူးစိုက်ကြည့်နေ၏။

နှုတ်မှလည်း တဂီးဂီးအသံပြုနေ၏။

မာန်ဖီနေခြင်းမဟုတ်မှန်း သိသာလှ၏။

ကိုချင်းက ဖေးယန့်ရှေ့မှကာကွယ်ရင်း....

'ညီမ... ဒီဝက်ဝံဖြူတွေကြည့်ရတာ အစ်ကိုတို့ကို ရန်ပြုမယ့်ပုံမပေါ်ဘူး၊ တစ်ခုခုပြောနေသလိုပဲ'

ကိုချင်းသည် လက်တစ်ထောင်တောင်ကြား၌ ကြီးပြင်းလာသူဖြစ်ရာ ထိုတောင်ကြားရှိ တိရစ္ဆာန်များနှင့် နီးနီးကပ်ကပ်နှစ်ပေါင်းများစွာ နေလာခဲ့ဖူးသဖြင့် တိရစ္ဆာန်များ၏ သဘောသဘာဝကို ကောင်းစွာနားလည်နေ၏။

ထို့ကြောင့် ဝက်ဝံဖြူကြီးသုံးကောင်၏ အပြုအမူကိုမြင်တွေ့ရသည့်အခါ ရန်ပြုမည့်အနေအထားတွင်မရှိကြောင်း တစ်ထစ်ချပြောနိုင်ခဲ့ခြင်းဖြစ်ပေသည်။



'သူ....သူတို့ ဘာပြောနေကြတာလဲဟင်'

ဖေးယန်က ဝက်ဝံဖြူကြီးသုံးကောင်ကို ကြောက်ကြောက်နှင့် မေးလိုက်၏။

ကိုချင်းက ခေါင်းခါယမ်းလိုက်သည်။

'ဒါတော့ အစ်ကိုလဲမသိဘူး၊ ဒါပေမယ့် တစ်ခုခုပြောနေတာတော့သေချာတယ်၊ နောက်ပြီး ညီမကိုလဲ ခင်မင်ပုံရတယ်'

'ရှင်....ကျွန်မကို ခင်မင်ပုံရတယ်၊ ဟုတ်လား'

ဖေးယန်သည် ယင်းသို့မေးရင်း သူမ၏မိခင်ပြောပြခဲ့ဖူးသည်ကို ရုတ်ခြည်း ပြန်လည်သတိရလိုက်မိလေတော့၏။

လသာသောညတစ်ည....

မြို့စားစံအိမ်၏ဥယျာဉ်ရှိ ကျောက်ခုံကလေး၌ ဖေးယန်သည် မိခင်၏ရင်ခွင်ထဲ ကျောမှီလဲလျောင်းလျက်ရှိသည်။

မိခင်ဖြစ်သူက ခြူကလေးတစ်စုံ ချိတ်ဆွဲထားသည့် ကျောက်စိမ်းလက်ကောက်တစ်ကွင်းကို ဖေးယန်၏လက်၌ ဝတ်ဆင်ပေးရင်း....

'သမီး....ဒီလက်ကောက်ကလေးကို သေချာဂရုစိုက်နော်'

မိခင်၏စကားကြောင့် ဖေးယန်က နားမလည်နိုင်ဟန်ဖြင့်....

'ဘာဖြစ်လို့လဲမေမေ'

'ဘာဖြစ်လို့လဲဆိုတော့ဒီပစ္စည်းက မင်းဘိုးဘိုးရဲ့ ပစ္စည်းမို့ပဲ'

'ဟင်....ဒါ သမီးဘိုးဘိုးရဲ့ ပစ္စည်းဟုတ်လား'

'ဟုတ်တယ်သမီး၊ သမီးရဲ့ဘိုးဘိုးမှာ ဝက်ဝံဖြူလေးသုံးကောင်လဲရှိတယ်၊ ဒီခြူသံကြားရင် ဝက်ဝံဖြူသုံးကောင်ဟာ ကဆုန်ပေါက် ပြေးလာတော့တာပဲ၊ မေမေ့မှာ အဖော်မရှိတော့ ပျင်းတဲ့အခါတိုင်း ခြူသံပေးပြီး ဝက်ဝံဖြူသုံးကောင်နဲ့ အဖော်လုပ်နေရတော့တာပေါ့ကွယ်'

ဤတွင် ဖေးယန်က ကျောက်စိမ်းလက်ကောက်ကို လှုပ်ခါလိုက်၏။

'ဟင်....ဝက်ဝံဖြူလေးတွေ လာတာလဲ မတွေ့ပါလား'

မိခင်ဖြစ်သူက ရယ်မောလိုက်ပြီး....

'ဟင်း....ဟင်း....ဟင်း၊ သမီးကလဲ့ ဒီနေရာမှာ ဝက်ဝံကြီးတွေမှ မရှိဘဲ၊ သမီးကြီးတဲ့အခါ ဘိုးဘိုးဆီပို့ပေးမယ်၊ အဲဒီအခါမှ ခြူသံပေးလိုက်ရင် ဝက်ဝံဖြူကြီးသုံးကောင် ကဆုန်ပေါက် ရောက်လာလိမ့်မယ်'

ဖေးယန်သည် တစ်ချိန်က မိခင်ဖြစ်သူပြောခဲ့သည့် စကားများကို ပြန်လည်ကြားယောင်မိကာ စိတ်ခေတ္တ တက်ကြွလာလေ၏။

'ဟုတ်ပြီ၊ ကျွန်မငယ်ငယ်က မေမေပြောခဲ့ဖူးတယ်၊ ဘိုးဘိုးဆီမှာ ဝက်ဝံဖြူသုံးကောင်ရှိတယ်တဲ့၊ အခုတွေ့ရတဲ့ ဝက်ဝံဖြူကြီးသုံးကောင်ဟာ ဘိုးဘိုးဆီကပဲဖြစ်မယ်'



ကို့ချင်း ခေါင်းညိတ်လိုက်သည်။

'ဖြစ်နိုင်တယ်၊ သူတို့ကိုကြည့်ရတာ စနစ်တကျလေ့ကျင့်ပေးထားပုံပဲ၊ နို့မို့ရင် ဒီလိုနေရမှာမဟုတ်ဘူး၊ အစ်ကိုတို့ကို သေချာပေါက်ရန်ရှာမှာ'

'ဒါဖြင့် ကျွန်မစမ်းကြည့်လိုက်မယ်'

ဖေးယန်သည် ပြောရင်း လက်ကောက်ကို လှုပ်ခါလိုက်၏။

'ခြွမ်း....ခြွမ်း....ခြွမ်း'

ခြူသံကြားသည့်အခါ ဝက်ဝံဖြူသုံးကောင်သည် တကျိကျိ အော်မြည်လျက် ခုန်ပေါက်မြူးထူးကာ ဖေးယန်ထံ ချဉ်းကပ်လာကြလေသည်။

သူတို့သည် နှစ်ပေါင်းများစွာ ကွဲကွာနေသော သခင်ကို ပြန်လည်တွေ့ရသလို လွန်စွာပျော်ရွှင်နေသည်ကို တွေ့ရလေ၏။

ပထမတွင် ဖေးယန်သည် ခပ်ရှုံ့ရှုံ့ဖြစ်နေ၏၊

သို့သော် ဝက်ဝံဖြူများ ခုန်ပေါက်မြူးထူးနေသည်ကို တွေ့ရသည့်အခါ အကြောက်ပြေသွားပြီး....

'အစ်ကို၊ သူတို့ဟာ မေမေပြောပြဖူးတဲ့ ဝက်ဝံတွေဖြစ်မှာ သေချာတယ်'

ကို့ချင်းက ဝက်ဝံများ၏ အရိပ်အကဲကို အကဲခတ်ရင်း....

'ဟုတ်တယ် ညီမ၊ အစ်ကိုတို့ ကံကောင်းတာပဲ၊ ဟိုမှာကြည့်စမ်း အစ်ကိုတို့ကိုခေါ်နေတယ်၊ လာ....ရဲရဲသာ လိုက်သွားကြရအောင်'

ထိုအချိန်တွင် ဝက်ဝံဖြူများသည် ဖေးယန်အနီးသို့ ရောက်လာကြပြီး လက်ကိုဆွဲခေါ်ရာ ဖေးယန်လည်း ခပ်ရဲရဲပင်လိုက်ပါသွားလေတော့၏။

## အတု အစစ်

ဝက်ဝံဖြူကြီး သုံးကောင်သည် ဖေးယန်တို့အား ချောက်ကမ်းပါးပေါ် ငေါထွက်နေသော ကျောက်စွန်းကျယ်ကြီးတစ်ခုပေါ် ခေါ်ဆောင်လာသည်။

ဖေးယန်နှင့် ကို့ချင်းတို့ ကြောင်အမ်းအမ်း ဖြစ်ကုန်ကြ၏။ ကျောက်စွန်းကြီးပေါ် ဘာ့ကြောင့် ခေါ်လာရပါသနည်း။

သူတို့ နားမလည်နိုင်အောင် ဖြစ်သွားကြသည်။

ဝက်ဝံဖြူကြီးသုံးကောင်က တကျိုကျိုအသံပြုရင်း အောက်ဘက်သို့ ညွှန်ပြကြ၏။

ထိုအခါမှ ကို့ချင်းနှင့် ဖေးယန်တို့ အောက်ဘက်သို့ ငုံ့ကြည့်မိကြသည်။

'ဟင်....'

ချောက်ကမ်းပါးအောက်ဘက်ရှိ လွင်ပြင်ကျယ်ကြီး၌ ထီးထီးကြီး တည်ရှိနေသော အဆောက်အအုံကို တွေ့မြင်လိုက်ရသောကြောင့် အံ့ဩကုန်၏။

ပြီးမှ ဖေးယန်သည် ဝမ်းသာအားရဖြစ်ကာ....

'ဒါ...ဒါမေမေပြောတဲ့ ဘိုးဘိုးရဲ့ မြစိမ်းရောင်နန်းတော်'

'မြစိမ်းရောင်နန်းတော်'

ဖေးယန်၏ ဝမ်းသာအားရစကားသံ ပဲ့တင်ရိုက်ခတ်လွင့်ပျံ့သွားလေ၏။

ပဲ့တင်သံနှင့် မဝေးမနှောင်းမှာပင်....

'ဟေ့....ဒီမှာလာပြီး ဆူညံဆူညံလုပ်နေတာ ဘယ်သူလဲ'

အောက်ခေါက်မေးမြန်းသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာသည်။

ထိုအချိန်မှာပင်....

ဝက်ဝံမြူသုံးကောင်သည် ကို့ချင်းနှင့် ဖေးယန်တို့ကိုတွဲကာ နွယ်ပင်များမှတစ်ဆင့် အောက်ဘက်ကိုဆင်းသက် သွားလေသည်။

အောက်ဘက်လွင်ပြင်သို့ရောက်သည့်အခါ ၎င်းတို့ထံသို့လူတစ်စု ဦးဆောင်ချဉ်းကပ်လာသည်။



ထိုလူစုမှ ခေါင်းဆောင်ဖြစ်ဟန်တူသော အရပ်ပုပျပ်ပျပ်နှင့် အဘိုးအိုတစ်ဦးက ကို့ချင်းတို့ကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကာ....

'မင်းတို့ ဘယ်သူတွေလဲ၊ ဘာကိစ္စနဲ့ ရောက်လာကြရတာလဲ'

ဖေးယန်ပြန်မဖြေမီ ကို့ချင်းက လက်နှစ်ဖက်ဆုပ်ပြီး....

'ကျွန်တော်တို့ အရေးကြီးတဲ့ကိစ္စနဲ့ မြစိမ်းရောင်သခင်ကြီးကို တွေ့ချင်လို့ပါ'

ကို့ချင်းသည် ကျင်းတိနှင့်မတွေ့မီ ဖေးယန် အကြောင်းကို မဖြေလိုသောကြောင့် လာရင်းကိစ္စကိုမပြောဘဲ နေလိုက်သည်။

ပုပျပ်ပျပ် အဘိုးအိုက မျက်မှောင်ကြုတ်လိုက်ပြီး....

'နေစမ်းပါဦး၊ ဒီနေရာကို ဘယ်သူညွှန်လိုက်လို့ သိနေရတာလဲ'

ကို့ချင်းက ပျာပျာသလဲပင်....

'ကျွန်တော်တို့မသိပါဘူး ခင်ဗျာ၊ ဒီဝက်ဝံကြီး သုံးကောင်က အတင်းဆွဲခေါ်လာလို့ပါ'

ဝက်ဝံကြီးသုံးကောင်ကလည်း အနားတွင်ရှိနေရာ ထိုအဘိုးအိုသည် ကို့ချင်း၏စကားကို သံသယမဝင်တော့ချေ။

'ကောင်းပြီလေ....ဒါဆိုလဲ လာရင်းကိစ္စကိုပြော၊ ငါ့ကို ပြောလိုက်ရင်ပြီးတယ်'

ကို့ချင်းက လက်နှစ်ဖက်ဆုပ်လိုက်ပြီး....

'ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ဒါပေမယ့် ကျွန်တော်တို့ကိစ္စက မြစိမ်းရောင်သခင်ကြီးနဲ့တွေ့မှ ပြီးနိုင်မယ့်ကိစ္စ ဖြစ်နေပါတယ်ခင်ဗျာ၊ ဒါကြောင့် ကျေးဇူးပြုပြီး မြစိမ်းရောင် သခင်ကြီးနဲ့ တွေ့ခွင့်ပေးပါ'

အဘိုးအို ခေတ္တမျှငိုင်သွား၏။

သူသည် ကို့ချင်းနှင့် ဖေးယန်တို့ကို တစ်လှည့်စီအကဲခတ်ကြည့်၏။

ရန်သူများမဖြစ်နိုင်ကြောင်း အကဲခတ်မိသည်၊ အကယ်၍ ရန်သူဆိုရင်လည်း မှုစရာမရှိသူများဖြစ်ကြောင်း ရိပ်မိသဖြင့်....

'အင်းလေ....ဒါဆိုလဲ ငါ့နောက်လိုက်ခဲ့ကြပေါ့'

ပြောပြီး အဘိုးအိုသည် ရှေ့မှ ဦးဆောင်ထွက်ခွာသွားလေတော့၏။

❖

အဘိုးအိုသည် ကို့ချင်းနှင့် ဖေးယန်တို့အား မြစိမ်းရောင်နန်းတော် တံခါးဝအထိသာ ပို့ပေးသည်။

'ကဲ....မင်းတို့ အထဲဝင်သွားပေတော့'



အတွင်းဘက်သို့ ဝင်ရောက်လိုက်သည့်အခါ ဝန်းကျင်တစ်ခု မှောင်နေသဖြင့် ရုတ်တရက် ဘာမျှမမြင်နိုင်ကြဘဲ ဖြစ်သွားသည်။

ခဏကြာမှ မျက်လုံးကျင့်သားရကာ အတောင်အတန် မြင်တွေ့ကြသည်။

ဤတွင် သူတို့ရှေ့၌ ခါးအနည်းငယ်ကိုင်းနေသော အဘွားတစ်ယောက်ကို မြင်တွေ့လိုက်ရ၏။

အဘွားအိုက....

'ငါ့နောက်လိုက်ခဲ့'

တိုးတိတိပြောကာ ရှေ့မှ လမ်းပြခေါ်ဆောင်သွားပြန်လေသည်။

ကို့ချင်းနှင့် ဖေးယန်တို့သည် တစ်ယောက်လက်တစ်ယောက် စွာ ဆုပ်ကိုင်လျက် အဘွားအိုနောက်မှ လိုက်ပါသွားကြလေ၏။

ခြေလှမ်းငါးဆယ်ခန့် သွားမိကြသည့်အခါ အခြားတံခါးခုကို တွေ့မြင်ရပြန်၏။'

အဘွားအိုက တံခါးနှစ်ချပ်ကို အသာအယာတွန်းဖွင့်ပြီး....

'ကဲ....မင်းတို့ဝင်သွားကြပေါ့'

ကို့ချင်းနှင့် ဖေးယန်တို့သည် အဘွားအို ညွှန်ကြားသည့် ...င်းပင် အတွင်းသို့ ဝင်ရောက်လိုက်ကြလေသည်။

အဘွားအိုက လိုက်မဝင်ဘဲ တံခါးကို အပြင်မှ ပြန်လည်ပိတ်ထားလိုက်၏။

ကို ချင်းတို့ ဝင်ရောက်သွားသည့်အခန်းသည် လွန်စွာခံ့ညားသည့် ဧည့်ခန်းကြီးတစ်ခုနှင့် တူပေသည်။

စားပွဲကုလားထိုင်များ စနစ်တကျခင်းကျင်းထားကာ နံရံများ၌ ပန်းချီကားများ ချိတ်ဆွဲထား၏။

မျက်နှာကြက်တွင်လည်း ရောင်စုံဖန်မီးအိမ်များ ချိတ်ဆွဲထား၏။

ထိုမီးအိမ်များမှ ရောင်စုံအလင်းရောင်ကြောင့် တစ်ခန်းလုံး လင်းထိန်လျက်ရှိသည်။

ကို ချင်းနှင့် ဖေးယန်တို့သည် အခန်းထဲဝင်ရောက်လာပြီး ဟိုသည်သည် ကြည့်ရှုကြသည်။

မည်သူမျှမတွေ့ရဘဲရှိ၏။

'အင်း....အစ်ကိုတို့ ဒီကပဲစောင့်နေရမယ်ထင်တယ်'

ကို ချင်းက ပြောလိုက်ခြင်းဖြစ်သည်။

ဖေးယန်က သက်ပြင်းမှုင်းမှုင်းချရင်း....

'အင်း....ကိစ္စရှိလို့သာလာရတာ ဘိုးဘိုးကို တစ်ခါမှလဲ မ[မြင်]ဖူးတာမဟုတ်ဘူး၊ ဘိုးဘိုးကကော ကျွန်မကို သူ့မြေးလို့ယုံကြ[ည်]ပါ့မလား မသိဘူး'



ဖေးယန်သည် လာမည့်သာလာရသော်လည်း စိတ်ထဲ၌ စနိုးစနောင့် ဖြစ်နေမိ၏။

ယင်းအခိုက်မှာပင်....

'ချွက်....'

အသံတစ်သံ ခပ်သဲ့သဲ့ ထွက်ပေါ်လာပြီး နံရံပေါ်မှ ပန်းချီကားကြီးတစ်ချပ် တဖြည်းဖြည်း ဘေးတိုက်ရွှေ့လျားသွားသည်ကို တွေ့လိုက်ရလေသည်။

ပန်းချီကားကြီးနောက်ကွယ်မှ လျှို့ဝှက်တံခါးပေါက်တစ်ခု ထွက်ပေါ်လာသည်။

ထိုလျှို့ဝှက်ပေါက်မှတစ်ဆင့် လူရိပ်တစ်ရိပ် ထွက်လာ၏။

ကို ချင်းနှင့် ဖေးယန်တို့ ဝမ်းသာအားရဖြစ်သွားကာ....

'ဘိုးဘိုး'

စိတ်လှုပ်ရှားစွာဖြင့် ဖေးယန်၏နှုတ်မှ လွှတ်ခနဲခေါ်လိုက်မိသည်။

သို့သော်....

လျှို့ဝှက်တံခါးပေါက်မှထွက်လာသူကို သေချာမြင်တွေ့လိုက်ရသည့်အခါ ကို ချင်းနှင့် ဖေးယန်တို့ ပါးစပ်အဟောင်းသား ဖြစ်သွားကြကုန်တော့၏။

ခေါင်းနားပန်းကြီးကာ တစ်ကိုယ်လုံးရှိ အားအင်များ တစ်မ
ဟုတ်ချင်း ပျောက်ကွယ်သွားသကဲ့သို့ ချည့်ပျော့ခွေသွားကြကုန်
လေသည်။

အကြောင်းကား....

လျှို့ဝှက်တံခါးပေါက်မှ ထွက်လာသူသည် ဖေးယန်အယော
ဆောင် မေလင်းဖြစ်နေသောကြောင့်ပင်တည်း။

ကို့ချင်းနှင့် ဖေးယန်တို့သည် မျက်လုံးများဝိုင်းစက်ပြူးကျယ်
ကာ ပါးစပ်အဟောင်းသားဖြင့် မေလင်းကို အကြောင်သား
ငေးကြည့်နေမိကြသည်။

မေလင်းက သူတို့နှစ်ယောက်ကို ပြုံးပြ၏။

သူမသည် အစိမ်းနုရောင်ဝတ်စုံပေါ်၌ နှင်းပွင့်သဖွယ် ဖြ
ဆွတ်သော ဇာပဝါကို ခြုံလွှမ်းထားရာ မိုးပေါ်မှကျလာသော
နတ်သမီးတစ်ပါးပမာရှိနေသည်။

သို့သော် ကို့ချင်းနှင့် ဖေးယန်တို့အဖို့မူကား မေလင်းသည်
လှန်စွာ ကြောက်စရာကောင်းလှသော မြွေဟောက်တစ်ကော
အလား ရှိနေပေသည်။

သူတို့နှစ်ယောက်သည် မေလင်း၏ရန်မှ လွတ်မြောက်နိုင်ရ
တောအသွယ်သွယ်၊ တောင်အထပ်ထပ်ကိုဖြတ်ကာ မြစိမ်းရော
နန်းတော်သို့ အားကိုးတကြီး ထွက်လာခဲ့ကြခြင်းဖြစ်သည်။

ယခုမူကား....



သူတို့ ရှောင်ပုန်းရန်ကြိုးစားနေသည့် ရန်သူ၏ရှေ့မှောက်ကို
မှ တန်းတန်းမတ်မတ် ရောက်ရှိနေရလေပြီ။

မေလင်းက သူတို့ကို လှောင်ပြုံးပြုံးရင်း....

'ဟင်း...ဟင်း.... တောအထပ်ထပ် ဖြတ်ကျော်လာရတော့
မောပန်းပြီး မိတ်ဆွေဟောင်းကို တွေ့တာတောင် နှုတ်မဆက်နိုင်
တော့ဘူးပေါ့'

ကို့ချင်းနှင့် ဖေးယန်တို့ကား စကားပင်မပြောနိုင်ဘဲ ကြက်
သေသေနေကြလေသည်။

မေလင်းက သူတို့အနီးသို့ လျှောက်လာပြီး နံဘေးမှ အသင့်
ရှိနေသည့် ထိုင်ခုံတစ်လုံး၌ ထိုင်ချလိုက်၏။

ပြီးနောက် သူတို့နှစ်ယောက်ကို ပြုံးစစဖြင့်ကြည့်ကာ....

'ဘယ်လိုလဲ၊ တော်တော်ပျော်နေကြသလား၊ အင်းလေ...
သွားအတူ စားအတူဆိုတော့ ပျော်ကြမှာပေါ့'

ပြုံးစစနှင့်မေးလိုက်သော်လည်း မေလင်း၏မျက်နှာတွင် ခံ
ပြင်းမှု၊ ဒေါသထွက်မှုတို့က ဖုံးကွယ်မရအောင် ယှက်သမ်းပေါ်
လွင်နေပေသည်။

'မေးနေတာ မကြားဘူးလား'

ကို့ချင်းနှင့် ဖေးယန်ထံမှ မည်သည့်စကားသံမျှ ထွက်မလာ
သဖြင့် မေလင်းက ဒေါသတကြီး အော်ငေါက်လိုက်၏။

ကို့ချင်းနှင့် ဖေးယန်တို့ လန့်ဖျပ်ကာ ယောင်ယမ်း၍ နောက်ဆုတ်သွားမိကြလေသည်။

မေလင်းသည် သူတို့နှစ်ယောက်ကို စေ့စေ့ကြည့်လိုက်ပြီး....

'နေစမ်းပါဦး၊ ရှင်တို့နှစ်ယောက် ဒီကိုဘာလာလုပ်ကြတာလဲ'

ဖေးယန်သည် စိတ်ထဲ၌ အတော်ပင် ခံပြင်းသွားကာ....

'ကျွန်မဘိုးဘိုးကို လာတွေ့တာ'

မေလင်း ဆတ်ခနဲထရပ်ပြီး ခါးထောက်လိုက်၏။

'ဘာ....ဘိုးဘိုး ဟုတ်လား၊ ဘယ်ကဘိုးဘိုးလဲ'

'ဟောဒီ မြစိမ်းရောင်နန်းတော်ရဲ့ သခင်ကြီးပေါ့'

ဖေးယန်က ခံပြင်းသံနှင့်ပြန်ပြောလိုက်ရာမေလင်းသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။

ပြီးမှ....

'မြစိမ်းရောင်နန်းတော်ရဲ့ သခင်ကြီးဟာ ညည်းရဲ့အဘိုး ဟုတ်လား'

ဖေးယန်မှာ အတော်ပင် မခံမရပ်နိုင်အောင် ဖြစ်သွားကာ....

'ဟုတ်တယ်လေ၊ ဟုတ်လို့လဲ လာတွေ့တာပေါ့'

'ဟား....ဟား....ဟား....ဟား'



မေလင်းက အားပါးတရ ရယ်မောလိုက်ပြန်လေ၏။

ပြီးမှ....

'အင်း....သူ့မှာ မြေးမလေးတစ်ယောက်ရှိတယ်ဆိုတာတော့ မှန်တယ်၊ ဒါပေမယ့် ညည်းမဟုတ်ဘူး'

'ရှင်....'

ဖေးယန်ခမျာ မျက်လုံးကလေးအဝိုင်းသား ဖြစ်သွားရရှာလေသည်။

ဘာဆက်ပြောရမှန်းမသိဘဲ ငေးငိုင်သွား၏။

ကို့ချင်းမှာ မနေနိုင်ဖြစ်ကာ....

'မေလင်း....ဘာပဲဖြစ်ဖြစ် မြစိမ်းရောင်သခင်ကြီးနဲ့ သူ့ကိုတွေ့ပေးလိုက်ပါ၊ မြေးအဘိုးဟုတ်မဟုတ်၊ သူ့ဟာသူ ရှင်းသွားလိမ့်မယ်'

မေလင်းက တခစ်ခစ်ရယ်မောကာ....

'ဒါဆို လွယ်ပါတယ်၊ ကျွန်မ အစ်ကို့ဆီက ကတိတစ်ခုတောင်းမယ်၊ အစ်ကိုသာကတိပေးမယ်ဆိုရင် ကျွန်မ ဒီနန်းတော်က ထွက်သွားမယ်၊ သူတို့မြေးအဘိုးကိုလဲ ဘယ်တော့မှ မနှောင့်ယှက်တော့ဘူး'

ကို့ချင်း မျက်မှောင်ကြုတ်သွားသည်။

'ငါက ဘာကိုကတိပေးရမှာလဲ'

မေလင်းသည် ကိုချင်းအား ရီဝေစွာ စိုက်ကြည့်လိုက်ပြီး....

'ဟိုးတစ်ချိန်တုန်းက အစ်ကိုပြောခဲ့တဲ့ စကားတစ်ခွန်းကို မှတ်မိသေးရဲ့လားဟင်'

ကိုချင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'ဘာစကားများပါလိမ့်'

'ကျွန်မကို ချစ်တယ်လို့ပြောခဲ့တာလေ'

ကိုချင်း သက်ပြင်းချလိုက်သည်။

'ဟုတ်ပါတယ်၊ နှမတစ်ယောက်လို ချစ်ခဲ့တာအမှန်ပါ၊ ခုထိလဲ မြဲနေဆဲလို့သဘောထားနေတုန်းပါပဲ'

မေလင်း မဲ့ပြုံးပြုံးလိုက်သည်။

'ဟင်း...ဟင်း...နှမတစ်ယောက်လိုချစ်တာ ဟုတ်လား၊ ရှင် ညာတာ၊ မြို့စားကြီးရဲ့သမီး ရောက်လာပြီးတဲ့နောက် ရှင် ကျွန်မကိုဖိတ်တဲ့ငါးပိရှိတယ်လို့တောင် မထင်တော့ဘူး၊ ရှင်ဟာ တကယ့်ကို အပြောင်းအလဲမြန်တဲ့လူပဲ'

မေလင်း၏စကားကြောင့် ကိုချင်း စိတ်တိုသွား၏။

'တော်...တိတ်စမ်း မင်းစကားတွေသိပ်လွန်နေပြီ၊ ငါဟာ ယောကျ်ား၊ အပြောင်းအလဲမြန်တဲ့လူမဟုတ်ဘူး၊ ဘယ်သူ့ကိုမှလဲ မလှည့်စားဘူး၊ ငါပြောတဲ့စကားဟာ အမှန်တရားပဲ၊ မင်း ယုံချင်မှယုံ မယုံချင်နေ'



မေလင်းက ခပ်ညင်းညင်းရယ်လိုက်၏။

'ဟင်း...ဟင်း...ဟင်း...ထားပါတော့လေ၊ ကျွန်မ တောင်းမယ့်ကတိကိုပဲ ပြောပါတော့မယ်'

ကိုချင်းသည် မေလင်းတောင်းဆိုမည့် ကတိကို နားစွင့်နေလိုက်၏။

မေလင်းက သူ့ကို စေ့စေ့ကြည့်ကာ....

'အစ်ကို ကျွန်မနောက်ကိုလိုက်ဖို့ ကတိပေးရုံပါပဲ၊ အစ်ကိုသာ ကျွန်မနဲ့အတူနေမယ်ဆိုရင်ဒီနန်းတော်ကိုသာမကဘူး အရာရာကို ကျွန်မ စွန့်လွှတ်ရဲတယ်'

မေလင်းထံမှ လုံးဝမျှော်လင့်မထားသော တောင်းဆိုမှုကြောင့် ကိုချင်းပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့၏။

အခန်းထဲတွင် လူသုံးယောက်ရှိနေသော်လည်း စကားသံလုံးဝထွက်မလာဘဲ ငြိမ်ချက်သား ကောင်းနေလေသည်။

အတန်ကြာမှ မေလင်းထံမှ လှိုက်လှိုက်လှဲလှဲ စကားသံထွက်ပေါ်လာသည်။

'အစ်ကိုရေ၊ ကျွန်မတို့ လက်တစ်ဆောင်တောင်ကြားကို ပြန်ပြီး အရင်လိုပဲနေကြရအောင်နော်၊ အစ်ကိုသာ ကျွန်မနဲ့အတူ

ပြန်လိုက်မယ်ဆိုရင် ဖေးယန်ကို သူ့အဘိုးနဲ့ ဆုံတွေ့ပေးပြီး အဖြစ်မှန်ကို ကျွန်မ ရှင်းပြပေးပါ့မယ်'

ကို့ချင်း ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

'မေလင်း....ခင်းနဲ့ငါ့ရဲ့ကိစ္စကို ဖေးယန်ရဲ့ကိစ္စနဲ့သွားမရောပါနဲ့၊ ဘယ်ကိစ္စမဆို နည်းမှန်လမ်းမှန်နဲ့ တရားသဖြင့်ရှင်းသင့်တယ်'

မေလင်း စိတ်ပျက်သွားပုံရ၏။

'ဒီမှာအစ်ကို၊ စကားကိုဝေ့လည်ကြောင်ပတ် ပြောမနေပါနဲ့၊ ရှင်းရှင်းပဲပြောပါ၊ ကျွန်မနဲ့ပြန်လိုက်မလား၊ မလိုက်ဘူးလား ဒါပဲပြောပါ'

'မလိုက်ဘူး'

ကို့ချင်းက ခပ်ပြတ်ပြတ် ပြန်ပြောလိုက်၏။

ငေးငိုင်နေသော ဖေးယန်လည်း ယခုမှသတိဝင်လာဟန်ဖြင့် ကို့ချင်း၏လက်ကို အသာလှမ်းဆွဲပြီး....

'ကဲပါ....အစ်ကိုရယ်၊ ကျွန်မဘိုးဘိုးနဲ့လဲ မတွေ့ချင်တော့ပါဘူး၊ ကျွန်မတို့ သွားကြပါစို့'

ဖေးယန်သည် ကို့ချင်းနှင့် မေလင်းတို့ အချင်းများမည်ကို မလိုလားသဖြင့် လက်လျှော့ပြီး ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်သည်။

သို့သော် မေလင်းက ၎င်းတို့ အေးအေးဆေးဆေးထွက်ခွာသွားမည်ကို လိုလားပုံမရချေ။



'ဟား....ဟား....ဟား....ဟား'

ခြောက်ကပ်ကပ်ရယ်မောလိုက်ပြီး....

'ဖေးယန်....ညည်းရဲ့အဘိုးကို တကယ်ပဲ မတွေ့ချင်တော့ဘူးလား'

ဖေးယန် ခေါင်းခါလိုက်သည်။

'ဟင့်အင်း....မတွေ့ချင်တော့ဘူး'

'ဒါဖြင့်....ညည်းအဖေနဲ့အမေကို လုပ်ကြံသွားတဲ့လူကိုကော မသိချင်ဘူးလား'

ဖေးယန်၏ မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွား၏။

'ဟင်....ကျွန်မမိဘတွေကို လုပ်ကြံသွားတဲ့လူကို ရှင်....ရှင်သိတယ် ဟုတ်လား၊ ဘယ်သူလဲဟင်'

မေလင်းက တဟားဟားရယ်လိုက်ပြီး....

'သိပ်သိချင်တယ်ဟုတ်လား၊ ဒါဆိုလဲပြောရတာပေါ့၊ ညည်းမိဘတွေကိုသတ်တာ ငါပဲ၊ သူတို့က ငါ့ကို သူတို့သမီးလို့ထင်ပြီး ဝမ်းသာအားရဖြစ်နေကြတုန်း ငါက လုပ်ကြံလိုက်တာပဲ'

မေလင်းသည် ကို့ချင်းအား မည်သို့မျှ ဆွဲဆောင်စည်းရုံး၍ မရနိုင်တော့ကြောင်း နားလည်လိုက်ပြီဖြစ်ရာ ခံပြင်းမှုကြောင့် စိတ်ရိုင်းဝင်လာပြီး ကို့ချင်းတို့အား ရှင်းလင်းသုတ်သင်ဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်သည်။

ထို့ကြောင့် ဖေးယန်အား မခံချိမခံသာဖြစ်အောင် ပြောလိုက်ခြင်းဖြစ်သည်။

ကို့ချင်းမှာ မေလင်း၏စကားကြောင့် ဒေါသခြောင်းခြောင်းထွက်သွားကာ....

'မေလင်း....မင်း....မင်း ရက်စက်ယုတ်မာလှချည်လား'

ဖေးယန်မှုကား မေလင်းအနေနဖြင့် ဤမျှရက်စက်ကြမ်းကြုတ်လိမ့်မည်ဟု လုံးဝမထင်ခဲ့ချေ။

မေလင်းက ပြုံးစိစိဖြင့် ဖေးယန်ကိုကြည့်လိုက်ပြီး....

'ကဲ....ဖေးယန်၊ ညည်းမိဘအတွက် ငါ့ကို ကလဲ့စားမချေတော့ဘူးလား၊ မိဘအတွက် သွေးကြွေးဆပ်ဖို့ ညည်းမှာတာဝန်ရှိတယ်လေ'

မေလင်းသည် ယင်းသို့ပြောရင်း ဖေးယန်ထံသို့ ခြေလှမ်းတစ်လှမ်းချင်း လျှောက်လာလေ၏။

ကို့ချင်းမှာ ဖေးယန်အတွက် စိုးရိမ်သွားကာ ကမန်းကတန်းပင် ရှေ့မှကာဆီးလိုက်ပြီး....

'မေလင်း....သူ မင်းလောက် သိုင်းပညာတတ်တာမဟုတ်ဘူး၊ သူ့ကို ရန်မစပါနဲ့'

မေလင်းက နှုတ်ခမ်းမဲ့ကာ....

'ရှင့်အမှု တစ်ပြားသားမှ မပါဘူး၊ ခုကိစ္စက သူနဲ့ကျွန်မရဲ့ကိစ္စ၊ ရှင်ဖယ်ပေးပါ'



ဖေးယန်သည်လည်း မိဘများအတွက် သွေးဆူနေပြီဖြစ်ရာ....

'ကျွန်မမိဘအတွက် သူ့ကိုဖြတ်တဲ့နည်းနဲ့ ဆုံးမမယ်၊ အစ်ကိုဖယ်ပါ'

ဖေးယန်ကပြောရင်း ကို့ချင်းရှေ့သို့ တိုးထွက်လိုက်၏။

ဖေးယန်၏မျက်လုံးများကား ဒေါသကြောင့် မီးတောက်တော့မည့်အလား ရဲရဲနီနေလေသည်။

မေလင်းက သဘောကျဟန်ဖြင့် ပြုံးလိုက်ပြီး....

'အေး....ဒီလိုမှပေါ့၊ သားသမီးကောင်းပီသချင်ရင်မဆုတ်ကြာက်ရဘူး၊ ကဲ....ညည်းကို စပြီးတိုက်ခိုက်ဖို့ အခွင့်အရေးပေးလိုက်မယ်၊ စ ပေတော့'

ဖေးယန်က အံတင်းတင်းကြိတ်ပြီး ရှေ့သို့ တစ်လှမ်းချင်းတိုးထွက်လိုက်၏။

'ဖေးယန်....သူက မင်းရဲ့ပြိုင်ဘက်မဟုတ်ဘူး၊ မတိုက်နဲ့'

ကို့ချင်းက ပျာပျာသလဲ လှမ်း၍ဟန့်တား၏။

သို့သော် တား၍မရတော့ပါ။

ဖေးယန်သည် မေလင်းအား ရင်ဆိုင်ရန်အသင့်ဖြစ်နေလေပြီ။

ဖေးယန်သည် မေလင်း၏ ထိပါးစော်ကားမှုကို လုံးဝသည်းမခံနိုင်တော့ပါ။

ထို့ကြောင့် လက်ဝါးနှစ်ဖက်ဖြင့် မေလင်း၏ရင်ဝသို့ အားကုန်ရိုက်ချလိုက်လေသည်။

'ဝှစ်....'

ဖေးယန်၏ လက်ဝါးရိုက်ချက်သည် လေကိုသာ ရိုက်မိလေ၏။

သူမ၏ရှေ့တည့်တည့်ရှိ မေလင်းမှာ ရုတ်တရက်ပျောက်ကွယ်သွားသည်။

ဖေးယန် အံ့အားသင့်သွား၏။

ယင်းအခိုက်မှာပင် သူမ၏နောက်ကျောဘက်မှနေ၍ မေလင်း၏အသံ ထွက်ပေါ်လာလေသည်။

'ဟင်း....ဟင်း....ညည်းရဲ့ မပြစ်စလောက် ပညာလေးနဲ့များ ငါ့ကိုယှဉ်ဖို့ စိတ်ကူးရသလား'

နောက်ဘက်မှ ရုတ်တရက် ထွက်ပေါ်လာသည့် စကားသံကြောင့် ဖေးယန် ထိတ်ခနဲဖြစ်သွားပြီး ကမန်းကတန်း နောက်လှည့်ကြည့်လိုက်သည်။

ခါးထောက်ပြီး မဲ့ပြုံးပြုံးပြီးကြည့်နေသည့် မေလင်းကိုတွေ့ရလေသည်။

'ညီမ....သတိထား'

ကို့ချင်းက စိုးရိမ်တကြီးဖြင့် ဖေးယန်ကို လှမ်းအော် သတိပေးလိုက်သည်။



သို့သော် နောက်ကျသွားချေပြီ။

မေလင်းသည် ကို့ချင်းက ဖေးယန်ဘက်မှ ရပ်တည်သည်ကို တွေ့ရသဖြင့် ဒေါသခြောင်းခြောင်းထွက်ကာ ဖေးယန်၏ရင်ဝသို့ လက်ဝါးနှစ်ဖက်ဖြင့် ဟွန်းတိုးလိုက်၏။

'အင့်....'

'ဝုန်း....'

ဖေးယန်သည် မေလင်း၏လက်ဝါးကို ရှောင်တိမ်းနိုင်ခြင်းမရှိဘဲ မသဲမကွဲ ညည်းသံနှင့်အတူ ကြမ်းပြင်ပေါ် လွင့်စဉ်လဲကျသွားရလေတော့၏။

'ဟင်....ညီမ....ညီမ'

ကို့ချင်းသည် စိုးရိမ်တကြီးဖြင့် ဖေးယန်အား ကမန်းကတန်း သွားရောက်ဖေးမလိုက်သည်။

ဖေးယန်၏နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျလာသည်ကို တွေ့ရသည်။

'မေလင်း....မင်း....မင်း အတော်ရက်စက်ပါလား'

ကို့ချင်းက မေလင်းကိုလှမ်းကြည့်ပြီး ပြစ်တင်ရှုံ့ချလိုက်၏။

ကို့ချင်း၏ အပြစ်တင်စကားကြောင့် မေလင်းမှာ အတော်ပင် အခံရခက်သွားဟန်တူသည်။

နှုတ်ခမ်းမဲ့လိုက်ပြီး....

'ဩော်....ကျွန်မက ရက်စက်တယ် ဟုတ်လား၊ တကယ်လို့ ခုလိုထိသွားတာ သူမဟုတ်ဘဲ ကျွန်မဖြစ်နေခဲ့ရင် ရှင်ဘယ်လို သဘောထားမလဲ'

ကို့ချင်းသည် ဘာမျှပြန်မပြောဘဲ မေလင်းကိုသာ မကျေမနပ်ကြည့်နေမိသည်။

ထိုစဉ် ဖေးယန်သည် ကို့ချင်း ဖေးမထားသည့်ကြားမှ အတင်းတွန်းတိုး ထွက်ကာ....

'အစ်ကို ဖယ်နေစမ်းပါ၊ ကျွန်မမိဘအတွက် သူ့တို မဖြစ်ဖြစ်တဲ့နည်းနဲ့ ဆုံးမမယ်'

ပြောပြောဆိုဆိုပင် မေလင်းအားတိုက်ခိုက်ရန် တစ်ဟုန်ထိုး ပြေးသွားလေသည်။

သို့သော် မေလင်းအား မတိုက်ခိုက်နိုင်မီမှာပင် မေလင်း၏ လက်ဝါးရိုက်ချက်က သူမ၏ပခုံးဆီသို့ ကျရောက်သွား၏။

'ဖပ်....'

အသံသဲ့သဲ့ တစ်ချက် ထွက်ပေါ်လာပြီး ဖေးယန်၏ ခန္ဓာကိုယ်သည် ကြိုးပြတ်သွားသော စွန်ကလေးသဖွယ် နောက်သို့ လွင့်စဉ်ကာ....

'ဝုန်း....'

ကြမ်းပြင်ပေါ် အရုပ်ကြိုးပြတ် လဲကျသွားလေတော့၏။

✿

ယ်တင်ရှင်

---

မေလင်းသည် ဖေးယန်ကို ရှင်းလင်းပစ်ရန် ဆုံးဖြတ်ထားပုံ ၏။

လဲကျသွားသော ဖေးယန်ထံသို့ တစ်လှမ်းချင်း လျှောက် း သွား၏။

ကို့ချင်းမှာ မျက်လုံးမျက်ဆံပြူးပြီး....

'မေလင်း၊ မင်း....မင်း ဒါဘာလုပ်မလို့လဲ'

မေလင်းက လှောင်ပြုံးပြုံးကာ....

'ကျွန်မလျှောက်မယ့်လမ်းပေါ်က ခလုတ်ကန်သင်းကို ရှင်း လေ'

ကို့ချင်း ထိတ်ခနဲဖြစ်သွား၏။

သူ့အနေဖြင့် မေလင်းကို မယှဉ်နိုင်မှန်းသိသည်။

သို့သော် ဖေးယန်အား အန္တရာယ်ပြုမည်ကိုတော့ သူ့အ
ဖြင့် လက်ပိုက်ကြည့်မနေနိုင်ပေ။

ထို့ကြောင့် မေလင်းအား ဖေးယန်ထံ မသွားနိုင်အေ
ဟန့်တားဖို့ ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်....

'ဗုန်း....'

'ဗုန်း....'

တံခါးကို တစ်စုံတစ်ယောက်က အတင်းတွန်းတိုက်ဖွ
ထွက်ပေါ်လာ၏။

မေလင်း မျက်မှောင်ကြုတ်သွားသည်။

ရှေ့သို့လှမ်းနေသည့် ခြေအစုံကိုရပ်ကာ....

'ဘယ်သူလဲ'

ခပ်ဆတ်ဆတ်လေသံဖြင့် လှမ်းမေးလိုက်၏။

သို့သော်....

'ဒုန်း....ဒုန်း'

'ဗုန်း....ဗုန်း'

တံခါးကို အတင်းတွန်းတိုက်နေသည့်အသံက ရပ်မသွားပေ။



မေလင်း စိတ်မရှည်နိုင်တော့အောင် ဖြစ်သွားသည်။

အခန်းတံခါးဆီသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားရင်း....

'တံခါးကို ဒီလောက်တွန်းနေတာ ဘယ်သူတဲ့၊ သေချင်လို့
တယ်'

ပြောပြောဆိုဆိုပင် မေလင်းသည် မင်းတုပ်ဖြုတ်ကာတံခါး
ဖွင့်လိုက်လေသည်။

တံခါးပွင့်သွားသည်နှင့် အဖြူရိုပ်သုံးရိုပ်သည် လျှပ်တစ်ပြက်
ကဲ့သို့ အခန်းထဲ လှစ်ခနဲတိုးဝင်လာ၏။

မေလင်းသည် ရိပ်ခနဲမြင်တွေ့လိုက်ရသည့် အဖြူရိပ်များကို
န်းကာဘန်းပင် လက်ကိုဆန့်တန်း၍ ဖမ်းဆွဲလိုက်၏။

သို့သော်....

သူမ လက်ဆန့်တန်းလိုက်ချိန်မှာပင် အဖြူရိပ် သုံးရိပ်သည်
ပြင်းတစ်ချက် တိုးဝေ့သွားသလို သူမအနီးမှ ဖြတ်ကျော်
ခဲ့ပြီ ဖြစ်လေသည်။

ထို့ကြောင့် မေလင်းသည် လိတ်လန့်တကြားဖြစ်ကာ ကမန်း
န်း နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ပြီး ဝင်ရောက်လာ
အဖြူရိပ်ကို သေချာကြည့်ရှုလိုက်၏။

ဤတွင် သူမ၏မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားရတော့
၏။

အကြောင်းမှာ....

လှစ်ခနဲဝင်ရောက်လာသည့် အဖြူရိပ်များသည် လူသ
စင်စစ်မဟုတ်ဘဲ ဝက်ဝံဖြူကြီးသုံးကောင် ဖြစ်နေခြင်းကြော
ပင်တည်း။

ဝက်ဝံဖြူကြီးသုံးကောင်သည် တံခါးပွင့်သွားသည်နှင့်လေ
လျှင်မြန်ခြင်းမျိုးဖြင့် လှစ်ခနဲတိုးဝင်ကာ ဝိုင်းရံကာကွယ်ထ
လိုက်ကြလေသည်။

ၚင်းတို့၏ရဲရဲနီသော မျက်လုံးများက မေလင်းကို မနှစ်မြို
ဖြင့် ကြည့်နေကြ၏။

ယင်းအခိုက်မှာပင်....

အခန်းအပြင်ဘက်မှ အစောင့်သုံးလေးယောက်ခန့် အခ
ထဲသို့ ပျာယီးပျာယာ ပြေးဝင်လာကြသည်။

မေလင်းအား ဦးညွှတ်အရိုအသေ ပြုလိုက်ကြပြီး....

'ကျွန်တော်တို့ဘာလုပ်ပေးရမလဲ သခင်မလေး'

မေထင်းထံမှ အမိန့်တောင်းခံလေသည်။

မေလင်းက စိတ်တိုဟန်ဖြင့် လက်ဝှေ့ယမ်းကာ...

'ရှင်တို့အားလုံး အပြင်ကိုထွက်သွားကြ၊ တံခါးကို ပြန်ပိ
လိုက်'



အစောင့်များမှာ ဦးညွှတ်ပြီး ပျာပျာသလဲပင် ပြန်လည်
ထွက်ခွာသွားကြလေသည်။

မေလင်းသည်ဝက်ဝံဖြူကြီးသုံးကောင်ကို စိတ်ပျက်လက်ပျက်
လှမ်းကြည့်လိုက်၏။

မြစိမ်းရောင်နန်းတော်သို့ သူမရောက်ခါစအချိန်က သခင်ကြီး
ကျင်းတိသည် သူမအား ဝက်ဝံကြီးသုံးကောင်နှင့် ဆုံတွေ့ခဲ့
ဖူး၏။

ဝက်ဝံဖြူကြီးသုံးကောင်သည် သူမအား မြင်လျှင်မြင်ချင်း
ရန်သူကိုတွေ့မြင်သည့်ပမာ တခွီးခွီး အသံပြုလျက် ကိုက်ခိုက်ခဲ့
ကြ၏။

ထိုစဉ်က သူမအနီးတွင် ကျင်းတိရှိနေ၍သာ တော်တော့
သည်။

အကယ်၍ ကျင်းတိသာ သူမအနီး၌ မရှိပါက ထိုစဉ်ကတည်း
ကပင် မေလင်းသည် ဝက်ဝံဖြူများ၏ ရန်ရှာတိုက်ခိုက်
မှုကြောင့် အသက်ပျောက်သွားနိုင်ပေသည်။

ကျင်းတိက သူမအား နှစ်သိမ့်စကားဆိုလိုက်သည်။

'အင်း....ငါ့မြေးက မအေနဲ့မတူလို့ထင်တယ်၊ ဝက်ဝံတွေ
ကတော့ ငါ့မြေးကိုမမှတ်မိရှာကြဘူး'

ထိုအချိန်မှစ၍ ကျင်းတိသည် မေလင်းအား ဝက်ဝံဖြူများ
ရန်ရှာမည်စိုးကာ တောင်၏အခြားတစ်ဖက်သို့ ပို့ထားလိုက်
လေသည်။

ထိုစဉ်ကတည်းကပင် မေလင်းသည် ဝက်ဝံဖြူကြီးများနှင့် ထပ်မံမဆုံစည်းခဲ့ရခြင်း ဖြစ်သည်။

ယခုမှ ဝက်ဝံဖြူကြီးများ မည်သို့မည်ပုံ ရောက်လာကြမှန်း မသိ။

သူမနှင့်ထိပ်တိုက် ရင်ဆိုင်ကြုံတွေ့နေရလေပြီ။

မည်သို့ပင်ဖြစ်စေ....

မေလင်းသည် ယခင်မေလင်း မဟုတ်တော့ပါ။

မြစ်မီးရောင်နန်းတော်၏ အဆင့်မြင့်သိုင်းပညာများကို ပိုင်ဆိုင်ရရှိထားပြီးဖြစ်သည့် မေလင်းဖြစ်နေချေပြီ။

ထို့ကြောင့် ယခုတစ်ကြိမ်၌ သူမသည် ဝက်ဝံဖြူကြီးသုံးကောင်ကို အလွတ်မပေးဘဲ သုတ်သင်ပစ်ရန် ဆုံးဖြတ်လိုက်လေသည်။

ယင်းသို့ ဆုံးဖြတ်မိသည်နှင့် သူမသည် ခါးမှမြစိမ်းနီလာဓားနှစ်မြှာကို ဆွဲထုတ်လိုက်၏။

စိမ်းပြာရောင် အလင်းတန်းများ ဝင်းလက်ဖြာထွက်သွားသည်။

မေလင်းက ယင်းသို့ဓားကို ဆွဲဖြုတ်လိုက်သဖြင့် ကို့ချင်း ရင်ထိတ်သွား၏။

'မေလင်း....မင်း....မင်း....'



'သူ၏စကားမဆုံးမီမှာပင်'

'ဂီး....ဂီး'

ဝက်ဝံဖြူကြီးသုံးကောင်ထံမှ အော်ဟစ်သံများပြိုင်တူထွက်ပေါ်လာသည်။

ဒေါသထွက်ခြင်း ခံပြင်းခြင်းစသည့် ခံစားမှုများရောယှက်နေသည်ဟု ထင်ရ၏။

အသံများက အဆက်မပြတ်ထွက်နေရာ ကြားရသူ သူ့အဖို့ နားမခံသာအောင် စူးရှလွန်းလှပေတော့သည်။

မေလင်းမှာ နဂိုကတည်းကပင် ဝက်ဝံဖြူများကို ကြည့်မရခဲ့ရာ ယခုကဲ့သို့ အခွင့်သာခိုက် အလွတ်ပေးမည်ပုံ မရှိချေ။

ဓားကိုင်ထားသောလက်ကို တစ်ချက်ဝှေ့ယမ်းလိုက်၏။

ပြိုးပြိုးပြက်ပြက် အလင်းရောင်တန်းများ တစ်ခန်းလုံး ဝင်းထိန်သွား၏။

အလင်းရောင်တန်းကြောင့် မည်သည့်အရာကိုမျှ မမြင်တွေ့ရတော့သလို ဖြစ်သွားလေသည်။

သို့သော်...

'ယား'

'ဂီး'

'ခြိမ်း'

'ဂလွမ်း'

အသံဗလံများက ဆူးရှစွာ ထွက်ပေါ်လာ၏။

ထိုအသံများသည် မေလင်း၏ မာန်သွင်းသံ....

ဝက်ဝံ ဖြူကြီးများ မာန်ဖီသံ....

ပစ္စည်းများလဲပြိုကျကွဲသံ စသည့်အသံဗလံများပင် ဖြစ်ပေသည်။

တစ်ခဏအကြာတွင် အလင်းရောင်တန်းများ ရှုတ်တရက် ပြန်လည်ပျောက်ကွယ်သွားသည်။

ထိုအခါမှ အခန်းတွင်းရှိ မြင်ကွင်းကို ပီပီပြင်ပြင် မြင်တွေ့ရတော့၏။

မြင်တွေ့လိုက်ရသည့်အရာကား စိတ်မချမ်းမြေ့ဖွယ်ရာပင် ဖြစ်ပေတော့သည်။

ဖေးယန်အား ဝိုင်းရံ ကာကွယ်ထားသော ဝက်ဝံကြီး သုံးကောင်၏ ရင်ဝတွင် သွေးများဖြင့် နီရဲလျက်ရှိနေ၏။

၎င်းတို့၏သွေးများက ကြမ်းပြင်ပေါ်၌ပါ အိုင်ထွန်းလျက်ရှိသည်။

ထိုသွေးအိုင်တွင် ဖေးယန်လဲကျနေ၏။

တုတ်တုတ်မျှမလှုပ်။



မေလင်းက ဓားနှစ်လက်ကိုင်လျက် ရပ်နေ၏။

အခန်းတွင်းရှိ လေထုသည် ရုတ်တရက် အေးခဲသွားသည့် ပမာ တစ်ခန်းလုံး ငြိမ်သက်တိတ်ဆိတ်သွား၏။

ထိုအချိန်မှာပင် ခြေသံတစ်သံ ထွက်ပေါ်လာလေသည်။

လွန်စွာ ပေါ့ပါးညင်သာလှသော ခြေသံပင်ဖြစ်သည်။

ခြေသံသည် တစ်စထက်တစ်စ နီးလာ၏။

တစ်ခဏအတွင်းမှာပင် ဝေးရာမှနီးလာခြင်းဖြစ်၏။

ထိုခြေသံ၏လျှင်မြန်လှသော အဟုန်ကြောင့် ကို့ချင်းရင်ထိတ်သွား၏။

ထိပ်သီးသိုင်းပညာရှင်တစ်ဦး၏ခြေသံဖြစ်ကြောင်း ချက်ချင်း နားလည်လိုက်သောကြောင့် ဖြစ်သည်။

ကို့ချင်းနည်းတူ မေလင်းလည်း ခြေသံကို ကြားလိုက်ရသည်နှင့် မျက်နှာကွက်ခနဲပျက်သွား၏။

သို့သော် မေလင်း မျက်နှာပျက်သွားသည်ကို ကို့ချင်း သတိမပြုမိလိုက်ချေ။

ယင်းအခိုက်မှာပင်....

'အဟမ်း....'

အခန်းဝမှ ချောင်းဟန့်သံတစ်ချက် ထွက်ပေါ်လာ၏။

တို့နောက်....

'ချပ်....'

အသံတစ်ချက် ထွက်ပေါ်လာပြီး အခန်းတံခါးပွင့်သွား၏။

ကိုချင်းက တံခါးဝသို့ ထိတ်ထိတ်ပျာပျာဖြင့် လှမ်းကြည့်
ိုက်၏။

အပြာရောင်ဝတ်စုံနှင့် လူတစ်ယောက်....

အရပ်ရှည်ရှည် ပိန်ပိန်ပါးပါးဖြစ်၏။

ထိုလူ၏ပုံပန်းမှာ ရိုးရိုးအေးအေးပင် ဖြစ်၏။

သို့တိုင်အောင် သူ၏ ဥပဓိရုပ်နှင့် အသွင်အပြင်သည် မြင်တွေ့
ရသူတိုင်းအား ခံ့ညားလေးစားခြင်း၊ မျက်ဝပ်ရိုကျိုးခြင်းစသည့်
ံစားမှုများကို ဖြစ်ပေါ်လာစေလေသည်။

ကိုချင်းသည် သိုင်းလောကတွင် ကျင်လည်ကျက်စားလာခဲ့သူ
ဖြစ်သည်။

ထိတ်ထိတ်ကြဲသိုင်းသမားများ....

ထြေဇာတိက္ကမကြီးမားသော ပုဂ္ဂိုလ်များ စသည်ဖြင့် အတော်
များများ မြင်တွေ့ခဲ့ဖူးသည်။

သို့ရာတွင်....

ယခုကဲ့သို့ လေးစားကြည်ညိုဖွယ် ပုဂ္ဂိုလ်မျိုးကိုကား တစ်
ကြိမ်တစ်ခါမျှ မြင်တွေ့ခဲ့ဖူးခြင်းမရှိပေ။



တွေ့မြင်ရခဲသော ထူးခြားရှားပါးသည့် ပုဂ္ဂိုလ်ပင် ဖြစ်ပေ
သည်။

ထိုလူသည် ဖေးယန်၏အဘိုး မြစိမ်းရောင်နန်းတော်၏အရှင်
သခင်ပင်ဖြစ်ရမည်ဟု ကိုချင်း စိတ်ထဲမှ အတပ်သိလိုက်လေ
သည်။

မှန်ပါသည်။

ထိုလူသည် ကိုချင်းခန့်မှန်းသလို မြစိမ်းရောင်နန်းတော်၏
အရှင်သခင် ကျင်းတိပင်ဖြစ်ပေသည်။

ကျင်းတိသည် အခန်းတွင်းသို့ မျက်လုံးတစ်ချက် ဝေ့ကြည့်
လိုက်၏။

ခါးနှစ်လက်ကိုင်တားသော မေလင်း....

သေွးအိုင်ထဲ အရိုးအရှုံးလဲကျနေသော ဝက်ဝံဖြူကြီးသုံး
ကောင်နှင့် မိန်းကလေးတစ်ယောက်....

လုံးဝ မမျှော်လင့် မထင်မှတ်ထားသော အရာများပင် ဖြစ်
သည်။

ထိုမြင်ကွင်း ကိုမမျှော်လင့်ဘဲ မြင်တွေ့လိုက်ရသည့်အခါ ကျင်း
တိ၏မျက်ခုံးများ နဖူးအလယ်သို့ စုရုံးရောက်ရှိသွားလေတော့
သည်။

## မာယာရှင်၏ ပရိယာယ်

ကျင်းတီသည် အခန်းထဲ လှမ်းမဝင်သေးဘဲ တံခါးဝမှာပင် မလှုပ်မယှက်ရပ်နေသေး၏။

အခန်းတွင်းမှအခြေအနေကို တည်ငြိမ်အေးစက်စွာ တစ်ချက် ဝေ့ကြည့်လိုက်ပြီး....

'ဒါက ဘယ်လိုတွေဖြစ်ကြတာလဲ'

ကျင်းတီ၏စကားသံသည် 'တိုးတိတ်' ညင်သာသော်လည်း ဩဇာအာဏာသံအပြည့်ပါ၏။

သူ၏အမေးစကားကြောင့် မေလင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

သို့သော် ဋ္ဌာနြေ့ဆည်ကာ ဟန်မပျက်နေလိုက်သည်။



ဘာမျှပြန်မပြော နှုတ်ဆိတ်နေ၏။

'ဘာတွေဖြစ်နေကြတာလဲ'

ကျင်းတီက ထပ်မံမေးလိုက်ခြင်းဖြစ်သည်။

မေလင်း ဆိတ်ဆိတ်မနေနိုင်တော့ပါ။

ကျင်းတီဘက်သို့ သနားစရာမျက်နှာထားနှင့် လှမ်းကြည့်လိုက်သည်။

သူမ၏ဟန်မူရာကား တစ်စုံတစ်ယောက်၏ အနိုင်ကျင့်မှုကို ခံခဲ့ရသလိုမျိုးပင်။

သူမသည် ငိုမဲ့မဲ့မျက်နှာထားနှင့်....

'ဘိုးအိုး....ဒီ....ဒီဝက်ဝံသုံးကောင်က လူစိမ်းနှစ်ယောက်ကို ခေါ်ပြီး နန်းတော်ထဲ ဝင်လာတယ်လေ'

သူမသည် မျက်နှာကြီးရှုံ့မဲ့လိုက်ပြီး....

'ကျွန်မက သူတို့ကိုမောင်းထုတ်ဖို့ ဟန်ပြင်နေတုန်းမှာပဲ သူတို့က ကျွန်မကို ဝိုင်းပြီး ရန်ရှာကြတော့တာပါပဲ၊ ကျွန်မလဲ တယ်လိုမှ မတတ်နိုင်တော့တာမို့ ဓားထုတ်ပြီး ကာကွယ်ရာက ခုလို့ဖြစ်သွားရတာ'

မေလင်းသည် ချွဲချွဲပျစ်ပျစ်နှင့် သနားစဖွယ် ပြောဆိုလိုက်ခြင်း ဖြစ်သည်။

ကျင်းတီမှာ သိပ်ပြီး ဘဝင်ကျပုံမရပါ။

'ဒါပေမယ့် ဘာဖြစ်လို့ ဒီအခန်းထဲမှာမှ လာဖြစ်ကြရတာလဲ'

မေလင်းသည် ခြေသံကြားကတည်းက ကျင်းတီလာနေပြီကို သိလိုက်ပြီး ဖြစ်သည်။

အခန်းဝသို့ ကျင်းတီရောက်လာသည့်တိုင် မေလင်းသည် ငြိမ်သက် တိတ်ဆိတ်ကာ မည်သို့လိမ်ညာ လှည့်ပတ်ပြောရမည်ကို အပြေးအလွှား စဉ်းစားလျက်ရှိသည်။

ထို့ကြောင့် ကျင်းတီ မေးမြန်းသည့်အခါ ချက်ချင်းပြန်မဖြေဘဲ နှုတ်ဆိတ်နေခဲ့ခြင်းဖြစ်သည်။

သူမသည် မာယာပရိယာယ် ကြွယ်ဝသူဖြစ်ရာ အချိန်တို အတွင်းမှာပင် မည်သို့လှည့်ပတ်ပြောဆိုရမည်ကို နားလည်သိရှိလိုက်သည်။

'ဒီလိုပါ ဘိုးဘိုး၊ ဝက်ဝံကြီးတွေဟာ ဉာဏ်ကောင်းပြီး အင်မတန်လိမ္မာကြတယ်မဟုတ်လား၊ သူတို့ခေါ်လာတဲ့လူတွေဆိုတော့ နန်းတော်နဲ့ တစ်ခုခုပတ်သက်နေမှာပဲဆိုပြီး သူတို့နှစ်ယောက်ကို ဒီအခန်းထဲခေါ်လာပြီး စစ်ဆေးမေးမြန်းခဲ့ပါတယ်၊ စစ်ဆေး မေးမြန်းနေတုန်းမှာပဲ ဝက်ဝံဖြူကြီး သုံးကောင်က ကျွန်မကို ရုတ်တရက်တိုက်ခိုက်ကြတာမို့ ကိုယ့်ကိုယ်ကိုကာကွယ်ရာက ခုလိုဖြစ်ကုန်ရတာပါ'

ကို့ချင်းမှာ မေလင်း၏ ပြောင်ပြောင်တင်းထင်းလိမ်ညာမှုကြောင့် လွန်စွာ စက်ဆုပ်ရွံရှာသွားမိလေသည်။



'မဟုတ်ဘူး....မဟုတ်ဘူး၊ သူလိမ်ပြောနေတာ'

ကို့ချင်းသည် ခံပြင်းနာကြည်းစွာဖြင့် အော်ပြောလိုက်မိ၏။

ကျင်းတီ၏စူးရှသောမျက်လုံးအကြည့်က ကို့ချင်းထံရောက်ရှိလာသည်။

'မင်း ဘယ်သူလဲ'

ကျင်းတီ၏စကားသံက အေးစက်လှ၏။

ကို့ချင်းသည် ဖေးယန်အား ဖေးမထားရာမှ ကျင်းတီကို မော့ကြည့်ကာ....

'ကျုပ်ဘယ်သူဆိုတာ အရေးမကြီးပါဘူး၊ အခုသေးအိုင်ထဲမှာ လဲကျနေတဲ့ မိန်းကလေးကလူကြီးမင်းရဲ့ မြေးအစစ်ဆိုတာ သိစေချင်ပါတယ်'

ကို့ချင်း၏စကားကြောင့် ကျင်းတီ မျက်မှောင်ကြုတ်သွားသည်။

'ဘာ'

ကျင်းတီသည် သွေးအလူးလူးနှင့် ဖေးယန်အား လက်ညှိုးညွှန်ကာ....

'သူက ငါ့မြေးဟုတ်လား၊ မင်း ဘာတွေလာပြောနေတာလဲ'

ဤတွင် မေလင်းကလည်း....

'ဘိုးဘိုး ဒီလူက ရူးနေသလိုပဲ၊ ကျွန်မ စစ်မေးတုန်းကလဲ ဒီလိုပဲ ပေါက်ကရတွေ လျှောက်ပြောနေတာ'

ကိုချင်းသည် မေလင်း၏မျက်နှာပြောင်တိုက် လိမ်ညာနေမှုကို လှန်စွာခံပြင်းလာမိ၏။

'လူကြီးမင်းခင်ဗျား၊ ဒီမိန်းကလေးဟာ ကျင်းလိန်မြို့စားကြီးနဲ့ ကျင်းကျင်းတို့ရဲ့ တစ်ဦးတည်းသောသမီး၊ လူကြီးမင်းရဲ့ မြေးအစစ်ပါ'

'ဟင်း... ဟင်း တော်တော်ရယ်ဖို့ ကောင်းတာပဲ'

မေလင်းက ရယ်စရာလုပ်ပြောရင်း ကျင်းတိအနီးသို့ တိုးကပ်သွား၏။

ကျင်းတိက သူမ၏ဆံနွယ်စများကို အသာအယာ ပွတ်သပ်လိုက်လေသည်။

ထိုအခြင်းအရာကြောင့် ကိုချင်းသည် မိမိ၏စကားများကို ကျင်းတိအနေဖြင့် ယုံကြည်လက်ခံလာစေရန် စွမ်းဆောင်နိုင်တော့မည်မဟုတ်ကြောင်း နားလည်လိုက်သည်။

မည်သို့ပင်ဖြစ်စေ....

ကိုချင်းသည် စိတ်မပျက်ဘဲ ပြောသင့်သည်ကိုဆက်၍ ပြောပြန်လေ၏။

'ဖေးယန်ဟာ လက်တစ်ထောင်ဘီလူးရဲ့ ပြန်ပေးဆွဲမှုကိုခံလိုက်ရတယ်၊ ပြန်ပေးဆွဲတုန်းက ဖေးယန်ကိုလူကြီးမင်းရဲ့မြေးမှန်း



မသိခဲ့ပါဘူး၊ ပြန်ပေးဆွဲပြီးမှ သိလိုက်ရတဲ့အခါ လူကြီးမင်းရဲ့ ရန်ကိုကြောက်ပြီး ဒီသတင်းမပေါက်ကြားအောင် ဖေးယန်ကို လက်တစ်ထောင်တောင်ကြားမှာပဲ ကောင်း ကောင်း မွန် မွန် ထိန်းသိမ်းစောင့်ရှောက်ထားလိုက်ပါတယ်'

ကိုချင်းက နောက်ကြောင်းပြန်ပြောပြနေသည်ကို မေလင်းက လှောင်ပြုံးပြုံးနေရာမှ....

'ဘိုးဘိုး....သူ ဘာတွေလုပ်ဇာတ်ထွင်ပြီး ပြောမလဲဆိုတာ နားထောင်ရအောင် ဆက်ပြီးပြောခွင့်ပေးလိုက်ပါနော်'

ကျင်းတိက ခေါင်းညိတ်ပြ၏။

ကိုချင်းကမူ မိမိ၏စကားကို ယုံကြည်သည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ ဇာတ်ရည်လည်အောင် ပြောပြရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

'အဲဒီ လက်တစ်ထောင်တောင်ကြားမှာ မေလင်းဆိုတဲ့မိန်းကလေးတစ်ယောက် ရှိတယ်၊ သူဟာ ဖေးယန်ရဲ့ ဇာစ်မြစ်ကိုသိသွားတဲ့အခါ ဖေးယန်ဆီမှာရှိတဲ့ ကျောက်စိမ်းဓားကို ခိုးယူပြီး သူ့ကိုယ်သူ ဖေးယန်အဖြစ်နဲ့ လူကြီးမင်းဆီကို ရောက်လာခဲ့တာပါ'

'အင်း....ရှင်ပြောတဲ့ ဇာတ်ကြောင်းလေးက ပုံပြင်လေးတစ်ပုဒ်လို နားထောင်လို့ကောင်းသား'

မေလင်းက ကိုချင်း၏စကားကို ပေါ့ပျက်ပျက် ဖြစ်သွားအောင် ကြားဝင်သရော်လိုက်သည်။

ကို့ချင်း အရေးမစိုက်ပါ။

ပြောသင့်သည်ကို ဆက်၍ပြောလိုက်၏။

'အဲဒီ မေလင်းဆိုတဲ့မိန်းကလေးက လူကြီးမင်းဆီက သိုင်းပညာတွေ အတော်များများ ရလာတဲ့အခါ သူ့အကြောင်းတွေ ပေါ်သွားမှာစိုးရိမ်ပြီး ဖေးယန်ရဲ့ မိဘနှစ်ပါးကို ပရိယာယ်သုံးပြီး လုပ်ကြံခဲ့တယ်၊ အခုလဲ သူ့နောက်ကြောင်းတွေ လုံးဝရှင်းအောင်ဆိုပြီး လူကြီးမင်းရဲ့မြေးအစစ် ဖေးယန်ကိုပါလုပ်ကြံဖို့ ကြိုးစားလာပါတယ်၊ အဲ့ဒီလိုရက်စက်ယုတ်မာပြီး မာယာများတဲ့ မေလင်းဟာ....'

ကို့ချင်းသည် မေလင်းကိုလက်ညှိုးထိုးလိုက်ပြီး....

'သူပါပဲ၊ သူဟာ လူကြီးမင်းရဲ့မြေးအဖြစ် ဟန်ဆောင်နေတဲ့ မာယာရှင် မေလင်းပါပဲ ခင်ဗျာ'

ကို့ချင်းသည် မိမိအသက်အန္တရာယ်အတွက် ဂရုမစိုက်ဘဲ ပြောသင့်သည့်စကားကို ပြောလိုက်ရသဖြင့် ရင်ထဲပေါ့ပြီး ကျေနပ်သွားလေ၏။

ကျင်းတိမူကား အင်းမလှုပ်အဲ့မလှုပ်နှင့် ငြိမ်ချက်သားကောင်းနေ၏။

ကို့ချင်း၏စကားကို ယုံသည် မယုံသည် ခန့်မှန်း၍ မရနိုင်လောက်အောင် လွန်စွာအေးစက် တည်ငြိမ်လှပေသည်။

မေလင်းမှာ အားမလိုအားမရဖြစ်ကာ....



'ဘိုးဘိုး...သူပြောတာ ကြားတယ်မဟုတ်လား၊ ပြောလိုက်လေ၊ မဟုတ်မတရားတွေ လာပြောမနေနဲ့လို့'

ကျင်းတိက တုံ့ဏှိဘာမှ နှုတ်ဆိတ်နေလေသည်။

မေလင်းမှာ အားမလိုအားမရ ဖြစ်လာကာ ကျင်းတိ၏ လက်မောင်းကို ကိုင်လှုပ်ရင်း....

'ဘိုးဘိုး...ပြောလိုက်လေ၊ ဘာလို့စကားမပြောဘဲ နေတာလဲ'

ထိုအခါမှ ကျင်းတိသည် အိပ်မက်မက်နေရာမှ လန့်နိုးလာသူပမာဖြစ်ကာ....

'ငါ့မြေးက ဒီကလေးမလေးကို သတ်လိုက်တာလား'

မေလင်း ကြောင်အမ်းအမ်းဖြစ်သွားပြီး သွေးအိုင်ထဲလဲကျနေသည့် ဖေးယန်ကို လှမ်းကြည့်လိုက်သည်။

သူမ၏စိတ်ထဲတွင်ကား မိမိဘက်မှ လက်ဦးနိုင်လိုက်သည်ကို ကျိတ်၍ကျေနပ်သွား၏။

သူမသည် ဟန်လုပ်၍ နှုတ်ခမ်းစူလိုက်ပြီး....

'ကျွန်မလဲ သေသေချာချာ မသိဘူး ဘိုးဘိုး၊ ဝက်ဝံတွေက အတင်းဝင်ပြီး ရန်မူတာနဲ့ ကျွန်မလဲဓားထုတ်ပြီး ဘိုးဘိုးသင်ပေးထားတဲ့ သိုင်းကွက်ကို အသုံးပြုတိုက်ခိုက်ရာက ခုလိုဖြစ်သွားတာကို တွေ့ရတော့တာပါပဲ'

ကျင်းတိသည် သက်ပြင်းကြီးတစ်ချက်ချကာ....

'အင်း....ဒီအတိုင်းဆိုရင်တော့ မိန်းကလေး မသေနိုင်သေးဘူး'

ထိုစကားကြောင့် ကိုချွင်း ဝမ်းသာသွားသည်။

ဖေးယန် သက်ရှိထင်ရှားရှိနေသမျှ သူမအတွက် နောက်ကြောင်းအေးနိုင်မည် မဟုတ်ပါလား။

'ရှင်....သူမသေနိုင်ဘူး ဟုတ်လား ဘိုးဘိုး'

ကိုချွင်းရင်ထဲ၌ အကြီးအကျယ် လှုပ်ရှားသွား၏။

ဖေးယန်ကိုကြည့်လိုက်သော်လည်း ပျော့ခွေနေသည်။အသက်ရှူသည်ကိုလည်း မတွေ့ရ။

ကိုချွင်းမှာ မည်သို့ နားလည်ရမှန်းမသိအောင် ဖြစ်သွားလေသည်။

ကျင်းတိက ပြုံးလိုက်ပြီး....

'သိပ်လဲမစိုးရိမ်ပါနဲ့ကွာ၊ သူမသေနိုင်ပါဘူး၊ သူ့ရဲ့ငယ်ထိပ်က မေ့ဟ္ဘာ သွေးကြောနေရာကို လက်ချောင်းနဲ့ တစ်ချက်တောက်ပေးလိုက်ပါ၊ ဒါဆိုရင် သူ့ရဲ့နှလုံး ပုံမှန်ဖြစ်သွားပြီး သတိပြန်ရလာပါလိမ့်မယ်'

မေလင်းက နှုတ်ခမ်းမဲ့လိုက်ပြီး....

'မသေရင် ပိုကောင်းတယ်၊ ဒါမှ သူဘာတွေ ဆက်လိမ်ဦးမယ်ဆိုတာ သိရတာပေါ့'



ကိုချွင်းမှာ သူမ၏စကားကို အရေးမစိုက်နိုင်ပေ၊ ကျင်းတိ ညွှန်ကြားသည့်အတိုင်း ဖေးယန်၏ ငယ်ထိပ်ရှိ မေ့ဟ္ဘာသွေးကြောကို လက်ညှိုးဖြင့် တောက်လိုက်သည်။

ကျင်းတိက....

'အမှန်တော့ သူဟာ ငါ့မြေးရဲ့ မြစိမ်းနီလာခေါးကွက်ကို ဘယ်လိုမှ မခုခံနိုင်ပါဘူး၊ ဝက်ဝံသိုးကောင်က ကြားဝင်ခံလိုက်လို့ သူဘာမှမဖြစ်တာ'

မေလင်းက ဘဝင်မကျဟန်ဖြင့်....

'ဒါဖြင့် သူဘာဖြစ်လို့ သွေးအိုင်ထဲလဲကျနေရတာလဲ'

'အရမ်းထိတ်လန့်ပြီး နှလုံးရပ်သလို ဖြစ်သွားတာပါ'

ယင်းသို့ပြောဆိုနေစဉ်မှာပင် ဖေးယန်သည် သတိပြန်ဝင်လာပြီး....

'ဟင်....ကျွန်....ကျွန်မ ဘာဖြစ်သွားတာလဲဟင်'

ကိုချွင်းက သူမအား ကြင်နာစွာဖေးမရင်း...

'ညီမ ဘာမှမဖြစ်ပါဘူး၊ ဟိုမှာကြည့်စမ်းပါဦး၊ ညီမရဲ့ ဘိုးဘိုး ရောက်လာပြီလေ'

ကိုချွင်းသည် ကျင်းတိအား ညွှန်ပြပြောဆိုလိုက်ခြင်း ဖြစ်သည်။

'ဖေးယန်မှာ ကြောင်အမ်းအမ်းဖြင့် ဘေးဘီသို့ မျက်လုံးဝေ့ကြည့်ရင်း ကိုယ့်ကိုယ်ကိုထိန်းပြီး ထရပ်လိုက်၏။

ထို့နောက် ကျင်းတိကိုကြည့်ပြီး....

'ဘိုးဘိုး....ကျွန်မရဲ့ဘိုးဘိုး မဟုတ်လား'

မေလင်းက လှောင်ပြုံးပြုံးကာ....

'ဟင်း....ဟင်း....မူရာမာယာ များလိုက်တာ၊ သူ့ကြည့်ရတာ ကျွန်မတောင် သနားလာပြီ'

ကျင်းတိကမူ မလှုပ်မယှက် ငြိမ်သက်နေ၏။

သို့သော် သူ၏မျက်လုံးများကမူ ဖေးယန်ကိုကြည့်နေမိလေသည်။

သူ၏မျက်လုံးတွင် ကရုဏာအရိပ်အယောင်များ ယှက်သမ်းပေါ်ထွက်နေ၏။

မေလင်းသည် ကျင်းတိ၏အမူအရာကို မြင်တွေ့ရသည့်အခါ အဘော်မပင် မကျေမနပ် ဖြစ်သွားလေသည်။

နှုတ်ခမ်းစူလိုက်ပြီး....

'ဘိုးဘိုး ကျွန်မပြောတာမကြားဘူးလား၊ ဘာလဲဘိုးဘိုးက သူတို့စကားကို ယုံနေသလား၊ ဒါဆို ကျွန်မက ဒီကထွက်သွားပါ့မယ်'

ပြောပြောဆိုဆိုပင် မေးလင်းသည် စူအောင့်ပြီး ထွက်ခွာသွားရန် ဟန်ပြင်လိုက်၏။

ဤတွင် ကျင်းတိလည်း မနေသာတော့ဘဲ....



'ဖေးယန်၊ ငါ့မြေး'

'ရှင်....'

'ရှင်....'

မေလင်းနှင့်ဖေးယန်တို့နှစ်ယောက်စလုံးထံမှပြန်ထူးသံပြိုင်တူထွက်လာသည်။

နှစ်ယောက်စလုံးက တစ်ပြိုင်တည်းထူးလိုက်ကြသဖြင့် ကျင်းတိပင်လျှင် ကြောင်အမ်းအမ်း ဖြစ်သွားသေသည်။

မေလင်းကိုတစ်လှည့် ဖေး ယန် ကို တစ် လှည့် အူကြောင်ကြောင်ဖြင့် ကြည့်မိ၏။

ပြီးမှ မေလင်းအား....

'ငါ့မြေး မသွားပါနဲ့၊ ဒီမိန်းကလေး ဘာပြောမလဲဆိုတာ နားထောင်ကြည့်ကြရအောင်'

ထိုစကားကို ကြားလိုက်ရမှ မေလင်းသည် မလုံမလဲဖြစ်နေရာမှ စိတ်သက်သာရာရသွားလေသည်။

သို့ရာတွင်....

မကျေမနပ်သည့် အမူအရာဖြင့်နှုတ်ခမ်းစူ၍ ရပ်နေလိုက်၏။

ကျင်းတိသည် ဖေးယန်အား မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး....

'ကဲ....ပြောစမ်းပါဦး၊ မင်းဟာ ငါ့မြေးဆိုရင် မင်းရဲ့အမေက သူ့အကြောင်းကို ပြောပြခဲ့ဖူးမှာပေါ့'

ဖေးယန် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ပြောပြဖူးပါတယ်၊ ဘိုးဘိုးနဲ့ပတ်သက်တဲ့အကြောင်းတွေလဲ မကြာခဏဆိုသလို ပြောပြဖူးပါတယ်'

မေလင်းသည် ထိုစကားကြားလိုက်ရသည့်အခါ ရှတ်ခြည်းပင် ခေါင်းနားပန်းများ ကြီးသွားရလေသည်။

အကြောင်းမှာ ဤမေးခွန်းမျိုးကို ကျင်းတီက သူမအား မေးခဲ့ဖူးသောကြောင့် ဖြစ်သည်။

သူမက မမှတ်မိတော့ဟုဆိုကာ ထိုမေးခွန်းကို ရှောင်တိမ်းခဲ့သည်။

ယခု ဖေးယန်၏အဖြေက သူမထက်ပို၍ ခိုင်မာမှုရှိနေသည်။

ထို့ပြင် ဖေးယန်၏စကားသံက ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိကြောင်း ပေါ်လွင်နေ၏။

မေလင်းမှာ မလုံမလဲဖြစ်လာပြီး ဤနေရာမှ ပြေးသွားချင်စိတ်ပင် ပေါက်လာလေသည်။

ထိုစဉ် ကျင်းတီသည် ဖေးယန်ကိုကြည့်ကာ....



'မင်းရဲ့အမေဟာ ငယ်ငယ်တုန်းက ကစားစရာ အင်မတန်မက်တာ၊ သူ အကြိုက်ဆုံး ကစားစရာတစ်ခုရှိတယ်၊ ကဲ့ဒါဘာလဲဆိုတာ မင်းကို မင်းအမေက ပြောပြခဲ့ဖူးသလား'

'ဟုတ်ကဲ့၊ ပြောပြဖူးပါတယ်၊ ကျောက်စိမ်းနဲ့ထုလုပ်ထားတဲ့ကြောင်ရုပ်ကို အကြိုက်ဆုံးလို့ ပြောပါတယ်'

ကျင်းတီမျက်နှာတွင် ထူးခြားသော အရိပ်အငွေ့များ ရုတ်တရက် ထွက်ပေါ်လာ၏။

မေလင်းမှုကား ဖေးယန်၏စကားကြောင့် တစ်ကိုယ်လုံး တောင့်တင်းသွားသလို မလှုပ်မယှက် ဖြစ်သွားသည်။

ကျင်းတီက ဆက်၍မေးလိုက်ပြန်၏။

'မင်းအမေ ထွက်သွားတုန်းက အဲ့ဒီကြောင်ရုပ်ကိုယူမသွားခဲ့ဘူး၊ သူ ဘယ်မှာဝှက်ထားခဲ့တယ်ဆိုတာ မင်းကိုပြောပြခဲ့ဖူးသလား'

'ဟုတ်ကဲ့' ပြောပြခဲ့ဖူးပါတယ်'

ကျင်းတီ စိတ်လှုပ်ရှားဟန်တူ၏။

ရုတ်ခြည်း ရှေ့တိုးလာကာ ဖေးယန်၏လက်ကို ဆုပ်ကိုင်လိုက်ပြီး....

'ဒါဖြင့် သူ ဘယ်မှာဝှက်ထားသလဲ'

'မေမေက သူ့ကြောင်ရုပ်ကို သူ့အခန်းထဲ ဗီရိုအံဝှက်ထဲမှာဝှက်ထားခဲ့တယ်လို့ ပြောပါတယ်'

ဖေးယန်က မဆိုင်းမတွ ပြန်ဖြေလိုက်ခြင်း ဖြစ်သည်။

'ကောင်းပြီ၊ ဒါဆို တို့သွားရှာကြည့်ကြမယ်'

ပြောပြောဆိုဆိုပင် ကျင်းတီသည် ချာခနဲလှည့်၍ထွက်ခွာသွားသည်။

ဖေးယန်နှင့်ကို့ချင်းတို့သည် ကျင်းတီနောက်မှ ခပ်သွက်သွက်ပင် လိုက်ပါသွားကြလေသည်၊

မေလင်းမူကား စိတ်ဓာတ်အကျကြီး ကျသွားလေသည်။

သူမအနေဖြင့် ဘာမျှမပြောနိုင်ခဲ့သည်ကို ဖေးယန်က ဗိုးဒိုးဒေါက်ဒေါက် ပြောပြနိုင်ခဲ့သည် မဟုတ်ပါလား။

ယခုအခါင်းဆိုလျှင် မြစိမ်းရောင်နန်းတော်၌ သူမအတွက် နေရာရှိနိုင်ပါတော့မည်လော။

## ဥပါယ်တံမျဉ်

ဖေးယန်၏ဖခင် ကျင်းကျင်းနေထိုင်ခဲ့ရာအခန်းသည် ကျင်းကျင်း ရှိစဉ်ကအတိုင်း မည်သည့်ပစ္စည်းမျှ အပြောင်းအရွှေ့မရှိဘဲ ခြေရာလက်ရာမပျက် ရှိနေသည်။

အခန်းထောင့်ရှိ ကျွန်းဗီရိုကြီးသည်လည်း နဂိုမူလအနေအထားအတိုင်းပင် ရှိနေပေသည်။

ကျင်းတီသည် ဗီရိုကြီးအနီးသို့ လျှောက်သွားကာ....

'ကဲ....ဒါက ငါ့သမီးရဲ့ ဗီရိုကြီးပဲ၊ အံဝှက်က ဘယ်မှာရှိနေသလဲ'

ဖေးယန်ကို လှမ်းမေးလိုက်၏။

ဖေးယန်ကလည်း မဆိုင်းမတွပင်....

'ဗီရိုရဲ့ ဒုတိယအဆင့်မှာ ခလုတ်တစ်ခုရှိတယ်တဲ့'

ကျင်းတိသည် ဗီရိုကိုဖွင့်၍ ဒုတိယအဆင့်၌လက်ဖြင့် စမ်းသပ်ရှာဖွေလိုက်သည်။

ထိုနေရာ၌ ခလုတ်တစ်ခုရှိကာ ထိုခလုတ်ကိုနှိပ်လိုက်သည်နှင့် ဗီရို၏အပြင်ဘက်အကာ ဘေးတိုက်ရွေ့လျားသွားပြီး အံ့ဂုက်တစ်ခု ပေါ်လာသည်။

အံ့ဂုက်အတွင်း၌ကား ကျောက်စိမ်းဖြင့် ထုလုပ်ထားသည့် ကြောင်ရုပ်ကလေးတစ်ရုပ် ထီးထီးကြီး ရှိနေပေသည်။

ဖေးယန်၏မိခင်သည် ကျောက်စိမ်း ကြောင်ရုပ်ကလေးကို လွန်စွာ နှစ်သက်သဘောကျသောကြောင့် မပျောက်မပျက်စေရန် ယခုကဲ့သို့ လျှို့ဝှက်စွာ သိမ်းဆည်းခဲ့ခြင်း ဖြစ်ဟန်တူပေသည်။

ကြောင်ရုပ်ကလေးကို တွေ့လိုက်ရသည့်အခါ ကျင်းတိ၏ ခန္ဓာကိုယ်သည် ရုတ်တရက် နောက်သို့ ယိမ်းယိုင်သွား၏။

နံရံကိုလက်ဖြင့်ထောက်ပြီး လဲကျမသွားအောင် ထိန်းလိုက်ရသည်။

သိုင်းပညာ ထိပ်တန်းအဆင့်ရောက်နေသော ကျင်းတိအဖို့ ကြီးမားသော စိတ် လှုပ် ရှား မှု မ ရှိ ပါ က ယင်းသို့ဖြစ်စရာ အကြောင်းမရှိပေ။

ယခုကဲ့သို့ ခန္ဓာကိုယ်ယိမ်းယိုင်လောက်အောင် ဂူဖြေပျက်သွားရခြင်းကား တစ်စုံတစ်ခုသော ကြီးမားလှသည့် စိတ်လှုပ်ရှားမှု တစ်ခုခုကြောင့်ဖြစ်ကြောင်း ယုံမှားဖွယ်ရာမရှိချေ။



မည်သို့သောအကြောင်းကြောင့် အကြီးအကျယ်စိတ်လှုပ်ရှားသွားရပါသနည်း။

ကိုချင်းသည် မြစိမ်းရောင်နန်းတော်သခင်ကြီးကျင်းတိ တစ်စုံတစ်ခုသော အကြောင်းကြောင့် စိတ်လှုပ်ရှားသွားရသည်ကိုရိပ်မိလိုက်သည်။

သို့သော် မည်သို့သောအကြောင်းကြောင့်ဆိုသည်ကို မှန်းဆနိုင်ခြင်းမရှိပေ။

မေလင်းကမူ ကိုချင်းထက်ပို၍ အကင်းပါး၏။

သူမကိုယ်ဘိုင်က မဟုတ်မမှန်လိမ်ညာရောက်ရှိလာခြင်းဖြစ်ရာ ကျင်းတိ၏အခြေအနေကို မြင်လိုက်ရသည်နှင့် မိမိ၏လိမ်ညာမှုကို ရိပ်မိသွားပြီဖြစ်ကြောင်း နားလည်လိုက်သည်။

မထူးတော့သည့်အခြေအနေသို့ရောက်လာပြီဖြစ်ရာ ထိတ်လန့်တုန်လှုပ်သောစိတ်များပင် ပျောက်ကွယ်သွားလေ၏။

သူမ၏လက်က မြစိမ်းနီလာဓားဆီသို့ အလိုလိုရောက်ရှိသွားသည်။

အကယ်၍ ကျင်းတိသာ မိမိအား မယုံသင်္ကာစိတ်ဖြင့် စစ်ဆေးမေးမြန်းလာလျှင် ခုခံတိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်၏။

သူမသည် ကျင်းတိအား ယှဉ်နိုင်မည်မဟုတ်ဟု တွက်ဆထား၏။

သို့သော် လက်ရှိအနေအထားအရ ကျင်းတိကိုယ်တိုင်ကလည်း မိမိအား အလွယ်တကူအနိုင်ရမည်မဟုတ်ဟု ယုံကြည်ထား၏။

ထိုကြောင့် အထူးတလည် သိတ်လန့်တုန်လှုပ်ခြင်း မရှိဘဲ ဟန်မပျက်ပင် အခြေအနေကို အကဲခတ် စောင့်ကြည့်နေလိုက်လေသည်။

ထိုစဉ် ကျင်းတီသည် သူမအား လှည့်ကြည့်လာ၏။

'ဘာလဲ....ဘိုးဘိုးက သူ့စကားကိုယုံပြီး ကျွန်မကို သက်ာမကင်း ဖြစ်နေပြီလား'

မေလင်းက ခပ်တည်တည်ဖြင့် ပြန်မေးလိုက်သည်။

ကျင်းတီ နှုတ်ဆိတ်နေ၏။

မေလင်းကို ခပ်ငေးငေးစိုက်ကြည့်ရင်း တစ်စုံတစ်ရာ တွေးနေဟန်ရှိသည်။

မေလင်းသည် နှုတ်ခမ်းစူလိုက်ပြီး....

'ဘိုးဘိုးအနေနဲ့ သူများလိမ်ညာပြောတာကိုယုံနေရင် ကျွန်မ ဒီမှာမနေဘူး၊ ဘိုးဘိုးကိုယ်တိုင်ကမှ မယုံကြည်တော့ရင် ကျွန်မ ဒီမှာနေလို့ ဘာထူးမှာလဲ'

ပြောပြောဆိုဆိုဖြင့်ပင် မေလင်းသည် ချာခနဲ လှည့်ကာ တံခါးဝဆီသို့ လျှောက်သွားလေ၏။

'နေဦး....'

ကျင်းတီ၏ဟန့်တားသံ ထွက်ပေါ်လာသည်။

မေလင်း တုံ့ခနဲခြေလှမ်းရပ်တန့်သွားသည်။



ထို့နောက် စိတ်ဆိုးစိတ်ကောက်သည့် မျက်နှာထားနှင့် လှည့်ကြည့်လိုက်၏။

'ကိုယ့်မြေးအရင်းကိုမှ ယုံကြည်မှုမရှိတော့ရင် ကျွန်မ ဒီမှာ ဆက်နေလဲ ဘာထူးမှာမို့လဲ'

ကျင်းတီ သက်ပြင်းချလိုက်သည်။

'ဒီကိုလာစမ်းပါဦး ငါ့မြေးရယ်'

မေလင်း ဇဝေဇဝါဖြစ်သွားသည်။

ကျင်းတီသည် မိမိအယောင်ဆောင်မှုကိုသိသွားပြီး ပရိယာယ်သုံး၍ မိမိအားခေါ်နေခြင်းလား။

သူမသည် ကျင်းတီထံ ပြန်သွားသင့်မသွားသင့် ချီတုံချတုံ ဖြစ်သွား၏။

ထိုစဉ် ကျင်းတီသည် ဖေးယန်ဘက်လှည့်ကာ....

'သူငယ်မ....မင်း သူ့အမေအကြောင်းကို ဘယ်ကကြားလာပြီး ဒီကိုလာပြောတာလဲ၊ ပြောစမ်း....မင်းတို့မှာ ဘာရည်ရွယ်ချက်ရှိသလဲ'

ထိုစကား ကြားလိုက်ရသည့်အခါ ဖေးယန်သာမက ကိုချင်ပါ မျက်လုံးအဝိုင်းသား ဖြစ်သွားကြတော့သည်။

နှစ်ယောက်စလုံး မျက်နှာဖြူဖပ်ဖြူရော်ဖြစ်သွားကာ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားကြတော့သည်။

ကျင်းတိကသက်ပြင်းချရင်း....

'အင်းလေ....မင်းတို့ကိုကြည့်ရတာ ငယ်ငယ်ရွယ်ရွယ် သနားကမားနဲ့မို့ ငါ မင်းတို့ကို အပြစ်မပေးချင်ဘူး၊ ဒါကြောင့် မင်းတို့ ဒီက အမြန်ထွက်သွားကြပေတော့၊ နောင်ကိုထပ်လာဖို့ ဘယ်တော့မှ မကြိုးစားပါနဲ့'

ပြောပြီးသည်နှင့် ကျင်းတိသည် လက်ခုပ်တစ်ချက်တီးလိုက်၏၊

လူထွားကြီးတစ်ယောက် ချက်ချင်းဆိုသလိုအခန်းဝသို့ရောက်လာပြီး ဦးညွှတ်အရိုအသေပြုသည်။

ကျင်းတိက ကို့ချင်းနှင့် ဖေးယန်ကိုညွှန်ပြကာ....

'သူတို့နှစ်ယောက်ကို အပြင်ခေါ်ထုတ်သွား၊ သွားလိုရာသွားပါစေ'

ကျင်းတိသည် ပြောရင်း လက်မထောင်ပြလိုက်၏။

လူထွားကြီးက ဆတ်ခနဲ ခေါင်းညိတ်ပြသည်။

ထို့နောက် ကို့ချင်းနှင့် ဖေးယန်တို့ကိုလက်ဆွဲကာ အခန်းထဲမှ ထွက်ခွာသွားလေတော့၏။



မေလင်းသည် ကို့ချင်းနှင့် ဖေးယန်တို့ အခန်းထဲမှ ထွက်ခွာသွားသည်အထိ အံ့အားတသင့်ဖြင့် ငေးကြည့်နေမိသည်။

ကို့ချင်းနှင့် ဖေးယန်တို့ မြင်ကွင်းမှပျောက်ကွယ်သွားမှ သူမ ...ည်း သတိပြန်ဝင်ကာ ကျင်းတိကို လှမ်းကြည့်လိုက်သည်၊

ကျင်းတိက အသာအယာပြုံးပြရင်း....

'ဘာလဲ....ငါ့မြေးက ဘိုးဘိုးကို စိတ်ဆိုးတုန်းပဲလား'

မေလင်းသည် ကျင်းတိ၏ရင်ခွင်ထဲ တိုးဝင်သွား၏။

မျက်ရည်များက အလိုလိုကျလာသည်။

ဝမ်းသာ၍လော....

ဝမ်းနည်း၍လော....

ခွဲခြားသိနိုင်စွမ်း မရှိပါချေ။

ကျင်းတိက သူမ၏ဆံကေသာကို လက်ဖြင့် အသာအယာပွတ်...ပ်ကာ....

'အို....ငါ့မြေးရယ်၊ ဒါ ...ိုစရာမဟုတ်တာဘဲ၊ ကဲ....ကဲ....တ်တော့၊ ဘိုးဘိုးလဲ တရား...ထိုင်ရဦးမယ်၊ ဒီတစ်ခါတော့ သုံး...်လောက် ကြာလိမ့်မယ်ထင်တယ်၊ ဘိုးဘိုးကို လာမနှောင့်ယှက်...ိုးနော်'

မေလင်း ခေါင်းညိတ်လို...။

'ဟုတ်ကဲ့ပါ ဘိုးဘိုး'

ပြောရင်း ကျင်းတီရင်ခွင်ထဲမှ ထွက်လိုက်၏။

ကျင်းတီက သူမ၏ခေါင်းကို အသာပုတ်ပြီး အခန်းထဲမှ ထွက်ခွာသွား၏။

မေလင်းသည် ကျင်းတီ ထွက်ခွာပျောက်ကွယ် သွားသည် အထိ ကြည့်နေလိုက်၏။

မြင်ကွင်းမှ ကျင်းတီပျောက်ကွယ်သွားသည့်အခါမှ မေလင်းသည် မဲ့ပြုံးတစ်ချက်ပြုံးကာ…

'ဟင်း….ဟင်း၊ ညည်းတို့ ငါ့လက်က လွတ်မယ်များ ထင်နေကြသလား'

သူမသည် ဖေးယန်ကို မဖြစ်မနေအပျောက်ရှင်းရန်ဆုံးဖြတ်လိုက်ပြီ ဖြစ်သည်။

ဖေးယန်ရှိနေသမျှ သူမအတွက် နောက်ကြောင်းအေးနိုင်မည် မဟုတ်သောကြောင့် ဖြစ်ပေသည်။

ကို့ချင်းနှင့်ဖေးယန်တို့သည် အစွမ်းကုန် ပြေးနေကြ၏။

မြန်နိုင်သမျှမြန်အောင်ပြေးနိုင်မှ အသက်အန္တရာယ်မှ လွတ်မြောက်နိုင်မည်ဟု နားလည်ထားကြသောကြောင့် ဖြစ်သည်။



မေလင်းက သူတို့နှစ်ယောက်အား မည်သည့်နည်းနှင့်မှ အလွတ်ပေးမည်မဟုတ်ဟု နားလည်ထားကြသည် မဟုတ်ပါလား။

ဖေးယန်ရှိနေသမျှ မေလင်းအဖို့ စားဝင် အိပ်ပျော်မည် မဟုတ်ချေ။

ထို့ကြောင့် မဖြစ်ဖြစ်အောင်သည့်နည်းနှင့် ဖေးယန်ကို သုတ်သင်ရှင်းလင်းပစ်မည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်ပေသည်။

ညီဖြစ်ရာ သူတို့နှစ်ယောက်သည် မြစိမ်းရောင်နန်းတော်မှ ထွက်လာပြီးသည်နှင့် နောက်မှ ရန်သူ လိုက်လာသည်အလား ခြေကုန်သုတ်၍ ပြေးနေကြခြင်း ဖြစ်ပေသည်။

သူတို့နှစ်ယောက်စလုံး လမ်းမသိကြပါ။

လူသွားကြီးက သူတို့နှစ်ယောက်အား ဤလမ်းမပေါ်သို့ ပို့ဆောင်ပြီး လှည့်ပြန်သွားသည်။

ထို့ကြောင့် သူတို့နှစ်ယောက်လည်း ဤလမ်းအတိုင်း ပြေးနေကြခြင်းသာ ဖြစ်သည်။

ထိုလမ်းသည် မည်သည့်နေရာသို့ ဦးတည်နေကြောင်းလည်း သူတို့မသိကြပါ။

တွေ့သည့်လမ်းအတိုင်း ခြေဦးတည့်ရာ အားကုန်ပြေးနေကြခြင်း ဖြစ်သည်။

မောလွန်းသည့်အခါ ခဏနားသည်။

နားပြီးသည်နှင့် ဆက်၍ပြေး၏။

အမှန်တော့ သူတို့ပြေးနေကြသည့်လမ်းသည် လမ်းဟုသာ ဆိုရသည်။

လူအများသွားလာသည့် လမ်းမျိုးမဟုတ်ပေ။

လူတစ်ယောက်စာ သွားသာရုံ တောလမ်းကလေးတစ်လမ်းသာ ဖြစ်ပေသည်။

လမ်းကလည်း ကျဉ်းမြောင်းလှ၏။

ခလုတ်ကန်သင်းလည်း ပေါများလှ၏။

မြစိမ်းရောင်နန်းတော်နှင့် ဝေးလျှင် ပြီးရောဟူသောသဘောဖြင့်သာ အစွမ်းကုန် ပြေးနေကြသည်။

နှစ်ယောက်စလုံး မသက်သာလှပါ။

အတန်ကြာအောင် ခက်ခဲစွာပြေးလွှားလာရာ ချောက်ကမ်းပါးကြီး တစ်ခုအနီးသို့ ရောက်ရှိလာကြ၏။

ရှေ့တွင် နက်စောက်သော ချောက်ကြီးရှိနေသည်။

အခြားတစ်ဖက် တောင်ကြောသို့ကူးရန် ကြိုးတံတားတစ်ခု ရှိနေသည်။

ကြိုးတံတားသည် ဝါးဝါးပြန်စာခန့် ရှည်မည်ဟုထင်ရ၏



ကိုချင်းနှင့် ဖေးယန်တို့သည် ကြိုးတံတားထိပ်သို့ ရောက်သည့်အခါ ခြေလှမ်းတို့ ခနဲ ရပ်သွားကြသည်။

တစ်ဖက်တောင်ကြောသို့ လှမ်းမျှော်ကြည့်လိုက်၏။

ဤတွင် ကြိုးတံတားထိပ် သစ်ပင်တွင် ဆိုင်းဘုတ်တစ်ခုချိတ်ဆွဲထားသည်ကို တွေ့မြင်လိုက်ကြရ၏။

ကိုချင်း မျက်မှောင်ကြုတ်သွားသည်။

'ဘာဆိုင်းဘုတ်များ ပါလိမ့်'

ဆိုင်းဘုတ်အနီးလျှောက်သွားပြီး ဖတ်ကြည့်လိုက်သည်။

'ကြိုးတံတားပေါ် ဖြတ်မကူးရ၊ ကူးလျှင်သေဒဏ်'

ကိုချင်းနှင့် ဖေးယန်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

ဘာဆက်လုပ်ကြရမှန်းမသိအောင် ဖြစ်သွားကြသည်။

သူတို့နှစ်ယောက်အဖို့ ရှေ့ဆက်ရန် မဖြစ်နိုင်တော့သလို နောက်ကြောင်းပြန်လှည့်ရန်လည်း အန္တရာယ် ကြီးမားလှသည်။

ထို့ကြောင့် ၎င်းတို့နှစ်ယောက်စလုံး ချီတုံချတုံနှင့် ဘာဆက်လုပ်ရမှန်း မသိအောင် ဖြစ်သွားရခြင်းပင် ဖြစ်သည်။

ကြံရာမရဖြစ်ပြီး လက်မှိုင်ချနေကြစဉ် သစ်ပင်နောက်ကွယ်မှ လူရိပ်တစ်ရိပ် ရုတ်တရက် ထွက်ပေါ်လာလေသည်။

ထိုသူရိပ်အား သေချာမြင်တွေ့လိုက်ရသည့်အခါ ကိုချင်းကော ဖေးယာန်ပါ ထိတ်လန့်တကြားဖြင့် မျက်စိမျက်နှာပျက်သွားကြသည်။

သစ်ပင်နောက်ကွယ်မှ ထွက်ပေါ်လာသူသည် မြစိမ်းရောင်နန်းတော်၏ အရှင်သခင် ကျင်းတီ ဖြစ်နေသောကြောင့်ပင်တည်း။

❁

ကိုချင်းနှင့် ဖေးယာန်တို့သည် ဝိုင်းစက်မြူးကျယ်သော မျက်လုံးအစုံဖြင့် ကျင်းတီကို အံ့ကြောင်သား ငေးစိုက်ကြည့်မိကြသည်။

ကျင်းတီက လက်နှစ်ဖက်နောက်ပစ်လားပြီး အေးတိအေးစက် ဟန်ပန်ဖြင့်ထွက်လာ၏။

သို့သော် သူ၏မျက်နှာအသွင်အပြင်ကား တစ်စုံတစ်ခုကိုစိုးရိမ်နေဟန် ပေါ်လွင်နေသည်။

ကျင်းတီသို့ မြစိမ်းရောင်နန်းတော်၏ အရှင်သခင်က မည်သည့်အရာကို စိုးရိမ်ကြောင့်ကြ ဖြစ်နေရပါသနည်း။

ကိုချင်းနှင့် ဖေးယာန်တို့ကမူ ကျင်းတီ၏ မျက်နှာပေါ်မှ စိုးရိမ်ကြောင့်ကြ ဖြစ်နေမှု အရိပ်အယောင်ကို သတိပြုမိခြင်း မရှိပေ။



သူတို့စိတ်ထဲ၌ ကျင်းတီသည် မိမိတို့အား ဥပါယ်တံမျဉ်ဖြင့် ထွက်ခွာခိုင်းပြီး လမ်းမှဖြတ်၍ ရှင်းလင်းသုတ်သင်ရန် လိုက်လာခြင်းဟု ထင်မှတ်နေမိကြလေသည်။

ထို့ကြောင့် ဖေးယာန်နှင့် ကိုချင်းတို့သည် စိုးရိမ်ထိတ်လန့်စွာဖြင့် အကဲခတ် ကြည့်နေလိုက်ကြသည်။

မည်သို့ပင်ဖြစ်စေ....

ကျင်းတီအနေဖြင့် သူတို့အား ရန်ရှာမည်ဆိုလျှင်လည်း သူတို့နှစ်ယောက်အတွက် ဘာမျှတတ်နိုင်ကြမည် မဟုတ်ပေ။

ကံကိုသာ ယုံမယ်ဖွဲ့ရတော့မည့် အနေအထားတွင်ရှိသည်။

ထိုစဉ် ကျင်းတီသည် ဖေးယာန်အား ကရုဏာသက်စွာ တစ်ချက် လှမ်းကြည့်ပြီး....

'မင်းဟာ ငါ့သမီးရဲ့ တစ်ဦးတည်းသောသမီး၊ ငါ့မြေး အစစ်ဆိုတော့ နန်းတော်မှာ မင်းပြောပြတဲ့ အကြောင်းအရာတွေကို ကြားရကတည်းက သိပြီးပါပြီကွယ်'

ကျင်းတီထံမှစကားကိုကြားလိုက်ရသည့်အခါ ကိုချင်းကော ဖေးယာန်ပါ ကိုယ့်နားပင် ကိုယ်မယုံကြည်နိုင်အောင် ဖြစ်သွားကြကုန်သည်။

'ဗျာ....ဦး....ဦး ဘာပြောလိုက်တာလဲ'

ကိုချင်းက မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ပြန်မေးလိုက်၏။

ကျင်းတိက သက်ပြင်းကြီးချကာ….

'အင်း….အမှန်အတိုင်းပြောရရင် ငါဟာ ငါ့မြေးကို တစ်ခါမှ မြင်ဖူးတာမဟုတ်ဘူး၊ သမီးကို လွမ်းဆွတ်သတိရနေတုန်း အဲဒီ မေလင်းဆိုတဲ့မိန်းကလေးရောက်လာပြီး သူဟာ ငါ့ရဲ့မြေး ဖေးယန်ပါလို့ ပြောလာတဲ့အခါ ငါလဲ သေချာမစုံစမ်း မမေးမြန်းတော့ဘဲ လက်ခံလိုက်မိတယ်၊ ကြာတော့ မြေးအရင်းလို့ထင်ပြီး သံယောဇဉ်တွယ်လာမိတယ်လေ'

ကို့ချင်းနှင့် ဖေးယန်တို့မှာ ကျင်းတိပြောသမျှကို ငြိမ်သက်စွာ နားထောင်နေမိကြ၏။

'အဲဒီအချိန်မှာ ငါ့မြေးအရင်း ရောက်လာပြီး အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ပြောပြတဲ့အခါ မေလင်းဟာ အယောင်ဆောင်ရောက်လာတဲ့ ငါ့မြေးအတုဆိုတာ သိလိုက်ရတယ်'

'ဒါဆိုလဲ အဲဒီအချိန်ကတည်းက အဖြစ်မှန်ကို ဖွင့်ပြောပြီး မေလင်းကို နှင်ထုတ်သင့်တာပေါ့ဗျာ၊ ခုတော့ မြေးအရင်းကို နှင်ထုတ်ပြီး မြေးအတုကို လက်ခံထားတာ ကျွန်တော်တို့ ဘယ်လို နားလည်ရမှာလဲ'

ကို့ချင်းက အားမလိုအားမရ ဘဝင်မကျဟန်ဖြင့် ပြန်ပြောလိုက်၏။

ကျင်းတိ သက်ပြင်းချလိုက်သည်။



'အခြေအနေအရ အဲဒီလိုလုပ်လို့ မရလို့ပေါ့ကွာ'

'ဗျာ….'

ကို့ချင်းမှာ အံ့အားသင့်ပြီး ပါးစပ်အဟောင်းသားဖြစ်သွား၏။

ထို့အတူ ဖေးယန်မှာလည်း နားမလည်နိုင်အောင် ဖြစ်သွားရလေတော့သည်။

ကျင်းတိက ရှင်းပြလိုက်၏။

'ဘာကြောင့်လဲဆိုတော့ မေလင်းရဲ့သိုင်းပညာဟာ ငါ့ထက်သာနေပြီလေ၊ အထူးသဖြင့် မြစိမ်းနီလာဓားနှစ်လက် သူ့ဆီရောက်သွားတာဟာ ကျားကိုအတောင်တပ်ပေးလိုက်သလိုပါပဲ၊ ဒါပေမယ့် မေလင်းကိုယ်တိုင်က သူ့ရဲ့ သိုင်းပညာ ငါ့ထက်သာနေပြီဆိုတာကို မသိတာဘဲ၊ နို့မို့ရင် မင်းတို့နှစ်ယောက်တင်မကဘူး၊ ငါ့ကိုပါ အလွတ်ပေးမှာမဟုတ်ဘူး'

ကို့ချင်းနှင့် ဖေးယန်တို့မှာ ကျင်းတိ၏စကားကို ယုံကြည်လက်ခံရန် လွန်စွာခဲယဉ်းနေကြပေသည်။

'ဟာ….မဖြစ်နိုင်တာဘဲ'

ကျင်းတိက ခပ်ယဲ့ယဲ့ပြုံးကာ….

'မဖြစ်နိုင်ရင် ငါ မင်းတို့ကို နှင်ထုတ်မလား၊ သူ့အန္တရာယ်နဲ့ မကြုံအောင် လူယုံဘပည့်ကို တာဝန်ပေးပြီး မင်းတို့ကို ဒီရောက်အောင် ပို့ပေးလိုက်တာ'

ကျင်းတီ၏စကားကြောင့် ကို့ချင်းတို့မှာ ပို၍နားရှုပ်သွားကြ၏။

ကျင်းတီက ဘာမျှ ဆက်၍ရှင်းပြမနေတော့ပါ။

ဖေးယန်ကို လှမ်းကြည့်ကာ....

'ကဲ....ငါ့မြေး၊ ဒီကြီးတံတားကနေ တစ်ဖက်တောင်ကြောကို ကူးသွားပေတော့၊ ဟိုဘက်မှာ ငါ့မြေးရဲ့ဘွားဘွားရှိတယ်၊ သမီးရဲ့လက်ကောက်ကိုပြပြီး အကျိုးအကြောင်းပြောပြပါ၊ ဒါဆို ဘွားဘွားက ငါ့မြေးကို ကူညီလိမ့်မယ်'

တစ်ဆက်တည်းပင် ကို့ချင်းဘက်လှည့်ပြီး....

'မင်းကတော့ နောက်နှစ်ရက်ကြာတဲ့အခါ ငါ့ဆီလာခဲ့'

ဖေးယန်သည် ကျင်းတီကို ငေးကြည့်နေမိ၏။

စိတ်ထဲကလည်း အဘိုးဖြစ်သူကို ကရုဏာသက်မိသည်။

မြေးကိုချစ်စိတ်နှင့် ပညာကုန် အိတ်သွန်မှောက် သင်ပေးပြီးကာမှ မြေးအတူဖြစ်စေမှန်းသိလိုက်ရသည့်အခါ သူ၏စိတ်ထဲ၌ မည်သို့ခံစားနေရမည်ကို ဖေးယန် နားလည်သဘောပေါက်သွားမိလေသည်။

'ဒါနဲ့ ဘွားဘွားက ဟိုဘက်တောင်မှာဆိုတော့ ဘာဖြစ်လို့ ဘိုးဘိုးနဲ့အတူမနေတာလဲ'



ဖေးယန်သည် တစ်ဖက်တောင်ကြောသို့ ကူးရမည်ဆိုသဖြင့် နားမလည်နိုင်ဟန်ဖြင့် ကောက်ကာငင်ကာ မေးလိုက်ခြင်း ဖြစ်သည်။

ကျင်းတီ၏မျက်နှာတွင် ဆွေးမြည့်အရိပ်အငွေ့များ ယှက်သမ်းသွား၏။

စိတ်မသက်သာဟန်ဖြင့် သက်ပြင်းမျှင်းမျှင်းချကာ....

'အင်း....ဘိုးဘိုးရဲ့အပြစ်တွေပဲ ဆိုပါတော့ကွယ်၊ ဘိုးဘိုးက စည်းကမ်းသိပ်ကြီးသလို ဒေါသလဲ အင်မတန်ကြီးခဲ့တာကိုး၊ ဒါကြောင့် ငါ့မြေးရဲ့မေမေဟာ ဘိုးဘိုးနဲ့မနေနိုင်ဘဲ ထွက်ပြေးသွားခဲ့တယ်၊ ဘွားဘွားကလဲ သူ့သမီးထွက်ပြေးတာ ဘိုးဘိုးကြောင့်ဆိုပြီး စိတ်ဆိုးမာန်ဆိုးနဲ့ ဟိုဘက်တောင်မှာ သွားနေတာ ခုချိန်ထိပဲဆိုပါတော့ကွယ်'

ယိုစဉ်မှာပင် အဝေးဆီမှ လူသံသူသံများ ခပ်သဲ့သဲ့ထွက်ပေါ်လာရာ....

'ဟော....မေလင်းက လူလွှတ်ပြီး ငါ့မြေးတို့ကို လိုက်ရှာနေပြီထင်တယ်၊ ကဲ ကဲ....ကြိုးတံတားကိုဖြတ်ပြီး ဟိုဘက်ကို အမြန်ဆုံးသာသွားပေ တော့'

ယင်းသို့ပြောပြီးသည်နှင့် ကျင်းတီသည် ထိုနေရာမှ ချာခနဲလှည့်၍ ထွက်ခွာသွားလေတော့၏။

ာယာချင်၏နိဂုံး

အရှေ့ဘက်မိုးကောင်းကင်၌ အရုဏ်ဦးရောင်ခြည်များ ယှက်ာမ်းပေါ်ထွက်စ ပြုနေပြီဖြစ်သည်။

သို့သော် အမှောင်ထုက မခွာချင်သလိုလိုနှင့် ပေကပ်နေဆဲဖြစ်၏။

အလင်းရောင်အား မကောင်းသေးသလို အမှောင်ထုကလည်း ပိပ်သည်းခြင်းမရှိတော့ပါ။

ယင်းအချိန်မှာပင် ကိုချင်းသည် မြစိမ်းရောင်နန်းတော်ဆီသို့ န်းလျှိုးကွယ်လျှိုးဖြင့် ချဉ်းကပ်ရောက်ရှိလာခြင်း ဖြစ်သည်။

သို့သော်....

နန်းတော်ထဲသို့ ဘယ်လိုဝင်ရမည်ကို သူ မသိပါ။

သူ ဇဝေဇဝါ ဖြစ်နေခိုက်မှာပင်....



'ရှီး....'

အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာ၏။

ကိုချင်း ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။

နန်းတော်ဝင်ပေါက်အနီးရှိ သစ်ပင်တစ်ပင် နောက်ကွယ်မှ လူထွားကြီးတစ်ဦး ထွက်လာသည်ကို တွေ့လိုက်ရ၏။

လူထွားကြီးသည် ကိုချင်းအား ခြေဟန်လက်ဟန်ပြကာ ထိုနေရာမှ ထွက်ခွာသွား၏။

ကိုချင်းလည်း တွေဝေတွန့်ဆိုင်းမနေဘဲ ထို လူ နောက်သို့ မယောင်မလည်ဖြင့် လိုက်ပါသွားလေသည်။

နန်းတော်အတွင်းတံခါးပေါက် သုံးလေးခုမျှ ဖြတ်ကျော်စင်ရောက်ပြီးသည့်အခါ ကြောင်လိမ်လှေကားတစ်ခုကို တွေ့ရသည်။

လူထွားကြီးသည် ကြောင်လိမ်လှေကားအတိုင်း တက်သွားရာ ကိုချင်းလည်း နောက်မှထက်ကြပ်မကွာ လိုက်ပါသွားလေသည်။

နန်းတော်ကိုရဲတိုက်သဖွယ်တည်ဆောက်ထားရာ အပေါ်ဆုံးထပ်သည် အမိုးမပါသော မျှော်စင်သဖွယ် ဖြစ်နေသည်။

ထိုမျှော်စင်သည် လွန်စွာကြီးမား ကျယ်ဝန်းလှသဖြင့် ရဲမက်လေးဆယ်ငါးဆယ်ခန့် တပ်စွဲချထားနိုင်လောက်ပေသည်။

သို့ရာတွင် ထိုနေရာသို့ ကို့ချင်း ရောက်ရှိသွားသည့်အခါ လူသူတစ်စုံတစ်ယောက်မျှမရှိဘဲ ဟာလာဟင်းလင်းကြီး ဖြစ်နေသည်ကို တွေ့ရလေသည်။

လူယွားကြီးသည် ကို့ချင်းအား ပို့ဆောင်ပြီးနောက် ပြန်လည် ထွက်ခွာသွားလေ၏။

ကို့ချင်းလည်း 'မျှော်စင်ပေါ်' ဟိုလျှောက် သည်လျှောက် လျှောက်ရင်း ကျင်းတီအလာကို စောင့်ဆိုင်းနေလိုက်သည်။

အတန်ကြာသော်....

'အဟမ်း....'

ချောင်းဟန့်သံတစ်ချက် ကြားသဖြင့် လှည့်ကြည့်လိုက်ရာ ကျင်းတီရောက်လာသည်ကို တွေ့ရလေ၏။

'ဖေးယန်နဲ့ သူ့အဘွား တွေ့ခဲ့ကြသလား'

ကျင်းတီက လှမ်းမေးလိုက်သည်။

ကို့ချင်းခေါင်းညိတ်ကာ....

'ဟုတ်ကဲ့ တွေ့ပါတယ်၊ အကျိုးအကြောင်းသိရတဲ့အခါ သူ့အဘွားက သူ့ကို သိုင်းပညာတစ်မျိုး သင်ပေးနေပါတယ်'

ကျင်းတီသည် ကျေနပ်သွားဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။



'ဟုတ်တယ်၊ သူ့အဘွားက ငါ့ကို အားကျမခံဖြစ်ပြီး မြစိမ်းနီလာဓားကွက်ကို ချေဖျက်ဖို့ သိုင်းကွက်တစ်မျိုး တီထွင်ထားတယ်လို့ ငါကြားတယ်၊ အခု ဖေးယန်ကို သင်ပေးနေတာ အဲဒီ သိုင်းကွက်ပဲဖြစ်မယ်'

ကို့ချင်း မျက်မှောင်ကြုတ်သွားသည်။

'မေလင်းရဲ့သိုင်းပညာကိုတောင် အဘက မယှဉ်နိုင်တော့ဘူး ဆိုတာ ဖြစ်နိုင်ပါ့မလားဗျာ'

'အဘမသိဘဲနေမလား၊ အဘကိုယ်တိုင်သင်ပေးပြီး မြစိမ်းနီလာဓားနှစ်လက်ကို ပေးလိုက်တာ၊ သူက ဉာဏ်ကောင်းပြီး ကြိုးစားမှုရှိတယ်၊ လူငယ်လဲလူငယ်မို့ အဘထက်အများကြီး သာသွားပြီး၊ ဒါကြောင့်ဖေးယန်ကို သူ့အဘွားဆီ ရောက်အောင် ပို့လိုက်တာ၊ မေလင်းကို ယှဉ်နိုင်ဖို့ ဒီတစ်ခုပဲမျှော်လင့်ချက် ရှိတော့တယ်လေ'

'ဟင်....ဒါဆို မေလင်းကို သိုင်းလောကမှာ ယှဉ်နိုင်မယ့်လူ မရှိသလောက် ဖြစ်သွားပြီပေါ့'

'ဟုတ်တယ်၊ သိုင်းလောကအတွက် အန္တရာယ်များတဲ့ အခြေအနေကို ရောက်နေပြီ'

ကျင်းတီသည်ပြောရင်း မျက်မှောင်တစ်ချက် ကြုတ်သွားကာ....

'ဟိတ်....ဘယ်သူလဲ'

ဆတ်ခနဲလှည့်ကြည့်ပြီး လှမ်းမေးလိုက်၏။

ကျင်းတိ၏ မေးမြန်းသံကြောင့် မျှော်စင်၏ တိုင်တစ်တိုင်အကွယ်မှလူတစ်ယောက်ထွက်လာသည်။

ထိုသူကား မေလင်းပင်တည်း။

မေလင်းကို မမျှော်လင့်ဘဲမြင်တွေ့လိုက်ရသည့်အခါ ကျင်းတိ၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

'မင်း....မင်းရောက်နေတာ ကြာပြီလား'

ကျင်းတိက မလုံမလဲဖြင့် မေးလိုက်၏။

မေလင်းက အေးစက်စက်ပြုံးရင်း ခေါင်းညိတ်လိုက်သည်၊

'ဒါဆို တို့ပြောတဲ့စကားတွေအားလုံးကို မင်းကြားပြီးရောပေါ့'

မေလင်း ခေါင်းညိတ်လိုက်သည်။

ကျင်းတိက....

'မင်း ငါ့မြေးအရင်း မဟုတ်ဘူးဆိုတာ ဝန်ခံပြီပေါ့'

မထူးတော့ပြီဖြစ်၍ ကျင်းတိက ပြောင်ပြောင်တင်းတင်းပင်မေးလိုက်ခြင်း ဖြစ်ပေသည်။

မေလင်းက ခေါ့ရှ့သိုခြေတစ်လှမ်း တိုးလာသည်။

သူမ၏မျက်နှာအနေအထားသည်လည်း စိတ်မကောင်းဖြစ်ဟန် အုံ့မှိုင်းလာသည်။

'အမှန်တော့ ဘိုးဘိုးရဲ့မြေးအရင်း ဖေးယန် ရောက်လာကတည်းက ကျွန်မအမှန်အတိုင်း ဝန်ခံမလို့ပါဘဲ၊ ဒါပေမယ့်



ဘိုးဘိုးနဲ့ အနေကြာလာတော့ ဘိုးဘိုးအပေါ် သံယောဇဉ်ကြီးပြီး မခွဲနိုင်တာကြောင့် ဇွတ်မှိတ်ပြီး ဆက်လိမ်ခဲ့မိတာပါ၊ ဒါပေမယ့် လိမ်ညာမှုဆိုတာ တစ်နေ့မှာ ပေါ်လာမှာမို့ အခုလို ဘိုးဘိုးသိလာပြီး အပြစ်ဝန်ခံမလို့ပါ'

မေလင်းသည် ပြောရင်း တရှုံ့ရှုံ့ ငိုကြွေးလိုက်လေ၏။

ကျင်းတိမှာ မေလင်းနှင့် ကာလအတန်ကြာအောင် မြေးအဘိုးအဖြစ် နေထိုင်လာခဲ့ရာမိမိ၏မြေးအရင်းမဟုတ်မှန်းသိလာရသည့်တိုင် သံယောဇဉ်က တွယ်နေဆဲဖြစ်၏။

မေလင်း၏ မှုရာမာယာကြွယ်မှုကို မမြင်နိုင်တော့ဘဲ သနားစရာ မိန်းကလေးတစ်ဦးဟုမှတ်ယူကာ ကရုဏာပင်ပွားမိလေသည်။

ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲဖြစ်လာပြီး မေလင်းကို ဖေးယန်နည်းတူ မြေးအဖြစ် မွေးစားရန်အထိ စိတ်ထဲ၌ ကြင်နာသနားမိလေသည်။

တိကျင်းကမူ မေလင်းအကြောင်းကိုကောင်းစွာ သိထားရာ မေလင်းသည် မှုရာမာယာဖြင့် ကျင်းတိအား ယိမ်းယိုင်တွေဝေအောင် လှည့်စားနေခြင်းဖြစ်ကြောင်း နားလည်လိုက်သည်။

'ဒီမှာမေလင်း မင်းအခုလိုဝန်ခံတာဟာ ရိုးရိုးသားသားဖြစ်ပါစေလို့ ငါဆုတောင်းတယ်၊ မရိုးသားရင် ဒီမရိုးသားမှုဟာ တစ်ချိန်မှာ ကိုယ့်ကိုကိုယ်ပြန်ပြီး ဒဏ်ခတ်လိမ့်မယ်နော်'

ကို့ချင်းက လှမ်း၍သတိပေးလိုက်၏။

သို့သော် မေလင်းသည် သူ၏စကားကို မကြားသကဲ့သို့ ဥပေက္ခာပြုထားလိုက်လေသည်။

ဓါးကြားမှဖြစ်ပ်ံးနိုလာဓားနှစ်လက်ကို ထုတ်ယူပြီး ကျင်းတိုံ ထံသို့ တစ်လှမ်းချင်း ချဉ်းကပ်လာ၏။

'ဘိုးဘိုး....ကျွန်မဟာ ဘိုးဘိုးရဲ့မြေးအစစ် မဟုတ်တာမို့ ဒီဓားနှစ်လက်ကို မပိုင်ဆိုင်သင့်ပါဘူး၊ ဒါကြောင့် ဒီဓား နှစ်လက်ကို ဘိုးဘိုးဆီ ပြန်အပ်ပါရစေ'

ကျင်းတိမှာ မေလင်းက အမြင်မှန်ရပြီး သဘောတရားနှင့်ပြောသည့်ဟု ယုံကြည်သွား၏။

'အင်း....ဒီလိုဆိုတော့လဲ မင်းရဲ့စိတ်သဘောထားက မဆိုးပါလား၊ မင်းအတွက် ဘိုးဘိုး ဘာလုပ်ပေးရမယ်ဆိုတာ စဉ်းစားပေးပါမယ်ကွယ်'

မေလင်းက ညှိုးနွမ်းသော မျက်နှာထားနှင့်....

'မစဉ်းစားပါနဲ့ ဘိုးဘိုးရဲ့၊ ကျွန်မ မှားခဲ့တာပါ၊ ဒါကြောင့် ဒီဓားနှစ်လက်ကို ဘိုးဘိုးဆီပြန်အပ်ပြီး ကျွန်မ ဒီက ထွက်သွားပါတော့မယ်'

ပြောရင်း မေလင်းသည် ရှေ့သို့ထပ်မံတိုးကာ ဓားနှစ်လက်ကို လှမ်းပေးလိုက်၏။

ကျင်းတိက လှမ်းယူရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်....

'အဘ....သတိထား'

ကို့ချင်းက လှမ်းအော် သတိပေးလိုက်၏။

သို့သော် နောက်ကျသွားပြီဖြစ်သည်။



ကျင်းတိမှာ တစ်ချိန်လုံး မေလင်း၏ မူရာမာယာကြားတွင် နေလာခဲ့ရသဖြင့် မေလင်း၏ မာယာပရိယာယ်ကို လုံးဝနားမလည်ရှာချေ။

မေလင်း အနေဖြင့်လည်း ဓိမိအပေါ် ယုတ်မာရက်စက်လိမ့်မည်ဟု ထင်မှတ်မထားခဲ့ပါ။

ထို့ကြောင့် ဓားနှစ်လက်ကို လှမ်းယူရန် လက်ကိုဆန့်လိုက်သည်။

ယင်းတခဏအချိန်ကလေးမှာပင် မေလင်းက ဓားကိုပေးမလိုနှင့် လျှပ်တစ်ပြက်လှုပ်ရှားလိုက်ရာ အစိမ်းရောင်၊ အပြာရောင် အသင်းတန်းများ ရှတ်တရက် ပြိုးပြက်သွား၏။

'အား....'

ကျင်းတိထံမှ အော်ဟစ်ညည်းတွားသံ ထွက်ပေါ်လာသည်။

မျက်လုံးအစုံ ဝိုင်းစက်ပြူးကျယ်ကာ မယုံကြည်နိုင်ဟန်ဖြင့် မေလင်းကို စိုက်ကြည့်မိ၏။

ထို့နောက် ဟအိအိရှေ့သွတ် လဲကျသွားတော့၏။

အဖြစ်အပျက်သည် လျှပ်စီးတစ်ချက် ဝင်းခနဲ လင်းလက်သွားသလို လျင်မြန်လွန်းလှ၏။

ကို့ချင်းမှာ အကြောင်သားဖြစ်သွား၏။

'ဟား....ဟား....ဟား....ဟား'

မေလင်းသည် ဦးနှောက်ပျက်သွားသူအလား ဟက်ဟက် ပက်ပက် ရယ်မောလိုက်၏။

အားရအောင် ရယ်မောပြီးမှ....

'ကဲ....ရှင်တွေ့တယ် မဟုတ်လား၊ ခုဆိုရင် ကျွန်မတို့ယှဉ်နိုင်မယ့်လူ မရှိတော့ဘူး၊ သိုင်းလောကကြီးတစ်ခုလုံး ကျွန်မလက်ခုပ်ထဲကရေလို ဖြစ်လာတော့မယ်'

မေလင်းက ကျေနပ်အားရစွာဖြင့် ဝင့်ကြွားစွာပြောလိုက်သည်။

ကို့ချင်းကမူ သူမအား စက်ဆုပ်ရွံရှာသွားလေသည်။

'မင်းကိုယ်မင်း သိပ်ဘဝင်မြင့်မနေနဲ့ မေလင်း၊ လောကကြီးကအကျယ်ကြီးပါ၊ မင်းထက်တော်တဲ့လူ မရှိတော့ဘူးလို့ မထင်နဲ့၊ ကျေးဇူးရှင်ကို ပြစ်မှားတဲ့အတွက် မင်းရဲ့ဘဝနိဂုံးဟာ ဘယ်လိုမှ မကောင်းနိုင်ဘူးဆိုတာ နားလည်ထားစမ်းပါ'

'ဟင်း....ဟင်း၊ ကျင်းတိလို သိုင်းလောက ပြိုင်ဘက်ကင်းတစ်ယောက်ကိုတောင် ကျွန်မ ရှင်းပစ်နိုင်ခဲ့ပြီပဲ၊ ဘယ်သူကများ ကျွန်မကို ယှဉ်နိုင်တော့မှာလဲ'

မေလင်းသည် ကို့ချင်းကိုစိုက်ကြည့်လိုက်ပြီး....

'အစ်ကိုသာလိမ္မာမယ်ဆိုရင် ကျွန်မနဲ့ လက်တွဲလိုက်စမ်းပါ၊ ဟောဒီလောကကြီးမှာ အစ်ကိုဖြစ်ချင်တာ ဘာမဆိုဖြစ်လာစေရမယ်'

ကို့ချင်း နှာခေါင်းရှုံ့လိုက်သည်။

'မင်းလို မာယာရှင်မိန်းကလေးကို စိတ်ကူးထဲတောင်မထည့်ဘူး'



ပြောပြီး ကို့ချင်းက လှည့်ထွက်သွားရာ....

'ရပ်လိုက်စမ်း'

ကို့ချင်း လှည့်ကြည့်လိုက်၏။

မေလင်းက စဉ်းလဲစွာပြုံးလိုက်သည်၊

စဉ်းလဲမှုနှင့်အတူ ရက်စက်ကြမ်းကြုတ်မှု အငွေ့အသက်များပါ ရောယှက်နေသည်။

'အစ်ကို ကျွန်မစကားကို နားထောင်ပါ၊ ကျွန်မအကြောင်းကို သိတဲ့လူဟာ လောကပေါ်မှာ ဆက်ပြီး အသက်ရှင်ခွင့်ရှိမှာမဟုတ်ဘူး၊ ဒါကြောင့် အစ်ကို့ကို ကျွန်မ မရက်စက်ချင်ဘူး'

ကို့ချင်း ထိတ်လန့်တုန်လှုပ်သွားခြင်းမရှိပါ။

နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး....

'လူယုတ်မာအနားမှာ နေရတာထက်စာရင် သေသွားတာက ပိုကောင်းပါတယ်လေ'

ပြောပြီး လှည့်ထွက်သွား၏။

'ကိုင်း....ဒီလောက်တောင် ပြောမရမှတော့ ကျွန်မကိုအဆိုးမဆိုနဲ့'

မေလင်းသည် အံတစ်ချက်ကြိတ်ပြီး ဝေးကိုင်လက်ကို တစ်ချက်လှုပ်ရှားလိုက်၏။

ယင်းအခိုက်အတန့်မှာပင်....

'ဖျပ်....ဖျပ်....ဖျပ်... ဖျပ်'

တောင်ပံခတ်သံနှင့်အတူ လေဟုန်တစ်ခု ရုတ်ဘရက် တိုးဝင်လာပြီး....

'ဗို်း....'

'ခြိမ်း....'

သိမ်းငှက်ကြီးတစ်ကောင် လေဟုန်ဖြင့် တိုးစိုက် ဆင်လာပြီး မေလင်း၏လက်ကို ခောင်ပံဖြင့်ရိုက်ခတ်သွားရာ မေလင်း၏ လက်ထဲမှဓား လွင့်စဉ်ထွက်သွား၏။

ကို့ချင်းက ဓားကို ကမန်းကတန်း ကောက်ယူလိုက်၏။

ထိုအချိန်တွင် သိမ်းငှက်ကြီးသည် ဒုတိယအကြိမ် ဝဲပျံထိုးဆင်းလာပြီး မေလင်းထံ တိုးဝင်လာ၏။

ဘောင်ပံခတ်ရာမှ ထွက်ပေါ်လာသော လေအားသည် လွန်စွာပြင်းထန်လှ၏။

မေလင်းမှာ လက်ထဲ၌ ဓားတစ်လက်သာ ရှိနေသည့်ပြင် သိမ်းငှက်ကြီး၏ ခြေသည်းများကလည်း ကြောက်စရာကောင်းလောက်အောင် ချွန်မြနေရာ ရင်မဆိုင်ဝံ့ဘဲ မျှော်စင်လှေကားရှိရာသို့ ပြေးဆင်းသွား၏။

သိမ်းငှက်ကြီး အဝေးသို့ပျံထွက်သွားမှ မေလင်းလည်း မျှော်စင်ပေါ် ပြန်တက်ခဲ့သည်။

သို့သော် မျှော်စင်ပေါ် ပြန်ရောက်သည့်အခါ ကို့ချင်း၏ အရိပ်ကိုမျှပင် မမြင်တွေ့ရတော့ချေ။

ကို့ချင်းကား ပျောက်ခြင်းမလှ ပျောက်ကွယ်သွားလေပြီ။



ကောင်ကင်းတစ်ခွင်လုံး ရုတ်တရက် မည်းမှောင်လာ၏။

လျှပ်နွယ်လျှပ်ပန်းများကလည်း ဟိုမှသည်မှတဝင်းဝင်းထွက်ပေါ်လာ၏။

'ဂျိမ်း....'

မိုးခြိမ်းသံများကလည်း ကြောက်မက်ဖွယ်ရာ ထွက်ပေါ်လာသည်။

ကို့ချင်းသည် ကိုယ်ဖျောက်ပညာသုံးလျက် အားကုန်ပြေးနေ၏။ အကြောင်းမှာ....

မေလင်းအနေဖြင့် သူ့ကိုအလွတ်ပေးမည် မဟုတ်ကြောင်း နားလည်ထားသောကြောင့်ဖြစ်သည်။

သူသည် အားကုန်ပြေးလွှားလာခဲ့ရာ မကြာမီ ကြိုးတံတားထိပ်သို့ ရောက်ရှိလာ၏။

ထိုအခါမှ ကို့ချင်းသည် စိတ်သက်သာရာရသွားပြီး တံတားထိပ်၌ရပ်ကာ အမောဖြေရင်း နောက်သို့ အမှတ်မထင် လှည့်ကြည့်လိုက်မိသည်။

'ဟင်....'

အံ့သြထိတ်လန့်မှုကြောင့် အာမေဍိတ်သံပင် ထွက်သွားရလေသည်။

သူဟုက်ဆထားသည့်အတိုင်း မေလင်းသည် သူ့နောက်သို့ ထက်ကြပ်မကွာ လိုက်ပါလာပြီမဟုတ်ပါလား။

'ဟင်း....ဟင်း....အစ်ကို ကျွန်မလက်ကလွတ်အောင် ပြေးလို့ ရမယ်ထင်နေသလား'

မေလင်းက လှောင်ပြုံးပြုံးရင်း ရှေ့သို့ တစ်လှမ်းချင်း လျှောက်လာ၏။

ကို့ချင်းမှာ မေလင်းကို မယှဉ်နိုင်မှန်းသိသဖြင့် ကြိုးတံတားပေါ် ဖြတ်လျှောက်သွား၏။

မေလင်းအနေဖြင့် ဆက်၍လိုက်လာဝံ့မည်မဟုတ်ဟု ထင်မှတ်ထား၏။

သို့သော်....

သူထင်မှတ်ထားသလို ဖြစ်မလာချေ။

မေလင်းကား သူ့မအကြောင်း သိထားသူမှန်သမျှကို လူ့လောကမှ အပြီးအပိုင်ရှင်းထုတ်ပစ်ရန် ပိုင်းဖြတ်ထားဟန်တူ၏။

ကို့ချင်းကို အလွတ်မပေးဘဲ နောက်မှဆက်ကြပ်မကွာလိုက်လာလေသည်။

ကြိုးတံတားအလယ်သို့ ကို့ချင်းရောက်သည့်အခါ ကြိုးတံတား၏ တစ်ဖက်စွန်း၌ရပ်နေသော ဖေးယန်ကို လှမ်းမြင်တွေ့လိုက်ရသည်။

ကို့ချင်းစိတ်ထဲ၌ စိုးရိမ်ပူပန်သွား၏။

'ညီမ....ရပ်ကြည့်မနေနဲ့၊ တွားတွားဆီကို မြန်မြန်ပြန်ပြေး၊ မေလင်းက ညီမရဲ့ဘိုးဘိုးကိုသတ်လိုက်ပြီ'

ကို့ချင်းအနေဖြင့် စိုးရိမ်ပူပန်နေသလောက် ဖေးယန်မှာ လွန်စွာ အေးဆေးတည်ငြိမ်လှသည်။

တံတားပေါ် တက်လာ၏။

ကို့ချင်းသည် ကမန်းကတန်းလျှောက်လာပြီး....



'ညီမ...ဘာလို့တံတားပေါ်ကို တက်လာတာလဲ၊ ညီမဘိုးဘိုးကို ဟောဒီဓားနဲ့ မေလင်းကသတ်လိုက်ပြီ၊ အစ်ကိုတို့နှစ်ယောက်ကိုလဲ နှုတ်ပိတ်ဖို့လိုက်လာနေပြီ'

ဖေးယန်က ဘာမျှမပြောဘဲ ကို့ချင်းလက်ထဲမှ ကျောက်စိမ်းဓားကို လှမ်းယူလိုက်၏။

မိုးသည် ပို၍သည်းလာ၏။

လေကလည်း ပို၍ပြင်းလာသည်။

ဖေးယန်သည် ကျောက်စိမ်းဓားကိုယူပြီး ကို့ချင်းကို ဖြတ်ကျော်လျက် မေလင်းထံသို့ လျှောက်သွား၏။

မေလင်းကလည်း ဆက်လက်လျှောက်လာရာ တံတားအလယ်၌ သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်မိကြလေတော့၏။

ဖေးယန်နှင့် မေလင်းတို့ မျက်နှာချင်းဆိုင်ရပ်ရင်း တစ်ယောက်ကိုတစ်ယောက် မမှိတ်မသုန်စိုက်ကြည့်လျက် ရှိနေကြသည်။

ဖေးယန်သည် သိုင်းပညာအခြေခံရှိထားသူဖြစ်ရာ ဘွားအေနှင့်တွေ့ပြီး မြစိမ်းနီလာသိုင်းကွက်ကို ချေဖျက်သည့် တန်ပြန်သိုင်းကွက်များအား ခုနစ်ရက်အတွင်းမှာပင် ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ခဲ့သည်။

ထို့ကြောင့် ကိုယ့်ကိုကိုယ် ယုံကြည်မှုအပြည့်ဖြင့် မေလင်းကို လာရောက်ရင်ဆိုင်ခြင်းပင် ဖြစ်ပေသည်။

မေလင်းကမူ ဖေးယန်ကို လုံးဝအာထင်မကြီးချေ။

ဖေးယန်က ယခုကဲ့သို့ လာရောက်ရင်ဆိုင်ခြင်းကား ကိုယ့်သမ်ချိုင်းကိုယ်ရှာခြင်းဟုသာ မှတ်ယူလေသည်။

'ဟား....ဟား....ဟား....ဟား၊ ညည်းအခုလို ရောက်လာတာကောင်းတယ်၊ ငါ လိုက်ရှာစရာမလိုတော့ဘူးပေါ့'

ပြောရင်း စတင်တိုက်ခိုက်လိုက်လေတော့၏။

ဖေးယန်က ကျောက်စိမ်းဓားဖြင့် ပြန်လည်ခုခံလိုက်သည်။

'ခြိမ်း....'

'ခြိမ်း....'

'ဂျိမ်း....'

ဓားသံလေသံ မိုးခြိမ်းသံများဖြင့် ဝန်းကျင်တစ်ခုလုံး ကမ္ဘာပျက်မည့်အလား ထင်မှတ်ရပေသည်။

ကြိုးတံတားအလယ်မှ မိန်းကလေးနှစ်ယောက်သည် ကမ္ဘာကြီး ဘာဖြစ်နေသည်ကို အရေးမစိုက်နိုင်ကြပေ။

တစ်ယောက်ကိုတစ်ယောက် အလစ်မပေးဘဲ သဲကြီးမဲကြီး တိုက်ခိုက်နေကြ၏။

မိုးကလည်းသည်း....

လေကလည်းတန်....

ကြိုးတံတားကလည်း လှုပ်ယမ်းနေရာ....

သတိတစ်ချက်လစ်သွားသည်နှင့် နက်ရှိုင်းသော ချောက်ကမ်းပါးအောက်သို့ ကျရောက်သွားမှာ သေချာလှသည်။

ကို့ချင်းသည် ဖေးယန်အတွက် စိုးရိမ်ပူပန်စွာ လှမ်းမျှော်ကြည့်၏။



သို့သော်....

မိုးထဲလေထဲ၌ ဘာမျှမသဲကွဲဘဲဖြစ်နေသည်။

ဖေးယန့်ကို သွားရောက်ကူညီရန်လည်း မဖြစ်နိုင်။

စိုးရိမ်ပူပန်ခြင်းကြီးစွာဖြင့် လှမ်းမျှော်ကြည့်ရုံမှအပ သူ ဘာမျှ မတတ်နိုင်။

'ခြိမ်း....ခြိမ်း....ခြိမ်း'

'ဝေါ...'

'ဂျိမ်း....'

သံသံချင်းထိသံ တခြိမ်းခြိမ်းပေါ်ထွက်နေသလို မိုးခြိမ်းသံများကလည်း တဂျိမ်းဂျိမ်းထွက်ပေါ်လျက်ရှိသည်။

ကြိုးတံတားကြီးသည်လည်း ဘယ်ညာ လှုပ်ယမ်းလျက်ရှိရာ ကြိုးတံတားပေါ်မှ လူနှစ်ယောက်ကို သဲကွဲစွာမတွေ့ရတော့ချေ။

မည်သူက ဖေးယန်ဖြစ်ပြီး....

မည်သူက မေလင်းဖြစ်ကြောင်း မည်သို့မျှ ခွဲခြားနိုင်စွမ်းမရှိတော့ချေ။

ကို့ချင်းမှာ စိုးရိမ်ပူပန်စွာနှင့်အတူ မရိုးမရွဖြစ်လာလေ၏။

ထိုစဉ် သူ၏ပခုံးကို တစ်စုံတစ်ယောက်က လာရောက်ဆုပ်ကိုင်သည်။

အသက်ငါးဆယ်ကျော်အရွယ် အဘွားအိုတစ်ဦး ဖြစ်သည်။ ဖေးယန်၏ ဘွားအေပင်တည်း၊

အဘွားအိုက ကို့ချင်းကို နှစ်သိမ့်ပြုံးပြုံးပြကာ....

'ဘာလဲ....မင်းက ဖေးယန်အတွက် စိုးရိမ်နေလို့လား'

ကို့ချင်း ခေါင်းညိတ်ပြလိုက်သည်။

အဘွားအိုက ပြုံးရင်း....

'မပူပါနဲ့ သူငယ်၊ ခုဆိုရင် မေလင်းဟာ သိုင်းကွက်ခြောက်ကွက် အသုံးပြုခဲ့ပြီးပြီ'

အဘွားအိုက မြစိမ်းနီလာ သိုင်းကွက်နှင့်ပတ်သက်၍ ဆက်လက်ရှင်းပြလိုက်သည်။

မြစိမ်းနီလာ သိုင်းကွက်ခြောက်ကွက်အထိ ခံနိုင်သူ သိုင်းလောက၌ ရှားလှ၏။

အကယ်၍ ခြောက်ကွက်အထိ ခံနိုင်သည်ဆိုလျှင် ထိုသူအား ဆက်လက်တိုက်ခိုက်ခြင်း မပြုရန် ကျင်းတိက မှာကြားခဲ့သည်။

မေလင်းသည် ထိုမှာကြားချက်ကို လျစ်လျူပြုပြီး ဆက်လက်တိုက်ခိုက်မည်ဆိုလျှင် မုချ ဒုက္ခရောက်ရပေတော့မည်။

အကြောင်းမှာ....

မြစိမ်းနီလာ၏ သတ္တမသိုင်းကွက်၌ ဟာကွက် ရှိနေသောကြောင့်ပင်....

ထိုဟာကွက်ကို အဘွားအိုက သိထား၏။

ထို့ကြောင့် တန်ပြန်သိုင်းကွက်ကို တီထွင်နိုင်ခဲ့ခြင်းဖြစ်သည်။

ကျင်းတိကိုယ်တိုင်လည်း ထိုအားနည်းချက်ကို သိထားသဖြင့် သိုင်းကွက် ခြောက်ကွက်အထိ ခုခံနိုင်လျှင် ဆက်မတိုက်ရန် အလေးအနက်မှာကြားခဲ့ခြင်း ဖြစ်ပေသည်။

သို့သော် ထိုမှာကြားချက်ကို မေလင်းက ဥပေက္ခာပြုကာ သတ္တမသိုင်းကွက်ကို ထုတ်သုံးလိုက်၏။

ဤတွင် ဖေးယန်က အဘွားအိုထံမှ သင်ယူခဲ့သည့် တန်ပြန်တိုက်ကွက်ဖြင့် တုံ့ပြန်လိုက်ရာ....



'အား....'

စိမ်းလဲ့လဲ့ ဓားရောင်များ ပြိုးပြက်သွားကာ အော်ညည်းသံတစ်သံ ထွက်ပေါ်လာ၏။

တစ်ဆက်တည်းပင် လူရိပ်တစ်ရိပ်သည် တံတားပေါ်မှ ချောက်ထဲသို့ ထိုးကျသွား၏။

ထိုလူရိပ်ကား မေလင်းပင် ဖြစ်ပေတော့သည်။

❖

သဲကြီးမဲကြီး ရွာနေသောမိုးသည် ရုတ်တရက် တိတ်ဆိတ်သွားသည်။

တဝေါဝေါတိုက်ခတ်နေသော လေများလည်း ငြိမ်ကျသွားသည်။

မြင်ကွင်းအားလုံး ပိုပြင်ထင်ရှားလာ၏။

ထိုအခါမှ တံတားပေါ်၌ မားမားမတ်မတ် ရပ်ကျန်နေသူကို ထင်ရှားစွာတွေ့ရတော့သည်။

သူကား ဖေးယန်ပင် ဖြစ်တော့သည်။

'ညီမ'

ကို့ချင်းသည် ဝမ်းသာအားရ အော်ဟစ်ခေါ်ရင်း တံတားပေါ် ပြေးတက်သွားသည်။

ဖေးယန်ကလည်း ကို့ချင်းထံပြေးလာသည်။

ကြိုးတံတားလေးသည် ပုခက်လွှဲသလို လှုပ်ယမ်းနေ၏။

နှစ်ယောက်သား ဆုံမိသည့်အခါ တစ်ယောက်ကို တစ်ယောက် တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားမိလိုက်ကြသည်။

သေတစ်ပန်သက်တစ်ဆုံး လက်တွဲဖြုတ်ကြတော့မည်မဟုတ်။

တံတားထိပ် ကုန်းမြင့်လေးပေါ်မှ ရပ်ကြည့်နေသော အဘွားအိုသည် မြေးမလေးအတွက်ဂုဏ်ယူဝင့်ကြွားမဆုံးအောင် ဖြစ်နေရှာ၏။

နေရောင်ခြည်သည် တိမ်ကြားမှ ထိုးဖောက်ထွက်ပေါ်လာသည်။

ငှက်ကလေးများက လေဟုန်စီးလျက် တေးသီကြသည်။

လောကဓေါဃ ကင်းစင်သော သူတို့ကမ္ဘာလေးသည် ချမ်းမြေ့ကြည်နူးဖွယ်ရာ ကောင်းနေတော့မည်တကား။

( ပြီးပါပြီ )